# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ ပြာသိုလကွယ် ၊ အင်္ဂါနေ့ ၊ (28-1-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၇၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကျေနပ်ဝိသတိမအစည်းအဝေးနှင့် အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၇

အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ ကျေနပ်ဝိသတိမအစည်းအဝေးကို ၁၃၈၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁၊ ၁၂၊ ၁၃၊ ၁၄ ရက်၊ ဖေဖော်ဝါရီ ၂၃၊ ၂၄၊ ၂၅၊ ၂၆ ရက် တနင်္လာနေ့၊ တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၁၊ ၂ ရက်၊ ဖေဖော်ဝါရီ ၂၇၊ ၂၈ ရက် ကြာသပတေး၊ သောကြာနေ့တို့တွင် ကျေနပ်ဝိသတိမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ် တပို့တွဲလပြည့်ကျော် ၁၀ ရက် ဖေဖော်ဝါရီ ၂၂ ရက် စနေနေ့တွင်လည်းကောင်း၊ အဌမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ သတ္တမအစည်းအဝေးကို ၁၃၈၆ ခုနှစ် တပေါင်းလဆန်း ၄၊ ၅၊ ၆ ရက်၊ မတ် ၂၊ ၃၊ ၄ ရက် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့တို့တွင် အစည်းအဝေးများကျင်းပမည်ဖြစ်ရာ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ်တပေါင်းလဆန်း ၃ ရက်မတ် ၁ ရက် စနေနေ့တွင်လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဆေးဝါးများတိုက်ရိုက်ရောင်းချပေး



ရန်ကုန် ဇန်နဝါရီ ၂၇

မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းသည် ဆေးဝါးသုံးစွဲသူပြည်သူများ သင့်တင့်မျှတသောဈေးနှုန်းဖြင့် အဆင်ပြေစွာဝယ်ယူသုံးစွဲနိုင်ရန်နှင့် ဆေးဝါးများ မပြတ်လပ်ရေးအတွက်ရည်ရွယ်၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားမှု၊ နေပြည်တော်ကောင်စီ၏ ပံ့ပိုးမှုတို့ဖြင့် နေပြည်တော် ပျဉ်းမနားမြို့ "မင်္ဂလာကန်တော်ခန်းမ" (မြင်းရုပ်အနီး)၌ "ဒုတိယအကြိမ်မြောက် ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ ဆေးဝါးများ တိုက်ရိုက်ရောင်းချပွဲ"ကို ကျင်းပလျက်ရှိပြီး ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်ထိ

စာမျက်နှာ ၂၂ ကော်လံ ၄

**အိန္ဒိယသမ္မတနိုင်ငံ၏ ၇၆ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်**

စာမျက်နှာ- ၁၆

**နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် လောင်းကစားမှုများအား တားဆီးနှိမ်နင်းရေးဆိုင်ရာအစည်းအဝေး ကျင်းပ**

စာမျက်နှာ- ၁၇




ရတနာပုံ

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်

**အယ်ဒီတာ့အာဘော်**

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကျင်းပနိုင်ရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉) ရပ်တွင် စီးပွားရေးဦးတည်ချက်၌ပါဝင်သည့် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးပါဝင်သည်။ နိုင်ငံ၏စီးပွားရေး ဦးမော့လာစေရန် ဦးစားပေးလုပ်ဆောင်သော လုပ်ငန်းများအနက် MSME လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်လျက်ရှိသည်။ ထိုသို့ MSME လုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အပြင် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါများလာမည်ဖြစ်ပေသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်းစီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း ၈၀ ခန့်ဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး ထုတ်ကုန်အမျိုးအစားများအတွက် ဆုအမျိုးအစား ၃၁ မျိုး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို MSME များ၏ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ်မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်တွင်းမှပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME များပူးပေါင်းဆောင်ရွက်မှုတိုးတက်လာစေပြီး ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ဒေသအလိုက် OROP ဒေသတစ်ခု ထုတ်ကုန်တစ်ခုအောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

ထို့ပြင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ထုတ်လုပ်လျက်ရှိသည့် ဒေသထုတ်ကုန်ပစ္စည်းများအပေါ် အားသာချက်၊ အားနည်းချက်များကိုလေ့လာပြီး လိုအပ်သည်များပြုပြင်နိုင်စေရန်နှင့် ပြိုင်ပွဲကျင်းပခြင်းမှ နိုင်ငံတော်အဆင့် ထုတ်ကုန်အမှတ်တံဆိပ်ရရှိမှုအတွက် မိမိထုတ်ကုန်အမှတ်တံဆိပ်အတွက် အာမခံချက်အရည်အသွေးကို စားသုံးသူများသိရှိခြင်းမှတစ်ဆင့် အကျိုးရလဒ်ရရှိနိုင်စေရန် ပြပွဲနှင့်ပြိုင်ပွဲတွင် ပါဝင်ပြသကြမည့် ဝန်ကြီးဌာနများ၏ ခင်းကျင်းပြသထားရှိမှုများမှတစ်ဆင့် သက်ဆိုင်ရာအေဂျင်စီများ၊ လုပ်ငန်းရှင်များအနေဖြင့် MSME နှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများထံသို့ လိုအပ်သလို ချိတ်ဆက်နိုင်ရေး၊ အဆိုပါဝန်ကြီးဌာနနှင့် ဆက်စပ်အဖွဲ့အစည်းများထံမှ လုပ်ငန်းရှင်များရယူနိုင်မည့် အခွင့်အရေးများ၊ နည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများ စသည့်အခွင့်အလမ်းများရရှိစေရန် ကျင်းပခြင်းလည်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီလျက်ရှိသည့်အပြင် ပြည်သူလူထုအတွက် ထုတ်ကုန်များစွာကို ဒေသအသီးသီးတွင်ရှိသည့် MSME လုပ်ငန်းများက ပိုမိုထုတ်လုပ်ပေးခြင်းဖြင့် နိုင်ငံ့ဝင်ငွေ တိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်ကျင်းပမည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။

# ကျောင်းကုန်းမြို့နယ်တွင် ကုလားပဲများအရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ကုလားပဲများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိကုလားပဲများအဝယ်လိုက်လာပြီး အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း၊ အဆိုပါကုလားပဲများ တစ်ပတ်လျှင် ၁၆ ပြည်ဝင် အိတ်ရေ ၃၅၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ကုလားပဲတွေက အရင်ထက် တော်တော်လေး အရောင်းအဝယ် ဖြစ်လာပါတယ်။ လက်ရှိ အရောင်းအဝယ်လုပ်နေတဲ့ ကုလားပဲတွေက ဆောင်းကာလကျန်တဲ့ ပဲအဟောင်းတွေပါ။ အရောင်းအဝယ်ကောင်းလာတော့ ပဲလုပ်ငန်းနဲ့ ဆက်စပ်တဲ့တွေသူ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာတာတွေ့ရပါတယ်။ လက်ရှိ ဒေသထွက်ပဲတွေကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ ဝယ်ယူမှုအားကောင်းလာတာပါ"ဟု ကျောင်းကုန်းမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ကုလားပဲများအပါအဝင် အခြားပဲများကို စနစ်တကျသန့်စင်ပြီး ဝယ်ယူသည့်ဒေသများကို တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကုလားပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ကျောင်းကုန်းမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးထံမှ သိရသည်။

**ကျော်ကျော်လင်း**

# ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ သွေးစည်းညီညီ တွဲလက်ညီမှ တို့ပြည်ထောင်စု ခိုင်မြဲမည်**

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား တစ်စိတ်တည်းတစ်ဝမ်းတည်း မကွဲပြား ပြည်ထောင်စုရဲ့ နှလုံးသား**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ၇၆ ကြိမ်မြောက် အိန္ဒိယသမ္မတနိုင်ငံတော်နေ့အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့တက်ရောက်




**မန္တလေး ဇန်နဝါရီ ၂၇**

၇၆ ကြိမ်မြောက် အိန္ဒိယသမ္မတနိုင်ငံတော်နေ့ (Republic Day)အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ Golden Duck ခန်းမ၌ ဇန်နဝါရီ ၂၆ ရက် ညနေပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E.Mr. Sundeep Kaushal၊ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် H.E.Ms. Gao Ping နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။

ရေးဦးစွာ နှစ်နိုင်ငံချစ်ကြည်ရေး နိုင်ငံတော်သီချင်းများဖြင့် ဂုဏ်ပြုကာ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး အိန္ဒိယကောင်စစ်ဝန်ချုပ် H.E. Mr. Sundeep-Kaushal က အိန္ဒိယသမ္မတနိုင်ငံတော်နေ့နှင့် ပတ်သက်၍ နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၇၆ ကြိမ်မြောက် အိန္ဒိယသမ္မတ နိုင်ငံတော်နေ့အတွက် ဂုဏ်ပြုစကားနှင့်နှစ်နိုင်ငံကြား ပိုမိုချစ်ကြည်ရင်းနှီးမှုများ ဆတက်ထမ်းပိုးခိုင်မြဲပါစေကြောင်း ဆုမွန်ကောင်းတောင်းစကားများ ပြောကြားပြီးနောက် အိန္ဒိယယဉ်ကျေးမှုအဖွဲ့များက အိန္ဒိယနိုင်ငံ၏ရိုးရာယဉ်ကျေးမှုအကများဖြင့် ဂုဏ်ပြုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းကလည်း မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ရှိ မူလ သိမ်ကျောင်းတော်ကြီးသို့ သွားရောက်ကာ သက်တော်ရှည်ဆရာတော်ကြီး ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်စွာဖြင့် သီတင်းသုံးတော်မူနေမှုကို ကြည့်ရှုဖူးမြော်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်၍ တာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း၊ သက်တော်ရှည်ဆရာတော်ကြီး၏ ဝိဇာယန မွေးနေ့မင်္ဂလာအခမ်းအနားကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် သာသနဟိတကာရီ ဓမ္မဗိမာန်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ရုံးတောကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်း

**မလှိုင် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရုံးတောကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်း လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အကြောင်းအရာများကို ကျေးရွာသို့ ချပြရှင်းလင်းခြင်း၊ နှစ်အလိုက် ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ဒေါ်အေးမိုးခိုင် (ဦးစီးအရာရှိ) က စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီဝင်များ ရွေးချယ်ရာတွင် လိုက်နာရမည့် အချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ကိုးဦးကို မိမိတို့ကျေးရွာအလိုက် အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

ရုံးတောကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကို နိုင်ငံတော်ပံ့ပိုး ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံက သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၇၅ အေလမ်းနှင့် ၁၃၃လမ်းထောင့်နေ ဦးစိုးညွန့် - ဒေါ်နန်းလှထွန်း သမီး နန်းရွှေစင်မိသားစုက ဆွမ်း/ဆေးပဒေသာပင် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏက လက်ခံရယူစဉ်။

# ဘုတလင်မြို့နယ်တွင် ပဲစင်းငုံ ၂၀၅၂၃ ကေရိတ်သိမ်းပြီးစီး တစ်ကေလျှင် ၁၇ ဒသမ ၄၃ တင်းထွက်ရှိ



**ဘုတလင် ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ပဲစင်းငုံ ၂၀၅၂၃ ကေရိတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၇ ဒသမ ၄၃ တင်းထွက်ရှိကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဘုတလင်မြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၄၄၈၇ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၀၅၂၃ ကေ ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဘုတလင်မြို့နယ်မှာ မိုးသီးနှံ စိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၃၄၄၈၇ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေ လက်ရှိရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၂၀၅၂၃ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ် အနေနဲ့လည်း စိုက်ပျိုးကြပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည် ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **(၂၀၆)**

# ကြံခင်းမြို့နယ် လယ်ကြီးကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြံခင်း ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လယ်ကြီးကွင်းကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရ သည်။

ရှေးဦးစွာ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက လယ်ကြီးကွင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၈ဦးကို ငွေကျပ်၄၁ဒသမ ၃သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကျားပျံစပါးတင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ကျားပျံစပါးတင်းရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီကပြောသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ကျားပျံစပါးအမျိုးအစား တင်းရေ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလ ၁ ရက်မှ ၃၁ ရက်ထိ ကျားပျံစပါးအမျိုးအစား တင်းရေ ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရ သည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ကျားပျံစပါးတင်းရေ၆၆၀၀၀ထိ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ စပါးတွေ၊ဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ကျားပျံစပါးအမျိုးအစားက အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲ့ဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေလို့ အရောင်းအဝယ် ကောင်းခဲ့တာဖြစ်ပါတယ်။ ကျားပျံစပါးအမျိုးအစားကို ရန်ကုန်ဈေးကွက်က ဇန်နဝါရီလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်'' ဟု ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါးအမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၈၅၀၀၀၀ ထိပေါက်ဈေးရှိကြောင်း ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မြေဆီလွှာနှင့် မြေဩဇာ (အပိုင်း-၂၃)

**ပါမောက္ခကိုကိုအောင်**



မြေဆီလွှာအတွင်းရှိ ဇက်တီးရီးယားတို့၏ ဆောင်ရွက်ချက် အဖုံဖုံကြောင့် နိုက်ထရိုဂျင်က အဆင့်ဆင့်ပြောင်းလဲသွားပုံမှာ ရှုပ်ထွေးလှသော်လည်း ထိုသို့သော ဆင့်ကဲပြောင်းလဲမှုက အလွန်ပင်အရေးကြီးလှသည်။ နိုက်ထရိုဂျင်ပြောင်းလဲမှု အဆင့်ဆင့်သည် တစ်ဆက်တစ်စပ်တည်းမဟုတ်ဘဲ တစ်နေရာရာ၌ ပြတ်တောက်သွားခဲ့သည်ရှိသော် အပင်တွင် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လာသည်။ ထိုကဲ့သို့ နိုက်ထရိုဂျင် ဆင့်ကဲပြောင်းလဲမှုများက အလျဉ်မပြတ် တစ်ဆက်တစ်စပ်တည်း ရှိနေစေရေးမှာ မြေဆီလွှာအတွင်းရှိ ဇက်တီးရီးယားမျိုးစုံတို့၏ ကြိုးစား လုပ်ကိုင်ဆောင်ရွက်နေမှုများအပေါ် လုံးလုံးလျားလျား တည်မှီနေသည်ဖြစ်၍ စိုက်ပျိုးရေး လုပ်သားများနှင့် တောင်သူလယ်သမားတို့က မြေတွင်းဇက်တီးရီးယားများ ကောင်းစွာအလုပ်လုပ်ကိုင်နိုင်စေမည့် အခြေအနေကောင်းများကို ဖန်တီးပေးကြရန်လိုအပ်သည်။

လေထုထဲက နိုက်ထရိုဂျင်သည် အပင်ထဲသို့လည်းကောင်း၊ အပင်ထဲမှတစ်ဆင့် မြေဆီလွှာထဲသို့လည်းကောင်း၊ မြေဆီလွှာထဲမှတစ်ဖန် အပင်ထဲသို့လည်းကောင်း လှည့်ပတ်လျက်ရှိနေမှုမှာ မည်သည့်အဆင့်တွင်မျှ ပြတ်တောက်ခြင်းမရှိဘဲ စဉ်ဆက်မပြတ် လည်ပတ်နေရမည်ဖြစ်သည်။ ထိုကဲ့သို့ လည်ပတ်နေစေရန်အတွက် ဇက်တီးရီးယားတို့ကို ကြပ်မတ်ထိန်းသိမ်းပေးရန်လိုသည်။ ဇက်တီးရီးယားတို့ကို ကြပ်မတ်ထိန်းသိမ်းပေးနေခြင်းသည် စိုက်ပျိုးမြေဆီလွှာကို မြေဩဇာထက်သန်ကောင်းမွန်လာအောင် ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်သည်။

မြေဆီလွှာအတွင်းရှိ သက်ရှိတို့၏အကြောင်းကို လေ့လာသုတေသနပြုခြင်းသည် မြေဆီလွှာဆိုင်ရာ သိပ္ပံပညာကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်သလို လက်တွေ့ကျသော စိုက်ပျိုးရေးသိပ္ပံပညာကိုပါ ပိုမိုထိရောက်အောင် ပံ့ပိုးပေးနေခြင်းလည်းမည်ပေသည်။ မြေဆီလွှာ၏အကြောင်းကိုထဲထဲဝင်ဝင်သိလာသည်နှင့်အမျှ ကောက်ပဲသီးနှံများရှင်သန်ဖွံ့ဖြိုးလာစေရန်အတွက် မြေဆီလွှာကိုပြုပြင်ပေးခြင်းသည် အသင့်လျော်ဆုံးနည်းလမ်းဖြစ်ကြောင်းကိုလည်း သဘောပေါက်လာစေမည်ဖြစ်သည်။

မြေဆီလွှာကို ပြုပြင်ပေးနေခြင်းသည် မြေဆီလွှာအတွင်း၌ ရှိနေကြသော သက်ရှိမှန်သမျှတို့အတွက်ပါ အထူးပင် သင့်လျော်လှသောကြောင့် မြေတွင်းသက်ရှိများဖြစ်သော ဇက်တီးရီးယားမျိုးစုံတို့ကလည်း အဆင့်အတန်းမြင့်သော အပင်များအတွက် ကောင်းကျိုးများစွာကို ဖြစ်ထွန်းစေလိမ့်မည်ဖြစ်သည်။

ကမ္ဘာ့မြေဆီလွှာ ဖြစ်ပေါ်လာပုံကိုနောက်ကြောင်းပြန် ဆန်းစစ်ကြည့်မည်ဆိုပါက ကျောက်ဆောင်ကျောက်ခဲကြီးများက တဖြည်းဖြည်း ကြေမွသွားရာမှတစ်ဆင့် မြေဩဇာဖွံ့ဖြိုးပြီး ကောက်ပဲသီးနှံများ ပေါက်ရောက်ရှင်သန် ဖြစ်ထွန်းနိုင်သော မြေဆီလွှာအဖြစ်သို့ ပြောင်းလဲသွားသည့်ဖြစ်စဉ်ကြီးကို တွေးဆမိကြလိမ့်မည်ဖြစ်သည်။ ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသော အင်အားစုများကြောင့် မြေဆီလွှာအမျိုးအစားများ ကွဲပြားဖြစ်ပေါ်လာပုံကိုလည်း သတိပြုမိကြလိမ့်မည်ဖြစ်သလို မြေမှုန့်အမျိုးမျိုးတို့၏ ဂုဏ်သတ္တိများနှင့် မြေဆီလွှာထဲ၌ ပေါက်ဖွားရှင်သန်နေသော မြေတွင်းသက်ရှိများ၏ စွမ်းပကားကိုလည်း အသိအမှတ်ပြုကြပြီးသား ဖြစ်ပေလိမ့်မည်။ ထိုအချက်များအားလုံးသည် မြေဆီလွှာထဲရှိ မြေဩဇာနှင့် သက်ဆိုင်နေပြီး မြေဩဇာကောင်းမွန်ထက်သန်ရေးမှာ မည်ရွေ့မည်မျှ အရေးကြီးကြောင်းကိုလည်း သဘောပေါက်ကြလိမ့်မည်ဖြစ်သည်။

စိုက်ပျိုးပေါက်ရောက်နေသော အပင်များက မြေဆီလွှာထဲမှ အစာထုတ်ယူသုံးစွဲပုံ သုံးစွဲနည်းများမှာ ၎င်းမြေဆီလွှာ၏ မြေဩဇာထက်သန်ကောင်းမွန်နေမှုနှင့် များစွာဆက်စပ်လျက်ရှိနေသည်။ အပင်များက အောက်ဆီဂျင်၊ ဟိုက်ဒရိုဂျင်နှင့် ကာဗွန်တို့ကို လေထဲမှလည်းကောင်း၊ ရေထဲမှလည်းကောင်း ရရှိကြသည်။ လေနှင့်ရေတို့သည် အပင်များအတွက် အလျှံအပယ်ရနိုင်သောအရာများ ဖြစ်သည်နှင့်အညီ မြေဆီလွှာထဲရှိ ဒြပ်စင်များကသာလျှင် အပင်တို့အတွက် အလွန်အရေးကြီးသည်မှာ ထင်ရှားလှသည်။ မြေဆီလွှာထဲရှိ ဒြပ်စင်များဖြစ်ကြသော နိုက်ထရိုဂျင်၊ ဖော့စဖရတ်၊ ပိုတက်ဆီယမ်တို့ကို အပင်တို့က မည်သို့မည်ပုံ ရရှိကြသည်။ သိရှိကြမည်ဆိုလျှင် မြေဆီလွှာထဲ၌ မြေဩဇာ ထာဝစဉ်ထက်သန်ကောင်းမွန်နေအောင် ထိန်းသိမ်းရမည့်နည်းလမ်းများကို လက်တွေ့ကျင့်သုံးနိုင်ကြမည်ဖြစ်သည်။

သက်ရှိချင်းတူသော်လည်း အပင်တို့သည် တိရစ္ဆာန်များကဲ့သို့ တစ်နေရာမှတစ်နေရာသို့ လွတ်လပ်စွာ ရွှေ့ပြောင်းသွားလာနိုင်ခြင်းမရှိဘဲ နေရာတစ်ခု၌သာ စွဲမြဲပေါက်ရောက်နေကြသည်ဖြစ်၍ အပင်ရှိရာ ပတ်ဝန်းကျင်တွင် အပင်စာများက အချိန်တိုအတွင်း၌ပင် ကုန်ခန်းသွားဖွယ်ရာရှိနေသည်။ အပင်၏အမြစ်များသည် မြေဆီလွှာထဲမှ လေ၊ ရေနှင့် အစာတို့ကို ရှာဖွေစုပ်ယူသုံးစွဲနိုင်အောင် ၎င်းတို့၏အမြစ်များက လိုအပ်နေသော အစာအာဟာရများ ဖြစ်ပေါ်တည်ရှိရာ နေရာများမှ အပင်ထဲသို့ သယ်ယူပို့ဆောင်ပေးမည့် အရာတစ်ခုကို လိုအပ်သည်။ ထိုအရာသည်ကား ရေပင်ဖြစ်သည်။ မြေတွင်းရေများသည် အပင်စာများကို အပင်၏အမြစ်များဆီသို့ သယ်ယူပို့ဆောင်ပေးလျက် ရှိနေကြသည်။

မြေဆီလွှာထဲ၌ ရေအလုံအလောက်ရှိနေသည်ဆိုပါက အပင်အတွက်လည်း အပင်စာအလုံအလောက် ရရှိနေမည်သာဖြစ်သည်။ အပင်၏အမြစ်များက စုပ်ယူသုံးစွဲနိုင်ရန်အတွက် ရေထဲတွင် အသင့်ပျော်ဝင်နေသော အပင်စာများသည် ၎င်းရေကြောင့်ပင် အပင်၏အမြစ်များဆီသို့ ရောက်ရှိလာရသည်။ အပင်စာများပျော်ဝင်နေသော မြေတွင်းရေများသည် မြေဆီလွှာအတွင်း၌ တစ်နေရာမှတစ်နေရာသို့ လှည့်ပတ်စီးဆင်းနေခြင်းကြောင့် နေရာတစ်ခုတည်း၌ စွဲစွဲမြဲမြဲ ပေါက်ရောက်ရှင်သန်နေသော အပင်များထံသို့ အလှမ်းဝေးရာနေရာမှ အပင်စာများက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာရသည်။

အပင်တို့သည် ပရိုတိုပလာဇမ်ပါရှိသော ဆဲလ်များဖြင့် ပြည့်နှက်နေကြပြီး ထိုဆဲလ်တစ်ခုစီ၏ ပတ်ပတ်လည်၌ အခွံ သို့မဟုတ် အကာအရံတစ်ခုက

**❖ကမ္ဘာ့မြေဆီလွှာဖြစ်ပေါ်လာပုံကိုနောက်ကြောင်းပြန် ဆန်းစစ်ကြည့်မည်ဆိုပါက ကျောက်ဆောင်ကျောက်ခဲကြီးများက တဖြည်းဖြည်း ကြေမွသွားရာမှတစ်ဆင့် မြေဩဇာဖွံ့ဖြိုးပြီး ကောက်ပဲသီးနှံများ ပေါက်ရောက်ရှင်သန်ဖြစ်ထွန်းနိုင်သော မြေဆီလွှာအဖြစ်သို့ပြောင်းလဲသွားသည့်ဖြစ်စဉ်ကြီးကို တွေးဆမိကြလိမ့်မည်ဖြစ်သည်။ ပြောင်းလဲမှုများကိုဖြစ်ပေါ်စေသော အင်အားစုများကြောင့် မြေဆီလွှာအမျိုးအစားများ ကွဲပြားဖြစ်ပေါ်လာပုံကိုလည်း သတိပြုမိကြလိမ့်မည်ဖြစ်သလို မြေမှုန့်အမျိုးမျိုးတို့၏ ဂုဏ်သတ္တိများနှင့် မြေဆီလွှာထဲ၌ ပေါက်ဖွားရှင်သန်နေသော မြေတွင်းသက်ရှိများ၏ စွမ်းပကားကိုလည်း အသိအမှတ်ပြုကြပြီးသား ဖြစ်ပေလိမ့်မည်။ ❖**

ဆန့်ထွက်ရှည်လျားလာနိုင်ကြသည့်တိုင် အပင်၏ သက်တမ်းတစ်လျှောက်အစာကိုလုံလုံလောက်လောက် ရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်း မရှိကြပေ။

အပင်၏အမြစ်များသည် မြေဆီလွှာထဲရှိ မရေမတွက်နိုင်အောင် များပြားလှသော မြေမှုန့်ငယ်အားလုံးထဲသို့လည်းကောင်း၊ အဆိုပါ မြေမှုန့်ငယ်များ၏ မျက်နှာပြင်အနှံ့အပြားသို့လည်းကောင်း မရောက်ရှိနိုင်ကြပေ။ ထို့ကြောင့်ပင် အပင်တို့အတွက် ဖုံးအုပ်လျက်ရှိနေသည်။ အပင်စာများသည် ပရိုတိုပလာဇမ်အဖြစ်သို့ ပြောင်းလဲခြင်းမပြုမီ ဆဲလ်၏ အကာအရံကို ဖောက်ထွင်းဝင်ရောက်ရန် လိုအပ်သည်။ အပင်၏အမြစ်မွှားများတွင်ရှိသော ဆဲလ်တို့၏ အကာအရံများသည် ပြင်ပမှအစာများက အတွင်းသို့ ဝင်ရောက်ခြင်းကိုသာခွင့်ပြုပြီး ဆဲလ်အတွင်းမှ အစာများအပါအဝင် မည်သည့်အရာကိုမျှ ပြင်ပသို့ ထွက်သွားခြင်းကို ခွင့်မပြုကြပေ။

## မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၈၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၂၈၅၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြောင်းမြမြို့နယ်တွင် စားဖိုဆောင်သီးနှံ လျာထား ၄၈၈၅ ဧကကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စားဖိုဆောင်သီးနှံ ၂၈၅၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စားဖိုဆောင်သီးနှံလျာထား ၄၈၈၅ ဧက အပါအဝင် ဆောင်းသီးနှံများ အားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်သည့်ဌာနများနှင့် ဒေသခံတောင်သူများ စနစ်တကျ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

''ဆောင်းသီးနှံတွေ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ အခု ဆောင်းသီးနှံ စိုက်ပျိုးရာသီ မြောင်းမြမြို့နယ်မှာ စားဖိုဆောင်သီးနှံ လျာထား ၄၈၈၅ ဧကစိုက်ပျိုးနေပါတယ်။ ဒီနေ့ထိ ၂၈၅၅ ဧက စိုက်ပျိုးထားပြီးဖြစ်ပါတယ်။ စိုက်ပျိုးတဲ့သီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးတဲ့ လုပ်ငန်းတွေကို ကြိုတင်ဆောင်ရွက်ပေးထားပါတယ်''ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အဆိုပါ စားဖိုဆောင်သီးနှံများတွင် ငရုတ်၊ မုန်ညင်း၊ ချဉ်ပေါင်၊ ဂေါ်ဖီ၊ နံနံ၊ မုန်လာ၊ ခရမ်း၊ သခွား၊ သင်္ဘော၊ ကန်စွန်း၊ ကြက်ဟင်းခါးသီး၊ ပဲပုစွန် စသည့်သီးနှံများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ စားဖိုဆောင်သီးနှံစိုက် တောင်သူများအနေဖြင့် သီးနှံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက စားသုံးမှုဖူလုံသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး အကျိုးစီးပွားပိုမိုဖြစ်ထွန်းနိုင်မည်ဖြစ်ရာ စားဖိုဆောင်သီးနှံများ ပိုမိုတိုးချဲ့စိုက်ပျိုး နိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၂၅၆ ဧက စိုက်ပျိုးပြီးစီး



တမူး ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၂၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၂၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၂၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဆောင်းသီးနှံစိုက်ပျိုးရာသီ တမူးခရိုင်မှာ ဖူးစားပြောင်း ၁၀၂၅ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့ထိ ၁၂၅၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ပြီး ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေးအတွက် အသိပညာပေးဆောင်ရွက်နေပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မြို့နယ်အလိုက် ဖူးစားပြောင်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၂၈၀၊ တမူးမြို့နယ်တွင် ၃၇၉ ဧကနှင့် ခါမ်းပါတ်မြို့တွင် ၅၉၇ ဧက စုစုပေါင်း ၁၂၅၆ ဧက တို့ဖြစ်ကြောင်း၊ မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မြို့သစ်မြို့နယ်တွင် ဧက ၂၅၀၊ တမူးမြို့နယ်တွင် ဧက ၃၅၀ နှင့်ခါမ်းပါတ်မြို့တွင် ၄၂၅ ဧက စုစုပေါင်း ၁၀၂၅ ဧက တို့ဖြစ်ကြောင်း သိရသည်။

တမူးခရိုင်တွင် ဖူးစားပြောင်း စိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ပိုးမွှားအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာအသိပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဖူးစားပြောင်း စိုက်ပျိုးရာတွင် ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းသီးနှံများကို အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက စားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာနိုင်မည်ဖြစ်ရာ ဖူးစားပြောင်းသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

## ညောင်တုန်းမြို့နယ်မှထွက်ရှိသော ကွမ်းသီးခြောက်များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

ညောင်တုန်း ဇန်နဝါရီ ၂၇

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ထွက်ရှိသော ကွမ်းသီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ထွက်ရှိသော ကွမ်းသီးခြောက်များ ဇန်နဝါရီလ ပထမပတ်မှ ယနေ့ထိ ရန်ကုန်ဈေးကွက်မှ ဝယ်ယူအား ကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသမှထွက်ရှိသော ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ညောင်တုန်းမြို့နယ်ဘက်က ထွက်တဲ့ ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအား ကောင်းနေတာပါ။ ဒီဘက်ကနေ ထွက်တဲ့ ဒေသထွက်ကွမ်းသီးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ ကွမ်းသီးခြောက်တွေက အရင်က ထက် ရှားလာပါပြီ။ ဒါကြောင့် ကွမ်းသီးခြောက်တွေက အဝယ်လိုက်နေတာ ဖြစ်ပါတယ်။ ကွမ်းသီးခြောက်က အခုအချိန်မှာ အရောင်းအဝယ် အဖြစ်ဆုံးပါ။ ကွမ်းသီး အရောင်းအဝယ်တွေ ကောင်းလာတော့ လုပ်သားတွေ၊ လုပ်ငန်းရှင်တွေနဲ့ အဓိကစိုက်ပျိုးရေးလုပ်ငန်းရှင်တွေ၊ လုပ်ငန်းအခွင့်အလမ်းကောင်းလာပါတယ်။ ညောင်တုန်းမြို့နယ်ဘက်ကထွက်တဲ့ ကွမ်းသီးတွေက အရည်အသွေးကောင်းမွန်ပါတယ်"ဟု ညောင်တုန်းမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူအောင်က ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ကွမ်းသီး ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဒေသထွက် ကွမ်းသီးအစိမ်းများကိုဝယ်ယူပြီး ရောင်းတန်းဝင်သည့် အနေအထားထိ အခြောက်ခံထား၍ ပြန်လည်ဖြန့်ဖြူး ရောင်းချနေကြောင်း၊ အဆိုပါဒေသမှ ကွမ်းသီးစိမ်း၊ ကွမ်းသီးနု၊ ကွမ်းသီးခြောက်များ ထွက်ရှိပြီး ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

## တောအလှူပွဲ

- ငွေနှင်းမှုန် ရှစ်ခွင်သိုင်း
ရွှေရောင်ဝိုင်း စပါးခင်းတွေ၊
စိန်ရွှေငွေ ရတနာထက်
ပေါ်များလျက်ပေ။

- ကျီစယ်ကစား မြောက်လေပြည်
တိမ်ညိုတွေ ထွက်ပြေး၊
လင်းအာရုံ နံနက်ခင်း
လယ်ကွင်းပြင်အေး။

- တံစဉ်ကိုင် သီဆိုကြွေးလို့
ငခွေးတို့ မိတ်ပေါင်းအဖော်၊
ထမင်းထုပ် ကိုယ်စီဆွဲ
လယ်ထဲမှာပျော်။

- တောင်သူကြီး ကန်သင်းပေါ်
လယ်တော်ရှင် ပူဇော်ပွဲ၊
လက်ဖက်ရည် အုန်းငှက်ပျော
ရောနှောဆင်နွှဲ။

- သီးနှံတွေ အထွက်ကဲတော့
ပြုံးပျော်မြဲ တောင်သူ၊
ရင်ထဲဝယ် ဒါနပန်း
ပွင့်လန်းမွှေးကြူ။

- သားရှင်ပြု ကုသိုလ်ယူ
အလှူတော်ရက်မြတ်ရွေး၊
ရွာထဲဝယ် ကာလသားတစ်သိုက်
အားစိုက်ကူပေး။

- စည်ပြောသံ နရီတေးနဲ့
ညှော်ခံကျွေး ဟင်းမျိုးစုံ၊
ကူသူကူ စားသူစား
စည်ကားရိပ်မြုံ။

- သဒ္ဓါတရား ထက်သန်ပုံ
ပြောမကုန် တောအလှူပွဲ၊
အိမ်တိုင်းဝယ် မီးခိုးတိတ်
စိတ်တူဆင်နွှဲ။ ။

ချစ်သက်(မြန်မာစာ)

## နိုင်ငံတကာ သတင်းများ

# ဘီလာရုစ်သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတလူကာရှန်ကို အနိုင်ရရှိထား

**မင့်စ် ဇန်နဝါရီ ၂၇**

ဘီလာရုစ်သမ္မတရွေးကောက်ပွဲ၌ လက်ရှိသမ္မတ အလက်ဇန်းဒါး လူကာရှန်ကို ထပ်မံအနိုင်ရရှိထားကြောင်း ဘီလာရုစ်ရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပခဲ့သော ဘီလာရုစ်သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ လူကာရှန်ကို ထောက်ခံသူ ၈၆ ဒသမ ၈ ရာခိုင်နှုန်းရရှိထားကြောင်း ဘီလာရုစ်ရွေးကောက်ပွဲကော်မရှင် ကြေညာချက်၌ ဖော်ပြထားသည်။

ဘီလာရုစ်ရွေးကောက်ပွဲ ကော်မရှင်၏ အဆိုပါကြေညာချက်တွင် သမ္မတလူကာရှန်ကိုအနေဖြင့် ၎င်း၏အုပ်ချုပ်မှုသက်တမ်းကို ၃၁ နှစ်ထိ ဆန့်ထုတ်နိုင်မည်ဖြစ်သည်။




ဘီလာရုစ်သမ္မတရွေးကောက်ပွဲတွင် လူကာရှန်ကိုနှင့်အတူ သမ္မတလောင်းလေးဦး ပါဝင်ယှဉ်ပြိုင်ခဲ့သော်လည်း မည်သည့်သမ္မတလောင်းကမျှ လူကာရှန်ကိုကို စိန်ခေါ်နိုင်မှုမရှိခဲ့ကြောင်း သိရသည်။

သို့ရာတွင် ဘီလာရုစ်သမ္မတရွေးကောက်ပွဲကို တရားမျှတမှုမရှိသောရွေးကောက်ပွဲအဖြစ် ဘီလာရုစ်အတိုက်အခံများနှင့် အနောက်အုပ်စုနိုင်ငံများက ပြောကြားထားသည်။

ဘီလာရုစ်သမ္မတ လူကာရှန်ကိုသည် ရုရှားသမ္မတ ပူတင်၏ အဓိက ဥရောပမဟာမိတ်တစ်ဦးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# တောင်ကိုရီးယားသမ္မတယွန်ဆွတ်ယိုးကို အစိုးရပုန်ကန်မှုဖြင့် တရားဝင်တရားစွဲဆို




**ဆိုးလ် ဇန်နဝါရီ ၂၇**

တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးကို အစိုးရပုန်ကန်ရန် ကြိုးပမ်းမှုဖြင့် တောင်ကိုရီးယားအစိုးရရှေ့နေများက ဇန်နဝါရီ ၂၆ ရက်တွင် တရားဝင်တရားစွဲဆိုခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၃ ရက်တွင် စစ်အုပ်ချုပ်ရေးဥပဒေကြေညာပြဋ္ဌာန်းရန် ကြိုးပမ်းခဲ့ပြီးနောက် အစိုးရကို ပုန်ကန်ရန်ကြိုးပမ်းမှုစွပ်စွဲချက်များဖြင့် ရင်ဆိုင်ခဲ့ရသည်။

အစိုးရပုန်ကန်ရန် ကြိုးပမ်းမှုကို ဦးဆောင်သူအဖြစ် စွပ်စွဲခံထားရသူ သမ္မတ ယွန်ဆွတ်ယိုးကို အစိုးရပုန်ကန်ရန် ကြိုးပမ်းမှုဖြင့် တရားစွဲရန် ဆုံးဖြတ်ခဲ့ကြောင်း တောင်ကိုရီးယားအစိုးရ ရှေ့နေများက ပြောကြားခဲ့သည်။

အစိုးရပုန်ကန်ရန် ကြိုးစားမှုသည် တောင်ကိုရီးယားသမ္မတများ ရှောင်ရှားနိုင်မှုမရှိသည့် ရာဇသတ်စွဲချက်အနည်းငယ်ထဲတွင် အပါအဝင်ဖြစ်သည်။

အကယ်၍ ပြစ်မှုထင်ရှားခဲ့ပါက တောင်ကိုရီးယားသမ္မတ ယွန်ဆွတ်ယိုးအနေဖြင့် ထောင်ဒဏ်တစ်သက် သို့မဟုတ် သေဒဏ်ထိ ကျခံရဖွယ်ရှိသည်။

သမ္မတယွန်ဆွတ်ယိုးကို အစိုးရပုန်ကန်မှုဖြင့် တရားစွဲမည့်အစီအစဉ်ကို ယွန်ဆွတ်ယိုး၏ အကျိုးဆောင်ရှေ့နေများက ဝေဖန်ကန့်ကွက်ထားကြသော်လည်း အဓိကအတိုက်အခံပါတီဖြစ်သည့် ဒီမိုကရက်တစ်ပါတီက ထောက်ခံထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# အမေရိကန်သမ္မတဒေါ်နယ်ထရန့်နှင့် ဗြိတိန်ဝန်ကြီးချုပ်ကီရာစတမ်မာတို့ ဖုန်းခေါ်ဆိုဆွေးနွေး





**လန်ဒန် ဇန်နဝါရီ ၂၇**

အမေရိကန်သမ္မတသစ် ဒေါ်နယ်ထရန့်နှင့် ဗြိတိန်ဝန်ကြီးချုပ် ကီရာစတမ်မာတို့သည် ဇန်နဝါရီ ၂၆ ရက်က ဖုန်းခေါ်ဆိုဆွေးနွေးခဲ့သည်။

ဇန်နဝါရီ ၂၆ ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် ဗြိတိန်ဝန်ကြီးချုပ်နှင့်အမေရိကန်သမ္မတတို့ကမကြာမီကာလအတွင်း လူချင်းတွေ့ဆုံဆွေးနွေးရန် သဘောတူခဲ့ကြကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

ယင်းအပြင် အမေရိကန်နိုင်ငံနှင့် ဗြိတိန်တို့ကြား နှစ်နိုင်ငံဆက်ဆံရေးအရေးကြီးပုံကိုလည်း ဒေါ်နယ်ထရန့်နှင့် ကီရာစတမ်မာတို့က အလေးအနက်ထားဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဗြိတိန်သည် တုံ့ဆိုင်းနေသော စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို မြှင့်တင်ရန်ကြိုးပမ်းနေရပြီး အမေရိကန်ကုမ္ပဏီကြီးများ၏ ရင်းနှီးမြှုပ်နှံမှုများကို မျှော်လင့်ထားသည်။

အမေရိကန်သမ္မတရာထူးရယူပြီးနောက်ပိုင်း ပထမဆုံးပြည်ပခရီးစဉ်မှာ ဆော်ဒီအာရေဗျ သို့မဟုတ် ဗြိတိန်ဖြစ်နိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောကြားထားသည်။

ယခင်အမေရိကန်သမ္မတများသည် သမ္မတရာထူးရယူပြီး ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ဗြိတိန်ကို ရွေးချယ်လေ့ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ကာစီနိုလုပ်ငန်းတရားဝင်ခွင့်ပြုမည့်အစီအစဉ် ထိုင်းပြည်သူအများစုဆန့်ကျင်

**ဗန်ကောက် ဇန်နဝါရီ ၂၇**

ကာစီနိုလောင်းကစားရုံများနှင့် အွန်လိုင်းလောင်းကစား လုပ်ငန်းများအား တရားဝင်ခွင့်ပြုမည့် ထိုင်းအစိုးရ၏ အစီအစဉ်ကို ပြည်သူအများစုက လိုလားမှုမရှိကြကြောင်း ဇန်နဝါရီ ၂၆ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်ဦးဆောင်သည့် ထိုင်းအစိုးရအဖွဲ့သည် ကာစီနိုလုပ်ငန်းနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများအား တရားဝင်လုပ်ငန်းလည်ပတ်ခွင့်ပေးထားသည့် ဥပဒေကြမ်းတစ်ရပ်ကို ယခုလအတွင်း အတည်ပြုထားသည်။

သို့ရာတွင် အမျိုးသားဖွံ့ဖြိုးရေးအင်စတီကျူက ပြုလုပ်ခဲ့သော လူထုသဘောထား စစ်တမ်းကောက်ခံချက် ရလဒ်များအရ အဆိုပါဥပဒေကြမ်းကို ထိုင်းပြည်သူအများစုက ဆန့်ကျင်ခဲ့သည်။

လူထုသဘောထား စစ်တမ်းကောက်ခံချက် ရလဒ်များအရ စစ်တမ်းကောက်ခံချက်တွင် ပါဝင်သူ ၆၉ ရာခိုင်နှုန်းတို့က ဆန့်ကျင်ထားကြောင်း အမျိုးသားဖွံ့ဖြိုးရေးအင်စတီကျူ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ကာစီနိုလုပ်ငန်းနှင့် အွန်လိုင်းလောင်းကစား လုပ်ငန်းများကို တရားဝင်လည်ပတ်ခွင့် ပေးခြင်းဖြင့် ထိုင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်း အားကောင်းလာနိုင်ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုများကို စွဲဆောင်နိုင်မည်ဖြစ်ကြောင်း ထိုင်းအစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

ထိုင်းနိုင်ငံသည် နိုင်ငံတော်က ဖွင့်လှစ်ထားသည့် မြင်းပြိုင်ပွဲများနှင့် ထီလုပ်ငန်းကိုသာ တရားဝင်လောင်းကစား လုပ်ငန်းအဖြစ် ခွင့်ပြုထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဂျီဂျူလေကြောင်းလိုင်းခရီးသည်တင်လေယာဉ်ပျက်ကျမှု ပဏာမစုံစမ်းစစ်ဆေးရေး အစီရင်ခံစာပေါ်ထွက်

**ဆိုးလ် ဇန်နဝါရီ ၂၇**

ဂျီဂျူ လေကြောင်းခရီးသည်တင်လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးရေးလုပ်ငန်း ပဏာမအစီရင်ခံစာကိုတောင်ကိုရီးယားအစိုးရက ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဂျီဂျူ လေကြောင်းလိုင်းခရီးသည်တင်လေယာဉ်သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် မူအန်လေဆိပ်သို့ဆင်းသက်စဉ် ပျက်ကျခဲ့ရာ လိုက်ပါလာသူ၁၈၁ ဦးအနက် ၁၇၉ ဦးသေဆုံးခဲ့ရသည်။

ယနေ့တွင်ပေါ်ထွက်လာသည့် ပဏာမ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာအရ ပျက်ကျခဲ့သော ဘိုးအင်း ၇၃၇-၈၀၀ အမျိုးအစား ခရီးသည်တင်လေယာဉ်၏ အင်ဂျင်နှစ်လုံးတွင် ဘဲငန်းများ၏ မျိုးဗီဇအခြေခံမော်လီကျူးများတွေ့ရှိရကြောင်း သိရသည်။

သို့ရာတွင် ဘဲငန်းငှက်အုပ်နှင့် ဝင်တိုက်မိခဲ့ခြင်းကြောင့် မူအန်လေဆိပ်သို့အဆင်း၌ ယင်းလေယာဉ်ပျက်ကျခဲ့ရခြင်း ဟုတ်၊ မဟုတ်ကို အစီရင်ခံစာ၌ ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

ဂျီဂျူခရီးသည်တင်လေကြောင်းလိုင်း ခရီးသည်တင်လေယာဉ်ပျက်ကျမှုကို တောင်ကိုရီးယား၊ အမေရိကန်နှင့် ပြင်သစ်ကျွမ်းကျင်သူများ ပူးပေါင်းစုံစမ်းစစ်ဆေးနေခြင်းဖြစ်သည်။

အဆိုပါခရီးသည်တင်လေယာဉ်သည် မူအန်လေဆိပ်၌ ပျက်မကျမီ ငှက်အုပ်များဖြင့် ဝင်တိုက်ခဲ့ဖွယ်ရှိကြောင်း ကျွမ်းကျင်သူအချို့က ယူဆထားသည်။


Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## ဝေရက်တောင်ထက် အဆပေါင်းများစွာပိုမြင့်မားသော ကမ္ဘာမြေအောက်တောင်ကြီးနှစ်လုံးကို ဆွီဒင်သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ






**စတော့ဟုမ်း ဇန်နဝါရီ ၂၇**

ဝေရက်တောင်ထက် အဆပေါင်းများစွာပိုမြင့်မားသော ကမ္ဘာမြေအောက်တောင်ကြီးနှစ်လုံးကို ဆွီဒင်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇန်နဝါရီ ၂၆ ရက်သတင်းများအရ သိရသည်။

အဆိုပါ ကမ္ဘာမြေအောက်တောင်ကြီးနှစ်လုံးသည် အာဖရိကတိုက်နှင့် ပစိဖိတ်သမုဒ္ဒရာဒေသတို့၏ မြေအောက်အနက် မိုင် ၁၂၀၀ ခန့်တွင် တည်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

တောင်တစ်လုံးလျှင် တိုက်ကြီးတစ်တိုက်စာအရွယ်ရှိပြီး တောင်နှစ်လုံး၏အမြင့်မှာ မိုင်ပေါင်း ၆၂၀ ခန့်ရှိရာ ကမ္ဘာ့အမြင့်ဆုံးတောင်ဖြစ်သည့် ဝေရက်တောင်ထက် အဆ ၁၀၀ ကျော်ပိုမြင့်မားသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

ကမ္ဘာဂြိုဟ်၏အတွင်းဝတ်ဆံနှင့် အတွင်းကျောက်လွှာမျက်နှာပြင်ကြား နယ်စည်းပေါ်တွင် တည်ရှိသည့် အဆိုပါတောင်နှစ်လုံး၏ သက်တမ်းကို အတိအကျခန့်မှန်းနိုင်မှု မရှိသေးပေ။

အဆိုပါ မြေအောက်တောင်ကြီးများသည် ကမ္ဘာဂြိုဟ်စတင်ပေါ်ထွက်ခဲ့သည့် လွန်ခဲ့သောနှစ်ပေါင်း လေးဘီလီယံခန့်ကပင် ရှိခဲ့သော တောင်များဖြစ်နိုင်သကဲ့သို့ လွန်ခဲ့သည့်နှစ်ပေါင်း သန်း ၅၀၀ ခန့်ကမှ ပေါ်ထွက်ခဲ့သော တောင်များလည်း ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဆွီဒင်သိပ္ပံပညာရှင်များသည် မြေငလျင်မြေလွှာတုန်ခါလှိုင်းများကိုအသုံးပြု၍ ကမ္ဘာမြေအတွင်းပိုင်းကို ပုံရိပ်ဖော်လေ့လာနေချိန်တွင် မြေအောက်တောင်ကြီးနှစ်လုံးကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ကလေးဘဝ မိဘများအိမ်ထောင်ကွဲမှုဖြင့်ကြုံခဲ့သူများ အသက်ရလာချိန်တွင် လေဖြတ်နိုင်ခြေမြင့်မားနိုင်

**အော့တဝါ ဇန်နဝါရီ ၂၇**

ကလေးဘဝ သို့မဟုတ် ဆယ်ကျော်သက်ဘဝ၌ မိဘများအိမ်ထောင်ပြိုကွဲမှုဖြင့် ကြုံခဲ့ရသူများသည် အသက်ရလာချိန်တွင် လေဖြတ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း ဇန်နဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

ကနေဒါ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ငယ်ဘဝတွင် မိဘများအိမ်ထောင်ပြိုကွဲမှုဖြင့် ကြုံခဲ့ရသူများသည် အသက်ရလာချိန်တွင် လေဖြတ်နိုင်ခြေ ၆၁ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

ကလေးဘဝ၌ မိဘများအိမ်ထောင်ပြိုကွဲမှုဖြင့် ကြုံရမှုသည် ဆေးလိပ်သောက်ခြင်း၊ ကိုယ်ကာယလှုပ်ရှားမှုမရှိခြင်းနှင့် အဝလွန်ခြင်းများကဲ့သို့ပင် သက်ကြီးပိုင်းများ လေဖြတ်မှု၏အဓိကအကြောင်းတရားတစ်ရပ် ဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

သို့ရာတွင် ကလေးဘဝ၌ မိဘများ အိမ်ထောင်ပြိုကွဲမှုနှင့် လေဖြတ်နိုင်ခြေ မြင့်တက်လာမှုတို့ကြား မည်သို့မည်ပုံ ဆက်စပ်နေသည်ကို မသိရသေးပေ။

သို့သော် အထက်ပါအခြေအနေနှစ်ရပ်တို့သည် ဇီဝသဘောအရရော၊ လူမှုရေးသဘောအရပါ ဆက်စပ်နေနိုင်သည်ဟု သုတေသန ပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

ကနေဒါ သုတေသနပညာရှင်များသည် အသက် ၆၅ နှစ်အထက် သက်ကြီးပိုင်း ဦးရေ ၁၃၂၀၀ ကျော်တို့၏ အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တရုတ်က ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာပတ်လမ်းပေါ်၌ အလင်းဖြင့်စွမ်းအင်ချက်လုပ်မှုနည်းပညာကို အောင်မြင်စွာစမ်းသပ်နိုင်

**ပေကျင်း ဇန်နဝါရီ ၂၇**

တရုတ်အမျိုးသားအာကာသအေဂျင်စီ အာကာသယာဉ်မှူးများသည် ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာပတ်လမ်းပေါ်၌ အလင်းဖြင့် စွမ်းအင်ချက်လုပ်မှုနည်းပညာကို အောင်မြင်စွာစမ်းသပ်နိုင်ခဲ့ကြောင်း ဇန်နဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

တရုတ် အာကာသယာဉ်မှူးများသည်တီယန်ကောင်းအာကာသစခန်းပေါ်၌ အလင်းဖြင့်စွမ်းအင်ချက်လုပ်မှု နည်းပညာအသုံးပြု၍ ကာဗွန်ဒိုင်အောက်ဆိုက်နှင့်ရေကို အောက်ဆီဂျင်နှင့်ဒုံးပျံလောင်စာရည်ဖြည့် ပစ္စည်းတစ်မျိုးအဖြစ် ပြောင်းလဲနိုင်ခဲ့ကြောင်း သိရသည်။

တရုတ် အာကာသယာဉ်မှူးများ၏ အထက်ပါအောင်မြင်မှုသည် ကာလရှည်အာကာသစူးစမ်းလေ့လာရေးလုပ်ငန်းများအတွက် လိုအပ်သည့် အရင်းအမြစ်များကို အာကာသထဲမှာပင် ထုတ်လုပ်နိုင်သည့် အလားအလာကို ပြသခဲ့ကြောင်း သိရသည်။



ကမ္ဘာပတ်လမ်းပေါ်၌ အလင်းဖြင့်စွမ်းအင်ချက်လုပ်မှုနည်းပညာကိုတီယန်ကောင်းအာကာသစခန်းပေါ်၌ လက်ရှိတာဝန်ထမ်းဆောင်နေသော ရှန်ကျိုး-၁၉ အာကာသယာဉ်မှူးများက ပြုလုပ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ကာလရှည် အာကာသစူးစမ်းလေ့လာရေး လုပ်ငန်းများတွင် လူသားတို့ ရှင်သန်ရေးအတွက် အရေးအကြီးဆုံး ပစ္စည်းတစ်မျိုးမှာ အောက်ဆီဂျင်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ကာလရှည်မစ်ရှင်များအတွက် လုံလောက်သည့် အောက်ဆီဂျင်ပမာဏကို အခေါက်ခေါက်အခါခါ ပို့ဆောင်ရေးမှာ လွယ်ကူသည့် အလုပ်မျိုးမဟုတ်ခြင်းကြောင့် သိပ္ပံပညာရှင်များအနေဖြင့် အာကာသတွင်းမှာပင် အောက်ဆီဂျင်ကို ထုတ်လုပ်နိုင်မည့်နည်းလမ်းများ ကြံဆလျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ကြွက်သားနှင့်ကိုယ်ကာယသန်မာကြံ့ခိုင်မှုက ကင်ဆာလူနာများသေဆုံးနိုင်ခြေ လျှော့ချနိုင်

**လန်ဒန် ဇန်နဝါရီ ၂၇**

ကြွက်သားများ သန်မာမှုနှင့် ကိုယ်ကာယ ကြံ့ခိုင်သန်စွမ်းမှုတို့သည် ကင်ဆာရောဂါလူနာများ ကင်ဆာကြောင့် အသက်ဆုံးပါးနိုင်ခြေကို လျှော့ချပေးနိုင်ကြောင်း ဇန်နဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

ပြီးခဲ့သည့် ဆယ်စုနှစ်များအတွင်း ရောဂါလက္ခဏာများပိုမိုနားလည်လာမှု၊ ကုထုံးများပိုကောင်းလာမှုတို့ကြောင့် ကင်ဆာလူနာများ ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ ကျဆင်းလာခဲ့ကြောင်း သိရသည်။

သို့ရာတွင် နှလုံးနှင့်ကြွက်သားများ ထိခိုက်မှုအပါအဝင် ကုထုံးများ၏ ဘေးထွက်ဆိုးကျိုးများမှာ လူနာများ အသက်ရှင်ခွင့် အလားအလာအပေါ် အကျိုးသက်ရောက်မှုရှိနေတတ်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

သို့သော် ကြွက်သားများသန်စွမ်းမှုနှင့် ကိုယ်ကာယကြံ့ခိုင်မှုတို့သည် ကင်ဆာလူနာများ ရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေကို ၅၀ ရာခိုင်နှုန်းခန့်ထိ လျှော့ချပေးနိုင်သည်ကိုတွေ့ရကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ဗြိတိန် သုတေသနပညာရှင်များသည် ကင်ဆာရောဂါအမျိုးမျိုး၊ ရောဂါအဆင့်အမျိုးမျိုး ခံစားနေရသည့် ကင်ဆာလူနာဦးရေ ၄၇၀၀၀ ခန့်တို့၏ အချက်အလက်များကို လေ့လာဆန်းစစ်ခဲ့ကြကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## Space-X ကုမ္ပဏီအကြီးအကဲ အီလွန်မက်စ်၏ချယ်ရီရောက် Roadstar တက်စလာကားကို သိပ္ပံပညာရှင်များက ဂြိုဟ်သိမ်တစ်စင်းအဖြစ် မှားယွင်းကြေညာခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၂၇**

Space-X ကုမ္ပဏီအကြီးအကဲ အီလွန်မက်စ်၏ ချယ်ရီရောက် Roadstar တက်စလာကားကို သိပ္ပံပညာရှင်များက ဂြိုဟ်သိမ်တစ်စင်းအဖြစ် မှားယွင်းကြေညာခဲ့ကြောင်း ဇန်နဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ အခြေစိုက် ဂြိုဟ်ငယ်များ လေ့လာရေးဗဟိုဌာနက ဇန်နဝါရီ ၂ ရက်တွင် ဂြိုဟ်သိမ်သစ်တစ်စင်းတွေ့ရှိခဲ့သည်ဟု ကြေညာခဲ့ပြီး ၎င်းဂြိုဟ်သိမ်ကို 2018 CN 41 ဟူ၍ အမည်ပေးခဲ့ကြောင်း သိရသည်။

သို့ရာတွင် နောက်ပိုင်း၌ အဆိုပါဂြိုဟ်သိမ်မှာ ဂြိုဟ်သိမ်တစ်စင်းမဟုတ်ဘဲ Space-X ကုမ္ပဏီက အာကာသဟင်းလင်းပြင်အတွင်း လွှတ်တင်ခဲ့သော Roadster တက်စလာကားဖြစ်နေကြောင်း သိရသည်။

သို့ဖြစ်ရာ 2018 CN 41 ဂြိုဟ်သိမ်ကို ဂြိုဟ်သိမ်များစာရင်းမှ ပြန်လည်ဖယ်ထုတ်ထားကြောင်း ဂြိုဟ်ငယ်များ လေ့လာရေးဗဟိုဌာနက ဇန်နဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

Space-X ကုမ္ပဏီသည် အီလွန်မက်စ်၏ Roadsters တက်စလာကားကို ၂၀၁၈ ခုနှစ်တွင် စူပါဟဲဗီးဒုံးပျံဖြင့် လွှတ်တင်ထားပြီး အဆိုပါ တက်စလာကားနှင့်အတူ အဖြူရောင် အာကာသယာဉ်မှူးဝတ်စုံဝတ် ယာဉ်မောင်းအရုပ်တစ်ရုပ်ကိုပါ Space-X ကုမ္ပဏီက ထည့်သွင်း လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## နိုင်ငံတကာ အားကစားသတင်းများ

# WBC USA နှင့် WBO International စူပါမစ်ဒယ် ဝိတ်တန်းချန်ပီယံခါးပတ်များ ပါချီကို ကာကွယ်နိုင်ခဲ့



**လက်စ်ဗီးဂတ် ဇန်နဝါရီ ၂၇**

WBC USA နှင့် WBO International စူပါမစ်ဒယ်ဝိတ်တန်း ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန် လက်ဝှေ့သမားပါချီကိုနှင့် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား နယ်လ်ဆင်တို့ ဇန်နဝါရီ ၂၆ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်တွင် ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ဒိုင်အမှတ်ဖြင့် ပါချီကိုက အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမှတ်ပေးဒိုင် သုံးဦးရှိသည့်အနက် သုံးဦးစလုံးက ပါချီကိုအား (၁၁၇-၁၁၁) ရမှတ်ဖြင့် အနိုင်ပေးခဲ့သည်။

ပြတ်သားသည့် ရမှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပါချီကိုက ကမ္ဘာ့ချန်ပီယံများအား စိန်ခေါ်သွားရန်စီစဉ်သွားမည်ဖြစ်ကြောင်း ပွဲအပြီးတွင်ပြောကြားခဲ့သည်။

စူပါမစ်ဒယ် ဝိတ်တန်းတွင် ကမ္ဘာ့အဆင့် (၅) အတွင်း ရပ်တည်နေသည့်ပြိုင်ဘက်များအား စိန်ခေါ်ထိုးသတ်ကာ ကမ္ဘာ့ချန်ပီယံများကိုလည်း စိန်ခေါ်ထိုးသတ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန် လက်ဝှေ့သမား ပါချီကိုက "ကျွန်တော့်ရဲ့ခါးပတ်တွေကို ငါးကြိမ်မြောက်ကာကွယ်နိုင်ခဲ့တာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ စွမ်းဆောင်ရည်တွေက ကမ္ဘာ့ချန်ပီယံတွေကို စိန်ခေါ်ဖို့အတွက် အဆင်သင့်ဖြစ်နေပြီလို့ ယုံကြည်တယ်။ ဒီနှစ်အတွင်း ကမ္ဘာ့ချန်ပီယံတွေနဲ့ ထိုးသတ်ခွင့်ရဖို့ မျှော်လင့်ပါတယ်။ ထိုးသတ်ခွင့်ရအောင်လဲ စီစဉ်သွားမယ်။ ကမ္ဘာ့ချန်ပီယံတွေနဲ့ ထိုးသတ်ဖို့အတွက် စူပါမစ်ဒယ်ဝိတ်တန်းရဲ့ ကမ္ဘာ့အဆင့်(၅)အတွင်းရပ်တည်နေတဲ့ လက်ဝှေ့သမားတွေကို အရင်ဆုံးစိန်ခေါ်ထိုးသတ်သွားမယ်။ နယ်လ်ဆင်နဲ့ ပွဲစဉ်မှာ အလဲထိုးရလဒ်မျိုးနဲ့ အနိုင်မရခဲ့ပေမဲ့လဲ ပြတ်သားတဲ့ ရမှတ်တွေနဲ့အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ လက်ရှိချန်ပီယံကို ငါးကြိမ်တိုင်တိုင်ကာကွယ်ပြီးပြီဖြစ်တဲ့အတွက်ကြောင့် နောက်ထပ်ချန်ပီယံ ကာကွယ်သွားဖို့အတွက် မရသေးတဲ့ ခါးပတ်တွေကို ရယူနိုင်ဖို့ပဲ ဆန္ဒပြင်းပြနေပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## အားကစားသတင်းအတိုအထွာများ

- ဘယ်လ်ဂျီယံအသင်းက နည်းပြရူဒီဂါစီယာကို နည်းပြသစ်အဖြစ်ခန့်အပ်၍ ၂၀၂၆ ခုနှစ်ထိ စာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး လက်ထောက်နည်းပြအဖြစ် အသင်းကစားသမားဟောင်း ဟာဇက်ကို ခန့်အပ်ခဲ့ကြောင်း သိရသည်။
- အယ်ဟိုင်လာအသင်းနည်းပြ ဂျော့ဂျီးဆပ်စ်က တိုက်စစ်မှူး နေမာကို ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ကစားသမားမှတ်ပုံတင်ခြင်းမရှိတော့ဘဲ အေအက်စ်စီချန်ပီယံလိဂ်ပြိုင်ပွဲတွင်သာ မှတ်ပုံတင်ထားကြောင်းပြောကြားခဲ့ပြီးနောက် တိုက်စစ်မှူး နေမာက ဘရာဇီးကလပ် ဆန်းတို့စ်အသင်းကို လုပ်ခလစာလျှော့ယူ၍ ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့သည်။
- လီဗာပူးအသင်းက စာချုပ်သက်တမ်း ကုန်ဆုံးတော့မည့် တိုက်စစ်မှူးဆာလာဟ်ကို သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်ကငြင်းဆိုခဲ့ပြီး အီဂျစ်ကလပ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေကြောင်း သတင်းထွက်ပေါ်လျက်ရှိသည်။
- စပါးအသင်းက ရလဒ်ဆိုးများဖြင့် ဖိအားအောက်ရောက်နေသည့် နည်းပြပိုစတီကိုဂလူကို ထုတ်ပယ်၍ မန်ယူအသင်းနည်းပြဟောင်းတန်ဟတ်နှင့် အစားထိုးရန်ကြိုးပမ်းနေကြောင်း သိရသည်။

ML

# Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ



**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပမည့် Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ငါးသင်းပါ နှစ်အုပ်စု၊ လေးသင်းပါ ခြောက်အုပ်စု စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၃၄သင်းဖြင့် ကျင်းပနေခြင်းဖြစ်သည်။

Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် နံနက် ၈ နာရီက Brother Hood အသင်းနှင့် TG Legend အသင်းတို့ကစားခဲ့ရာ Brother Hood အသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉ နာရီခွဲက Top United အသင်းနှင့် Mogyo Legend အသင်းတို့ကစားခဲ့ရာ Mogyo Legend အသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ပြီး နံနက် ၁၁ နာရီက Star Boy အသင်းနှင့် Mali Kyal Sin အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် မွန်းလွဲ ၁၂နာရီခွဲက ရောဝတီပန်းပုအသင်းနှင့် SK FC အသင်းတို့ကစားခဲ့ရာ နှစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး မွန်းလွဲ ၂ နာရီက AI FC အသင်းနှင့် KL FC အသင်းတို့ကစားခဲ့ရာ KL FCအသင်းက လေးဂိုးတစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃နာရီခွဲကNothern Star အသင်းနှင့် Boy Friend အသင်းတို့ကစားခဲ့ရာ Nothern Star အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# ဘာစီလိုနာအသင်းက ဗလင်စီယာအသင်းကို ဂိုးပြတ်အနိုင်ယူ၍ နိုင်ပွဲပျောက်ဆုံးမှုကို ရပ်တန့်နိုင်ခဲ့



**ဘာစီလိုနာ ဇန်နဝါရီ ၂၇**

လာလီဂါပွဲစဉ် ၂၁အဖြစ်ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့် ဗလင်စီယာအသင်းတို့ ပွဲစဉ်တွင် ဘာစီလိုနာအသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီးနောက် အမှတ်ပေးလေးပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို ရပ်တန့်နိုင်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်း အနေဖြင့် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာ ၇ ရက်က ကစားခဲ့သည့် ဘက်တစ်အသင်းကို နှစ်ဂိုးစီ သရေထွက်ပေါ်ခဲ့ပြီးနောက် လီဂါနက်အသင်းကိုတစ်ဂိုး ဂိုးမရှိ၊ အေတီကိုအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် ဇန်နဝါရီ ၁၉ ရက်က ကစားခဲ့သည့် ဂီတာဖေးအသင်းနှင့် ပွဲစဉ်တွင်လည်း တစ်ဂိုးစီသရေရလဒ်သာ ထွက်ပေါ်ခဲ့ရာ လေးပွဲဆက်နိုင်ပွဲ ပျောက်ဆုံးခဲ့ပြီး အဆိုးရွားဆုံး ဘောလုံးရာသီနှင့် ရင်ဆိုင်ခဲ့ရသည်။

သို့သော် တနင်္ဂနွေညကကစားခဲ့သည့် ဗလင်စီယာအသင်းနှင့် ပွဲစဉ်တွင် ဖရန်ကီဒီဂျောင်း၊ ဖာရန်တောရက်စ်၊ ရာဖင်ဟာ၊ လိုပက်ဇ်၊ လီဝမ်ဒေါစကီးတို့၏ သွင်းဂိုးများဖြင့် နိုင်ပွဲရခဲ့သောကြောင့် လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေမှုကို ရပ်တန့်နိုင်ခဲ့ပြီး ဘောလုံးရာသီတစ်ခုအတွင်း ဗယ်လာဒိုးလစ်ကို ခုနစ်ဂိုးပြတ်အနိုင်ရခဲ့သည့် ပွဲစဉ်အပြီးတွင် ဒုတိယမြောက် ဂိုးပြတ်ဆုံးနိုင်ပွဲ ထပ်မံရရှိခဲ့ကြောင်း သိရသည်။

လာလီဂါအမှတ်ပေးပြိုင်ပွဲ ၂၁ ပွဲကစားအပြီးတွင် ရီးရဲလ်မက်ဒရစ်အသင်းက ၁၅ပွဲနိုင်၊ လေးပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ် ၄၉ မှတ်ဖြင့် အဆင့်(၁)၊ အေတီကိုအသင်းက ၁၃ ပွဲနိုင်၊ ခြောက်ပွဲသရေ နှစ်ပွဲရှုံး ရမှတ် ၄၅ မှတ်ဖြင့် အဆင့်(၂)၊ ဘာစီလိုနာအသင်းက ၁၃ ပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲရှုံး ရမှတ် ၄၂ မှတ်ဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်နေပြီး အဆင့် (၁) ရီးရဲလ်မက်ဒရစ်အသင်းနှင့် ရမှတ် ခုနစ်မှတ်သာ ကွာဟနေသောကြောင့် ချန်ပီယံဆုကိုစိန်ခေါ်နိုင်ရန် အခွင့်အရေးကောင်းများရှိကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# လက်စတာအသင်းကိုရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် စပါးအသင်းပရိသတ်များက အသင်းဥက္ကဋ္ဌ လီဗိုင်းကို ဆန့်ကျင်ဆန္ဒပြမှုများပြုလုပ်

**လန်ဒန် ဇန်နဝါရီ ၂၇**

စပါးအသင်း ပရိသတ်များက စပါးအသင်းက လက်စတာအသင်းကို ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် အသင်းဥက္ကဋ္ဌ လီဗိုင်းနှင့် အသင်းဘုတ်အဖွဲ့ကို ရာထူးမှနုတ်ထွက်ပေးပြီး အသင်းကိုအပြောင်းအလဲများလုပ်ဆောင်ရန်အတွက် ဆန္ဒပြမှုများ လုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အသင်းသမိုင်းတစ်လျှောက် စံချိန်တင်ရလဒ်များ ဆိုးရွားနေပြီး လက်စတာအသင်းကိုရှုံးနိမ့်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ခုနစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့သကဲ့သို့ အသင်းအိမ်ကွင်းတွင်လည်း ခြောက်ပွဲဆက်နိုင်ပွဲ ပျောက်ဆုံးခဲ့ကာ တန်းဆင်းဇုန်မှ အသင်းများနှင့်လည်း ရမှတ်အနည်းငယ်သာ ကွာဟနေသည့်အတွက် အသင်းပရိသတ်များက ဆန္ဒပြမှုများလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

စပါးအသင်း ပရိသတ်များက လက်စတာအသင်းနှင့် ပွဲစဉ်တွင် "၂၄ နှစ်၊ နည်းပြ ၁၆ ယောက်၊ ဆုဖလားတစ်လုံး၊ ပြောင်းလဲရန်အချိန်တန်ပြီ"ဟု ဗီနိုင်းပိုစတာများကိုင်ဆောင်ကာ အသင်းဥက္ကဋ္ဌ လီဗိုင်းနှင့် အသင်းဘုတ်အဖွဲ့ကို ဆန္ဒပြမှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

လီဗိုင်းသည် စပါးအသင်း ဥက္ကဋ္ဌအဖြစ် ပြီးခဲ့သည့် ၂၀၀၁ ခုနှစ်ကတည်းက စတင်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သက်တမ်းအရှည်ဆုံးဥက္ကဋ္ဌအဖြစ် ရပ်တည်နေသူဖြစ်ကာ ၎င်းလက်ထက်တွင် စပါးအသင်းအနေဖြင့် နောက်ပိုင်းနှစ်များ၌ ထိပ်တန်းအသင်း တစ်သင်းအဖြစ်ရပ်တည်လာနိုင်ခဲ့သော်လည်း ၂၀၀၇-၂၀၀၈ ဘောလုံးရာသီက EFL Cup ဖလားတစ်လုံးတည်းသာ ဆွတ်ခူးနိုင်ခဲ့ပြီး ၂၀၀၈ ခုနှစ်နောက်ပိုင်း ဆုဖလားတစ်လုံးမျှ မရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ကွင်းလယ်ဒိုင်အိုလီဗာခြိမ်းခြောက်ခံရမှုကို အက်ဖ်အေက စစ်ဆေးမှုပြုလုပ်




**လန်ဒန် ဇန်နဝါရီ ၂၇**

အာဆင်နယ်အသင်းက ဝုဗ်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ကွင်းလယ်ဒိုင်အိုလီဗာက အာဆင်နယ်ကစားသမားလူးဝစ်စကယ်လီကို အနီကတ်ပြသခဲ့ပြီးနောက် ခြိမ်းခြောက်ခံရသဖြင့် အက်ဖ်အေက စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းခံစစ်ကစားသမား လူးဝစ်စကယ်လီသည် ပထမပိုင်းပွဲကစားချိန်မပြီးဆုံးမီ သုံးမိနစ်အလိုတွင် ဝုဗ်အသင်း ခံစစ်ကစားသမား ဒိုဟာတီကို ပြစ်ဒဏ်ကျူးလွန်ခဲ့သဖြင့် အငြင်းပွားဖွယ်ရာအခြေအနေဖြစ်သော်လည်း ကွင်းလယ်ဒိုင်အိုလီဗာက တိုက်ရိုက်အနီကတ်ပြသ၍ စကယ်လီကို ပြိုင်ပွဲမှ ထုတ်ပယ်ခဲ့သောကြောင့် ပွဲအပြီးတွင် အိုလီဗာအနေဖြင့် ခြိမ်းခြောက်မှုခံခဲ့ရကြောင်း သိရသည်။

အသက် ၃၉ နှစ်ရှိ ကွင်းလယ်ဒိုင်အိုလီဗာသည် ပွဲအပြီးပြိုင်ပွဲမှ မိသားစုနှင့်ထွက်ခွာစဉ် တိုက်ခိုက်မှုခံရသဖြင့် ရဲတပ်ဖွဲ့အနေဖြင့် စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း ပရီးမီးယားလိဂ် ဒိုင်အဖွဲ့ချုပ်က ထုတ်ဖော်ပြောကြားခဲ့သည်။

ပရီးမီးယားလိဂ်ဒိုင် အဖွဲ့ချုပ်က "ကွင်းလယ်ဒိုင်တွေ အနေနဲ့ အခုလို ခြိမ်းခြောက်ခံရတာဟာ ပထမဆုံးအကြိမ် မဟုတ်တော့ပါဘူး။ မကြာခဏဖြစ်ပွားနေတဲ့ကိစ္စတွေဖြစ်နေပါတယ်။ ဒါကြောင့် အဖွဲ့ချုပ်အနေနဲ့ စုံစမ်းစစ်ဆေးမှုတွေကို ထောက်ခံအားပေးကူညီသွားမှာပါ။ အခုလို တိုက်ခိုက်ခံရတာဟာ လုံးဝလက်မခံနိုင်တဲ့ ဖြစ်ရပ်တစ်ခုပါ" ဟု ဆက်လက်ပြောကြားခဲ့သည်။

ကွင်းလယ်ဒိုင် အိုလီဗာသည် ၂၀၁၀ပြည့်နှစ်က ပရီးမီးယားလိဂ်ပွဲစဉ်ဖြစ်သည့် ဘာမင်ဂမ်နှင့် ဘလက်ဘန်းအသင်းကို ဒိုင်အဖြစ်ကြီးကြပ်ခွင့်ရခဲ့ပြီးနောက် ပရီးမီးယားလိဂ်တွင် အသက် ၂၅ နှစ် ၁၈၂ ရက်ဖြင့် အသက်အငယ်ဆုံးနည်းပြအဖြစ်မှတ်တမ်းဝင်ခဲ့သော်လည်း ယခုအခါအငြင်းပွားဖွယ်ရာဆုံးဖြတ်ချက်ကြောင့် ပွဲပယ်ခံရမည်ဖြစ်ကြောင်းပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

**Ref : Liverpool.com**

**Trs : ML**

# French Open တင်းနစ်ပြိုင်ပွဲမှသာ ပြိုင်ပွဲ ပြန်ဝင်တော့မည်ဖြစ်ကြောင်း ဂျိုကိုဗစ် ထုတ်ဖော်ပြောကြား

**မဲလ်ဘုန်း ဇန်နဝါရီ ၂၇**

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ကျင်းပခဲ့သည့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရသည့် ဆားဘီးယားတင်းနစ်ကစားသမားဂျိုကိုဗစ်သည် ဒဏ်ရာအား အချိန်ယူကာ ဆေးကုသမှုခံယူရမည် ဖြစ်သည့်အတွက် French Open တင်းနစ်ပြိုင်ပွဲမှသာ ပြိုင်ပွဲ ပြန်ဝင်နိုင်တော့မည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

French Open တင်းနစ်ပြိုင်ပွဲသည် မေ ၂၅ရက်မှစတင်၍ ကျင်းပသွားမည်ဖြစ်သည့်အတွက် ဂျိုကိုဗစ်သည် မေလမတိုင်မီ ကျင်းပသောပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်တော့မည်မဟုတ်ဘဲ Qatar Tour-nament ပြိုင်ပွဲများအားလုံးဖြင့် လွဲချော်ရတော့မည်ဖြစ်သည်။

ဂျိုကိုဗစ်သည် တင်းနစ်လောကတွင် ဂရန်းစလန်းဆုဖလားအများဆုံးဆွတ်ခူးထားသည့်ကစားသမားအဖြစ် မှတ်တမ်းဝင်နိုင်ရေးအတွက် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အကောင်းဆုံးကြိုးစားခဲ့သော်လည်း ဒဏ်ရာကြောင့် ရည်မှန်းချက်ဖြင့် လွဲချော်ခဲ့ရသည်။

ဂျိုကိုဗစ်က "ဒဏ်ရာအခြေအနေကို X-ray စစ်ကြည့်လိုက်တော့ ပေါင်ခြံကြွက်သားဒဏ်ရာလို့သိရပါတယ်။ဒဏ်ရာကပြင်းထန်တဲ့အတွက် ကာလတစ်ခုထိ အနားယူရတော့မယ်။ လေးလလောက်အနားယူရမှာဖြစ်ပြီးတော့ ဒီကာလအတွင်း ဒဏ်ရာအမြန်ဆုံးသက်သာလာအောင် ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အသက် ၃၇နှစ်နှင့်အထက် တစ်ရာသီအတွင်း ဂိုးပါဝင်ပတ်သက်မှု ၁၀ကြိမ်နှင့်အထက်ပြုလုပ်နိုင်သည့် ဒုတိယမြောက်ကစားသမားအဖြစ် ဗာဒီမှတ်တမ်းဝင်

**လန်ဒန် ဇန်နဝါရီ ၂၇**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂၃)အဖြစ်ကစားခဲ့သည့် စပါးအသင်းနှင့် လက်စတာအသင်းတို့ပွဲစဉ်တွင် လက်စတာအသင်းဝါရင့်တိုက်စစ်ကစားသမား ဗာဒီက အသင်းအတွက် သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အသက် ၃၇နှစ်နှင့်အထက် ကစားသမားများတွင် ဂိုးပါဝင်ပတ်သက်မှု ၁၀ကြိမ်နှင့်အထက်ပြုလုပ်နိုင်ခဲ့သည့် ဒုတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

လက်စတာအသင်းက စပါးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဗာဒီသည် ၄၆ မိနစ်တွင် အသင်းအတွက် သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးခုနစ်ဂိုးရှိလာခဲ့သောကြောင့် သွင်းဂိုး ခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပါဝင်ပတ်သက်မှု ၁၀ကြိမ် ရှိလာခဲ့ပြီးနောက် မှတ်တမ်းကောင်းတစ်ရပ် ရရှိခဲ့ခြင်းဖြစ်သည်။




မန်ယူအသင်း ကစားသမားဟောင်း စီရော်နယ်ဒိုသည် ပြီးခဲ့သည့်၂၀၂၁-၂၀၂၂ဘောလုံးရာသီက မန်ယူအသင်းသို့ တစ်ကျော့ပြန်လည်ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် အသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၁၈ဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု သုံးကြိမ် ဂိုးပါဝင်ပတ်သက်မှု ၂၁ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး အသက် ၃၇နှစ်နှင့်အထက် ကစားသမားများတွင် တစ်ရာသီ ဂိုးပါဝင်ပတ်သက်မှု ၁၀ကြိမ်နှင့်အထက် ပြုလုပ်နိုင်ခဲ့သည့်ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ဗာဒီကလည်း ၁၀ကြိမ်ရှိလာခဲ့ပြီးနောက် ဒုတိယမြောက်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**

# ချဲလ်ဆီးအမျိုးသမီးအသင်းကစားသမားဂယ်မာ အမေရိကန်ဘောလုံးလောကတွင် ပြောင်းရွှေ့ကြေးအများဆုံး အမျိုးသမီးကစားသမားအဖြစ် မှတ်တမ်းဝင်

**လန်ဒန် ဇန်နဝါရီ ၂၇**

ချဲလ်ဆီး အမျိုးသမီးအသင်းသည် အမေရိကန်ကလပ် ဆန်ဒီယေဂိုဝေ့အသင်းမှအမျိုးသမီးခံစစ်ကစားသမားဂယ်မာကို ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၉၀၀၀၀၀ ဖြင့် ခေါ်ယူနိုင်ခဲ့သောကြောင့် အမျိုးသမီးဘောလုံးလောကတွင် ပြောင်းရွှေ့ကြေးအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အမျိုးသမီးဘောလုံးလောကတွင် လက်ရှိပြောင်းရွှေ့ကြေးအများဆုံးကစားသမားမှာ မန်ယူအသင်းမှ အာဆင်နယ်အသင်းသို့ စတာလင်ပေါင် ၁၁၀၀၀၀၀ ဖြင့် ပြောင်းရွှေ့ခဲ့သည့် တိုက်စစ်မှူး ရက်ဆိုကအဆင့်(၁) တွင် ရပ်တည်နေပြီး ၎င်းနောက်တွင် မန်ယူအသင်းမှ ဝီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၀၀၀၀၀၀ ဖြင့်ရောက်ရှိခဲ့သည့် တိုက်စစ်မှူး ဟန်ဆန်က အဆင့်(၂)၊ ယခုအခါ ခံစစ်ကစားသမားဂယ်မာကပြောင်းရွှေ့ကြေးစတာလင်ပေါင် ၉၀၀၀၀၀ ဖြင့် အဆင့်(၃)နေရာတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် အမေရိကန်ကလပ်အသင်းများထဲမှ ပြောင်းရွှေ့ခဲ့သည့် ကစားသမားများထဲတွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလက ဘေးလ်အက်ဖ်စီအသင်းမှ မက်ဒရစ်အသင်းသို့ စတာလင်ပေါင် ၆၀၀၀၀၀ ကျော်ဖြင့် ပြောင်းရွှေ့ခဲ့သည့် တိုက်စစ်မှူး ခမ်ဒန်နာဂျီ၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီး အမေရိကန်အမျိုးသမီး ကစားသမားများထဲတွင် ပြောင်းရွှေ့ကြေး အများဆုံးဖြစ်ခဲ့ခြင်းဖြစ်သည်။

ခံစစ်ကစားသမား ဂယ်မာသည် ပြီးခဲ့သည့်နှစ်နိုဝင်ဘာလက ကမ္ဘာ့အကောင်းဆုံး အမျိုးသမီးကစားသမား ဦးရေ ၅၀ စာရင်းတွင် အဆင့် (၂) နေရာသို့ ရောက်ရှိခဲ့ပြီးနောက် မမျှော်လင့်ဘဲ ချဲလ်ဆီးအသင်းက စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခြင်းခံရသူဖြစ်ကြောင်း သိရသည်။

**Ref : ESPN**

**Trs : ML**

# 2025 Ras Al Khaimah Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို အလီဂျန်ဒရို ဆွတ်ခူး

**ဒူဘိုင်း ဇန်နဝါရီ ၂၇**

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင်ကျင်းပခဲ့သည့် DP World Tour အမျိုးအစား ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်သည့် 2025 Ras Al Khaimah Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စပိန်ဂေါက်သီးရိုက်ကစားသမား အလီဂျန်ဒရိုက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား မာရီတေ့ချ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး စပိန်ဂေါက်သီးရိုက်ကစားသမားတစ်ဦးပင် ဖြစ်သည့် ကာရီးယက်စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်လျက်ရှိသည်။

အလီဂျန်ဒရိုသည် ပထမနေ့တွင် ပုံစံကောင်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း ဒုတိယနေ့မှစတင်၍ ရလဒ်ကောင်းများ ဆက်တိုက်ရယူနိုင်ခဲ့ပြီး ဒုတိယနေ့မှစတင်၍ နောက်ဆုံးနေ့ထိအမှတ်ပေးဇယားကို ဦးဆောင်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အလီဂျန်ဒရိုက "အံ့အားသင့်ဖွယ်ကောင်းတဲ့ အောင်မြင်မှုပါ။ ကျွန်တော် ဘဝအတွက် ပရော်ဖက်ရှင်နယ်ဂေါက်သီးရိုက်ကစားသမားအနေနဲ့ဖြတ်သန်းနေတာလဲဆိုတာကို ကောင်းကောင်း သိလိုက်ရပြီ။ မနှစ်တုန်းက ပြိုင်ပွဲတွေမှာ တောက်လျှောက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့တယ်။ အောင်မြင်မှုတွေ မရခဲ့သလို အမှတ်ပေးဇယားရဲ့ အဆင့် (၂၀) ကနေ (၃၀)အတွင်းမှာပဲရပ်တည်နိုင်ခဲ့တယ်။မျှော်လင့်ချက်မဲ့သလို ခံစားခဲ့ရတယ်။ ဘာအောင်မြင်မှုမှမရဘဲ ဘာအတွက်ကြောင့် ဒီဘဝကို ဖြတ်သန်းနေတာလဲဆိုတဲ့အတွေးတွေလဲ ဝင်လာတယ်။ အခုတော့ ဒီအတွေးတော့ မရှိတော့ဘူးလို့ ခံစားလာရတယ်။ ကိုယ်ဖြတ်သန်း နေရတဲ့ဘဝက အဓိပ္ပာယ်ရှိလာတယ်လို့ ခံစားလာရတယ်။ ဒီဆုဖလားဟာ ကျွန်တော့်အတွက် အရမ်းအဓိပ္ပာယ်ရှိတဲ့ ဆုဖလားဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**

**Trs : AZL**

# နယူးဇီလန် - စင်ကာပူ ကာကွယ်ရေးဆိုင်ရာဆက်ဆံရေး အလားအလာ

၂၀၂၅ ခုနှစ်သည် နယူးဇီလန်နှင့် စင်ကာပူတို့ကြား နှစ်နိုင်ငံဆက်ဆံရေးအတွက် အထူးအခါသမယပင် ဖြစ်သည်။ ဩဂုတ်လတွင် စင်ကာပူနိုင်ငံသည် နိုင်ငံထူထောင်မှု နှစ်(၆၀)ပြည့် အခမ်းအနားကျင်းပသွားမည်ဖြစ်သလို နယူးဇီလန်နိုင်ငံနှင့် သံတမန်ဆက်ဆံရေးထူထောင်မှု နှစ်(၆၀)ပြည့်နှစ်ပတ်လည်နေ့လည်း ဖြစ်သည်။ နိုင်ငံငယ် နှစ်နိုင်ငံကြား သမိုင်းကြောင်းက မတည်ငြိမ်သော ကမ္ဘာကြီးတွင် သက်ရှင်ကြွင်းကျန်ရေးအတွက် ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေး၏အရေးပါမှုကို မီးမောင်းထိုးပြသလျက်ရှိသည်။

နယူးဇီလန်နိုင်ငံသည် ၁၉၆၅ ခုနှစ်တွင် စင်ကာပူနိုင်ငံလွတ်လပ်ရေးရရှိကတည်းက အသိအမှတ်ပြုခဲ့သည့် ပထမဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည့်အပြင် စင်ကာပူနိုင်ငံတည်ဆောက်ဆဲကာလများတွင် ကာကွယ်ရေးတည်ဆောက်မှုကိုလည်း အထောက်အကူပြု ပါဝင်ဆောင်ရွက်ခဲ့သည်။ နယူးဇီလန်တပ်ဖွဲ့များသည် ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဗြိတိန်နှင့် ဩစတြေးလျတပ်ဖွဲ့များ ရုပ်သိမ်းပြီးနောက် ၁၉၈၉ ခုနှစ်ထိ စင်ကာပူနိုင်ငံရှိ Dieppe စစ်တန်းလျား၌ ဆက်လက်နေထိုင်ခဲ့သည်။ စင်ကာပူနိုင်ငံ၏ ပထမဆုံးသော ဝန်ကြီးချုပ်ဖြစ်သူ လီကွမ်ယုက စင်ကာပူနိုင်ငံတွင် နယူးဇီလန်တပ်ဖွဲ့များ ဆက်လက်ထားရှိခြင်းသည် တည်ငြိမ်မှုနှင့် လုံခြုံမှုတို့အတွက် စိတ်ဓာတ်ခွန်အားများဖြစ်စေခဲ့ကြောင်း ပြောကြားခဲ့သည်။ နယူးဇီလန်နိုင်ငံသည် ငါးနိုင်ငံကာကွယ်ရေးသဘောတူညီချက် (FPDA) အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ကို ပြည်ပတိုက်ခိုက်မှုများမှ ကာကွယ်ရန် ၁၉၇၁ ခုနှစ်တွင် ၎င်းအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

နယူးဇီလန်ဝန်ကြီးချုပ် ခရစ္စတိုဖာလူဇွန်သည် ၂၀၂၄ ခုနှစ် ဧပြီလတွင် စင်ကာပူနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိခဲ့ပြီး ထိုစဉ်က ဝန်ကြီးချုပ်လီရှန်လွန်းနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ နယူးဇီလန်ဝန်ကြီးချုပ် ခရစ္စတိုဖာလူဇွန်က စင်ကာပူနိုင်ငံသည် အရှေ့တောင်အာရှတွင် နယူးဇီလန်၏ အနီးကပ်ဆုံး လုံခြုံရေးနှင့် စီးပွားရေးမိတ်ဖက်နိုင်ငံဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံငယ်များဖြစ်သော်လည်း အဆင့်မြင့်စီးပွားရေးလုပ်ငန်းများ ပိုင်ဆိုင်ထားကြောင်းနှင့် ဘုံစိန်ခေါ်မှုများ ဖြေရှင်းရာတွင်လည်း ဘက်မလိုက်သော မိတ်ဖက်နိုင်ငံများဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါခရီးစဉ်အတွင်း နှစ်နိုင်ငံသည် ပဋိပက္ခများကြောင့် အရေးပါသော ပံ့ပိုးရေးကွင်းဆက်များ ကမောက်ကမဖြစ်မှုနှင့် အမျိုးသားလုံခြုံရေးအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ ပံ့ပိုးရေးကွင်းဆက်နှင့် ချိတ်ဆက်မှုတို့အပါအဝင် မိတ်ဖက်ဆက်ဆံရေး တိုးချဲ့ခဲ့သည်။ နှစ်နိုင်ငံအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ပိုမိုကောင်းမွန်သော မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်သွားရန်လည်း ကတိကဝတ်ပြုခဲ့ကြသည်။

လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုကောင်းမွန်သော မိတ်ဖက်ဆက်ဆံရေး၏ ကာကွယ်ရေးနှင့် လုံခြုံရေးဒေါက်တိုင်အဖြစ် အထောက်အကူပြုစေလျက်ရှိသည်။ သာဓကအနေဖြင့် စင်ကာပူနိုင်ငံသည် ၂၀၂၅ ခုနှစ်တွင် Thunder Warrior ဟု ခေါ်ဆိုသည့် ကျည်စစ်ကျည်မှန်များနှင့် ပြုလုပ်သော အမြောက်စစ်ရေးလေ့ကျင့်ခန်းကို ပြန်လည်ပြုလုပ်သွားမည်ဖြစ်သည်။ နယူးဇီလန်နိုင်ငံက အိမ်ရှင်အဖြစ်ပြုလုပ်သော ၎င်းစစ်ရေးလေ့ကျင့်ခန်းကို ကိုဗစ်-၁၉ ရောဂါကာလတွင် ရပ်ဆိုင်းထားခဲ့သည်။ နယူးဇီလန်ကာကွယ်ရေးတပ်ဖွဲ့သည် အရှေ့တောင်အာရှတွင် နိုင်ငံစုံ လုံခြုံရေးကြိုးပမ်းမှုများကို အထောက်အကူဖြစ်စေရန် စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံထားသော အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေး သတင်းအချက်အလက်ဌာနတွင် လေ့လာဆန်းစစ်သူအဖြစ် ဆက်လက်ပါဝင်သွားမည်ဖြစ်သည်။ ဒေသတွင်း ပင်လယ်ရေကြောင်းလုံခြုံမှုစင်တာအဖြစ် သယ်ပိုးလျက်ရှိသည့် စင်ကာပူနိုင်ငံ အိမ်ရှင်အဖြစ် လက်ခံထားသော သတင်းအချက်အလက်ပေါင်းစပ်စင်တာ၌လည်း နယူးဇီလန်နိုင်ငံမှ စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးအရာရှိတစ်ဦး တာဝန်ထမ်းဆောင်လျက်ရှိသည်။

နယူးဇီလန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ကြား ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးသည် အမျိုးသားလုံခြုံရေးအကျိုးစီးပွားများကို အကျိုးဖြစ်ထွန်းစေလျက်ရှိသည်။ နှစ်နိုင်ငံအနေဖြင့် ဆက်ဆံရေးတိုးချဲ့လျက်ရှိသောကြောင့် ၎င်းတို့၏ ပူးပေါင်းဆောင်ရွက်မှုသည် လုံခြုံရေးဆိုင်ရာ ပြဿနာများကို အပြန်အလှန်မျှဝေဆွေးနွေးသွားနိုင်မည်ဖြစ်သည်။



ဆိုက်ဘာနှင့် မှားယွင်းသော သတင်းအချက်အလက်ခြိမ်းခြောက်မှုများသည် နှစ်နိုင်ငံစလုံးကို ဒစ်ဂျစ်တယ်စီးပွားရေးတွင် အခွင့်အလမ်းများ တိုးတက်လာစေရန် ဆက်လက်လုပ်ဆောင်စေမည်ဖြစ်သည်။ နယူးဇီလန်အမျိုးသားဆိုက်ဘာမူဝါဒရုံးနှင့် စင်ကာပူဆိုက်ဘာလုံခြုံရေးအေဂျင်စီတို့သည် နယ်ဘက်ကဏ္ဍတွင် ဆိုက်ဘာလုံခြုံမှုပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးထားရှိသည်။ ရေအောက်ကေဘယ်များနှင့် ပိုက်လိုင်းများကို ဆိုက်ဘာဆိုင်ရာခြိမ်းခြောက်မှုများသည်လည်း ကျွန်းနိုင်ငံများအတွက် အဓိကခြိမ်းခြောက်မှုဖြစ်ပေါ်စေလျက်ရှိသည်။ ရေအောက်အခြေခံအဆောက်အအုံများ ကြံ့ကြံ့ခံနိုင်မှုသည် ဆက်သွယ်ရေးနှင့် လျှပ်စစ်စွမ်းအင်စနစ်များအတွက် အရေးပါလျက်ရှိပြီး နယူးဇီလန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၏ စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် တိုးတက်စေမည်ဖြစ်သည်။

နှစ်နိုင်ငံသည် ပံ့ပိုးဖြန့်ဖြူးရေးကွင်းဆက်များအပေါ် ခြိမ်းခြောက်မှုများကို ကာကွယ်သွားရန်လည်း အတူတကွ လုပ်ဆောင်သွားမည်ဖြစ်သည်။ သာဓကအနေဖြင့် တောင်တရုတ်ပင်လယ်ပြင်တွင် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားပြီး ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုလုပ်ငန်းစဉ် ကမောက်ကမဖြစ်လာမည်ဆိုလျှင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားသင့်ပေသည်။ ကိုဗစ်-၁၉ ကာလအတွင်း စားနပ်ရိက္ခာနှင့်ဆေးဝါးများသယ်ပို့နိုင်ရန် နယူးဇီလန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ကြား လေကြောင်းပို့ဆောင်ရေး မိတ်ဖက်လုပ်ငန်းသည် အောင်မြင်မှုရရှိခဲ့သည်။ ထိုသို့လုပ်ဆောင်နိုင်ခြင်းသည် ဒေသတွင်း၌ တင်းမာမှုများမြင့်တက်လာသည့်အချိန်တွင် စစ်လက်နက်ပစ္စည်းများ ပံ့ပိုးကူညီနိုင်စေမည်ဖြစ်သည်။

အမှန်တွင် အရှေ့တောင်အာရှနှင့် တောင်ပစိဖိတ်ဒေသရှိ နိုင်ငံများ၏ အမျိုးသားလုံခြုံရေးအပေါ် သက်ရောက်လျက်ရှိသည့် လက်ရှိ မဟာဗျူဟာမြေပတ်ဝန်းကျင်နှင့် ပထဝီနိုင်ငံရေးဆိုင်ရာ တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုများသည် ရောယှက်လျက်ရှိသည်။ နယူးဇီလန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများရှိ လုံခြုံရေးအခြေအနေများကို သတင်းအချက်အလက်မျှဝေခြင်းဖြင့် ဒေသတွင်းလုံခြုံရေးပြဿနာများကို ပူးပေါင်းဖြေရှင်းနိုင်မည်ဖြစ်သည်။

ထို့ပြင် နှစ်နိုင်ငံအမျိုးသားလုံခြုံရေးနှင့် ဒေသတွင်း လုံခြုံရေးအကျိုးစီးပွားများကြားတွင် တူညီသောအချက်များရှိနေသည်။ နယူးဇီလန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို မျှဝေခံစားနေရပြီး အေးချမ်းမှုနှင့် တည်ငြိမ်မှု မြှင့်တင်ရာတွင် အာဆီယံဦးဆောင်သော ယန္တရားပေါ်ထွန်းရေးအတွက် စိတ်အားထက်သန်လျက်ရှိသည်။ နှစ်နိုင်ငံစလုံးသည် ငါးနိုင်ငံကာကွယ်ရေးသဘောတူညီချက် (FPDA)နှင့် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးအပေါင်း (ADMM-Plus) ကဲ့သို့သော လုံခြုံရေးဆိုင်ရာ နိုင်ငံပေါင်းစုံအဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံအဆင့်မြင့်အရာရှိကြီးများသည် (၁၄) ကြိမ်မြောက်စင်ကာပူ-နယူးဇီလန်မဟာဗျူဟာမြောက်ဆွေးနွေးပွဲအတွက် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် တာဝန်စတင်ထမ်းဆောင်လျက်ရှိသော လက်ရှိနယူးဇီလန်အစိုးရသည် နိုင်ငံခြားရေးမူဝါဒပြန်လည်သုံးသပ်မှုအနေဖြင့် စင်ကာပူနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုကို အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။ နယူးဇီလန်ဝန်ကြီးချုပ် ခရစ္စတိုဖာလူဇွန်က နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒနှင့် စပ်လျဉ်း၍ အာဆီယံနိုင်ငံများနှင့်အတူ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး တည်ဆောက်လျက်ရှိကြောင်း၊ နယူးဇီလန်-အာဆီယံဆက်ဆံရေးကို ပြီးပြည့်စုံသော မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ မြှင့်တင်သွားရန် စီစဉ်ထားရှိကြောင်း ပြောကြားသွားခဲ့သည်။ အရှေ့တောင်အာရှတည်ငြိမ်အေးချမ်းမှုသည် နယူးဇီလန်နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုတွင် အရေးပါလျက်ရှိသည့်အပြင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာနိုင်မှုကိုလည်း ဟန့်တားစေနိုင်မည်ဖြစ်သည်။

နယူးဇီလန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် ၂၀၂၄ ခုနှစ်မှ ၂၀၂၇ ခုနှစ်ထိ လူသားချင်းစာနာထောက်ထားမှုနှင့် ဘေးအန္တရာယ်လျော့ပါးသက်သာမှု(HADR)ဆိုင်ရာ ADMM-Plus ကျွမ်းကျင်ပညာရှင်များ၏ လုပ်ငန်းအဖွဲ့ပူးတွဲသဘာပတိတာဝန်ကို ထမ်းဆောင်လျက်ရှိသောကြောင့် အာဆီယံဦးဆောင်သော ယန္တရားကို မြှင့်တင်ရန် အလားအလာရှိနေသည်။ ၂၀၂၅ ခုနှစ်တွင် ပြုလုပ်ရန် စီစဉ်ထားသည့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်လျော့ပါးသက်သာရေးညီလာခံသည် နှစ်နိုင်ငံကို ဒေသတွင်းနိုင်ငံများ၏ ဗဟုသုတနှင့် တုံ့ပြန်မှုစွမ်းဆောင်ရည် တည်ဆောက်ရာတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

ထို့ပြင် စင်ကာပူတပ်ဖွဲ့များသည် နယူးဇီလန်တပ်ရင်းများနှင့်အတူ ၂၀၂၁ ခုနှစ်တွင် အရှေ့တီမောနိုင်ငံ၌ ကုလသမဂ္ဂငြိမ်းချမ်းမှု ထိန်းသိမ်းရေး တာဝန်ထမ်းဆောင်ခဲ့သဖြင့် နှစ်နိုင်ငံစလုံးသည် တီမောလက်စတီနိုင်ငံကို ADMM-Plus လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရေး အင်စတီကျူးရှင်းပိုင်းဆိုင်ရာ စွမ်းဆောင်ရည်တည်ဆောက်မှုကို အကူအညီပေးသွားနိုင်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် တီမောလက်စတီနိုင်ငံသည် အာဆီယံအသင်းကြီး၌ ဝင်ရောက်ခွင့်ရရှိရန် လုပ်ဆောင်လျက်ရှိသည်။

အာဆီယံအသင်းကြီးအနေဖြင့် ဒေသတွင်းလုံခြုံရေးဗိသုကာပုံစံတွင် ဗဟိုချက်မအဖြစ် ရပ်တည်နိုင်ရေး ရုန်းကန်နေရသည့်အပြင် နယူးဇီလန်ကာကွယ်ရေးတပ်ဖွဲ့အနေဖြင့်လည်း လုပ်သားအင်အားပြတ်လပ်မှုနှင့် ဘတ်ဂျက်အကန့်အသတ်များရှိနေသောကြောင့် စိန်ခေါ်မှုများရှိနေသည်။ မည်သို့ပင်ဆိုစေ စင်ကာပူနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့သည် အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် နိုင်ငံရေးစိတ်ဆန္ဒရှိသင့်ပေသည်။

နယူးဇီလန်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် ပထဝီနိုင်ငံရေးဆိုင်ရာ တင်းမာမှုများ၊ အဆိပ်အတောက်ဖြစ်စေသော အမျိုးသားရေးဝါဒနှင့် နိုင်ငံတကာဥပဒေစောင့်ထိန်းလိုက်နာရာတွင် စံနှုန်းနှစ်ခုခွဲခြားမှုများကြောင့် မတည်မငြိမ်ဖြစ်နေသော ကမ္ဘာကြီးတွင် သေးငယ်သောနိုင်ငံများအဖြစ် ရပ်တည်ရလျက်ရှိသည်။ ၎င်းတို့သက်ရှင်ကြွင်းကျန်ရပ်တည်နိုင်မှုသည် ကာကွယ်ရေးနှင့် အမျိုးသားလုံခြုံရေးတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများရှိနေသည့်တိုင်အောင် နိုင်ငံစုံဝါဒ စဉ်ဆက်မပြတ် ထိန်းသိမ်းမှုတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်မှုအပေါ်မူတည်လျက်ရှိသည်။ ဆိုရလျှင် စင်ကာပူနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့ကြား နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံစုံဝါဒတို့၏ စုပေါင်းအားသည် ခက်ခဲသည့် မဟာဗျူဟာမြောက် ပတ်ဝန်းကျင်ကို ရင်ဆိုင်ရာတွင် အကျိုးစီးပွားများကာကွယ်ရေးအတွက် အကောင်းဆုံးသောရွေးချယ်မှုပင် ဖြစ်ပေသည်။

**ကိုးကား**

- New Zealand - Singapore Defense Relations in a Volatile World by the Diplomat.

**မောင်စိန်အိ(နဘဲမြေ)**

# ကျေးလက်က မီးအိမ်ရှင် ဇာတ်လမ်းတွဲ မီဒီယာမိတ်ဆက်ပွဲပြုလုပ်



**ရန်ကုန် ဇန်နဝါရီ ၂၇**

Mahar Applicationတွင် ထုတ်လွှင့်နေပြီဖြစ်သည့် ကျေးလက်က မီးအိမ်ရှင်ဇာတ်လမ်းတွဲ မီဒီယာမိတ်ဆက်ပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်သာယာရုပ်ရှင်ရုံတွင် ဇန်နဝါရီ ၂၆ ရက်နေ့က ပြုလုပ်ခဲ့ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ နေမင်းထံမှ သိရသည်။

အဆိုပါ ကျေးလက်က မီးအိမ်ရှင် ဇာတ်လမ်းတွဲသည် စာရေးဆရာမရွှန်းရမီမိုး၏ ဝတ္ထုကို ခေတ်ရေးညိုနှင့် ဆဲဗင်းဒေးတို့က ဇာတ်ညွှန်း ရေးညွှန်းထားကာ ဒါရိုက်တာ အောင်ဇော်လင်းက Mahar Mobile Application အတွက် တာဝန်ယူပုံဖော် ရိုက်ကူးထားကြောင်းလည်း သိရသည်။

"မြို့ပြနဲ့ အလှမ်းဝေးတဲ့ ရွာတစ်ရွာမှာ ထူးဆန်းတဲ့အရာ ဖြစ်ပေါ်လာတာကိုဇာတ်အိမ်တည် ရိုက်ကူးထားတာပါ။ ကြောက်စရာ အိမ်အိုကြီးအကြောင်းကို ထည့်ရိုက်ထားပါတယ်။ အိမ်အိုကြီး ရိုက်ကူးချိန် အိမ်စောင့်အဘိုးကို ဝင်ပူးတာလဲ ကြုံခဲ့ရတယ်။ ထူးခြားတဲ့ အဖြစ်အပျက်လေးပါ " ဟု သရုပ်ဆောင်နေမင်းက ပြောပြသည်။

အဆိုပါ ကျေးလက်က မီးအိမ်ရှင် အမည်ရှိ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် နေမင်း၊ ညိမ်းသော်၊ကျော်ထက်၊မင်းဟိဏ်း၊ ဝေဖြိုး၊ ညီညီမင်းထက်၊ အိချောပို၊ မေပန်းချီ၊ ယွန်းဝင့်လွှာအောင်၊ တင်ဇာဝင်းပြည့် စသည်တို့အပြင် ဝါရင့်ဇာတ်ပို့များဖြစ်သည့် ဇော်ဦး၊ ဇော်ဝင်းမောင်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အပိုင်း၂၁ ပိုင်း ပါဝင်သည့် ကျေးလက်က မီးအိမ်ရှင် ဇာတ်လမ်းတွဲကို ဇန်နဝါရီ ၂၃ ရက် ည ၇ နာရီမှ စတင်ကာ အပတ်စဉ် တနင်္လာ၊ အင်္ဂါ၊ ကြာသပတေးနှင့် သောကြာနေ့တို့တွင် Mahar Application က ထုတ်လွှင့်ပေးနေကြောင်းလည်း သိရသည်။ ASH

# သရဲကား ရုပ်ရှင်ဇာတ်ကား ဖေဖော်ဝါရီလတွင် ရုံတင်ပြသနိုင်ရန် စီစဉ်နေ

**ရန်ကုန် ဇန်နဝါရီ ၂၇**

ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် သရဲကား ရုပ်ရှင်ဇာတ်ကားကို ဖေဖော်ဝါရီလတွင် ရုံတင်ပြသနိုင်ရန် စီစဉ်နေကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ခင်လှိုင် (ဉာဏ်ကြီးရှင်) ထံမှ သိရသည်။

အဆိုပါ သရဲကားရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားကာ ဒါရိုက်တာခင်လှိုင်(ဉာဏ်ကြီးရှင်)နှင့် တွဲဖက် ဒါရိုက်တာ မိုးမိုးတို့က ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားသည့် သည်းထိတ်ရင်ဖို ဟာသ ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ ဟာသဇာတ်မြူးပါပဲ။ ဒါပေမဲ့ ဟာသဇာတ်မြူးကို သည်းထိတ်ရင်ဖိုဖြစ်အောင် ထူးထူးခြားခြားလေး ရိုက်ကူးထားပါတယ်။ ဟာသကား ကြိုက်သူတွေရော သည်းထိတ်ရင်ဖိုဇာတ်ကား ကြိုက်သူတွေပါ အကြိုက်တွေကြမှာပါ။ ဇာတ်လမ်းအကျဉ်းလေးကတော့ လူတွေ စိတ်ဝင်တစား ကြည့်နေကြတဲ့




သရဲကားကို သရဲအစစ်နဲ့ရိုက်မယ်လို့ ကြိမ်းဝါးထားတဲ့ ဒါရိုက်တာ တစ်ယောက် သူရိုက်နေတဲ့ သူ့ရဲကားမှာ မကျွတ်မလွတ်ဖြစ်နေတဲ့ ဝိညာဉ်ပေါ့။ အဲဒီ ဝိညာဉ်နဲ့ တကယ်တွေ့ကြတဲ့အခါ ဘာတွေ ဆက်ဖြစ်မလဲ။ ဝိညာဉ်က တစ်ကောင်ထဲ မဟုတ်ဘဲ နောက်ထပ် ဘာတွေ ပါလာမလဲ။ ဘာတွေဆက်ဖြစ်မလဲ ဆိုတာတော့ ဆက်ကြည့်ပေးပါအုံး"ဟု ဒါရိုက်တာ ခင်လှိုင် (ဉာဏ်ကြီးရှင်) က ပြောပြသည်။

အဆိုပါ ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ ကျော်ကျော်ဗို၊ ခင်လှိုင်၊ မိုးမိုး၊ လီလီကျော်ခိုင်၊ ဝေလာရီ၊ ခြူးစစ်ဟန်၊ မိုးပွင့်ဖြူနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြကြောင်း သိရသည်။ ASH

# ၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအတွက် ထူးချွန်ဆု ၁၂ ဆုကိုရွေးချယ်ချီးမြှင့်ပေးနိုင်ရန် လျာထား

**ရန်ကုန် ဇန်နဝါရီ ၂၇**

၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲအတွက် နောက်ဆုံးအဆင့် ၁၈ကားကို အပြီးသတ် ကြည့်ရှုအကဲဖြတ်ခဲ့ပြီးဖြစ်ကာ ထူးချွန်ဆု ၁၂ ဆုကို ရွေးချယ်ချီးမြှင့်ပေးနိုင်ရန် လျာထားကြောင်း မြန်မာ့ရုပ်ရှင် ထူးချွန်ဆုအကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မြင့်ဦးထံမှ သိရသည်။

၂၀၂၄ ခုနှစ် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်နိုင်ရန်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကဲဖြတ်အဖွဲ့က ရုပ်ရှင်ဇာတ်ကားပေါင်း ၄၉ ကားမှ နောက်ဆုံးအဆင့် ၁၈ ကားကို အပြီးသတ် ကြည့်ရှုအကဲဖြတ်ခဲ့ပြီး ထူးချွန်ဆု ၁၂ ဆုကို ရွေးချယ်ချီးမြှင့်ပေးနိုင်ရန် လျာထားကြောင်းလည်း သိရသည်။

"ကျွန်တော်တို့ ကြည့်ရှုအကဲဖြတ်တာတော့ အားလုံးပြီးသွားပါပြီ။ ပထမအဆင့်မှာ ၄၉ကားလုံးကို ကြည့်ရှု အကဲဖြတ်ခဲ့ပါတယ်။ ဒုတိယအဆင့် ၁၈ကားထွက်လာပါတယ်။ အဲဒီဇာတ်ကား ၁၈ ကားထဲကနေ အကယ်ဒမီဆုပေါင်း ၁၂ ဆု ပေးအပ်ချီးမြှင့်ဖို့ လျာထားပါတယ်"ဟု မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကဲဖြတ်အဖွဲ့ ဥက္ကဋ္ဌ ဦးဇော်မြင့်ဦးက ပြောပြသည်။

အဆိုပါရုပ်ရှင်ဇာတ်ကား ၁၈ ကားမှာ ဘိုးတော်ကင်း၊ ချစ်သူသည်သာ ပန်းတစ်ပွင့်ဖြစ်ခဲ့လျှင်၊ အစိုးမရအနတ္တ၊ယောကျ်ားကောင်း အတောင်နှစ်ဆယ်၊ သံယောဇဉ်တွေသာ ကျည်ဆံတွေဖြစ်ခဲ့ရင်၊ တခုတ်တရ၊ ဖုန်းရွှေ၊ မိတင်စိန်၊ နို့ထမင်း၊ စိတ်ကကြိုး၊ မီး၊ အရက်စက်ဆုံးအနမ်း၊ သဘင်သည်မြနှင်းဆီ၊ နှောင်၊ မရဲ့အေးခဲသွားကြသူများ၊ အိပ်မက် ကာရန်၊ တိမ်ပန်းချီနှင့် မေတ္တာရုပ်ရှင်ဇာတ်ကားများဖြစ်ကြောင်း သိရသည်။ ASH

# Practical Magic - 2 ဇာတ်ကားကို ဒါရိုက်တာ ဆူဆန်ဘီအာ ရိုက်ကူးဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၂၇**

ဝါနာဘရားသား ကုမ္ပဏီ၏ Practical Magic-2 ဇာတ်ကားကို အော်စကာဆုရ အမျိုးသမီး ဒါရိုက်တာ ဆူဆန်ဘီအာက တာဝန်ယူ ရိုက်ကူးဖွယ်ရှိကြောင်း ဇန်နဝါရီ ၂၆ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဆူဆန်ဘီအာသည် Practical Magic-2 ဇာတ်ကားအတွက် ဝါနာဘရားသား ကုမ္ပဏီနှင့် ဆွေးနွေးနေဆဲဖြစ်ကြောင်း သိရသည်။

Practical Magic-2 ဇာတ်ကားတွင် မူလ Practical Magic ( 1998) မှ မင်းသမီး စင်ဒရာဘူလော့နှင့် နီကိုးကမ်းမင်းတို့ ပြန်လည် ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

ဒါရိုက်တာ ဆူဆန်ဘီအာသည် စင်ဒရာဘူလော့၊ နီကိုးကမ်းမင်းတို့နှင့် Birt Box ဇာတ်ကား၊ The Undoing ဇာတ်လမ်းတွဲ၊ The Perfect Couple ဇာတ်လမ်းတွဲများတွင် အတူလက်တွဲ သရုပ်ဆောင်ခဲ့ဖူးကြသူများ ဖြစ်ကြသည်။

မူလ Practical Magic ဇာတ်ကားကို ဒါရိုက်တာ ဂရစ်ဖင်းတန်းက ရိုက်ကူးခဲ့ပြီး ပြည်တွင်းဝင်ငွေ အမေရိကန် ဒေါ်လာ ၄၇ သန်းထိ ရရှိခဲ့ကြောင်း၊ Practical Magic ဇာတ်ကားသည် ကဝေညီအစ်မနှစ်ဦးဘဝ ဇာတ်လမ်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဟာသဇာတ်ကားဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# The Sun Anways Sets in the West ဇာတ်ကားကို ဒါရိုက်တာ ရှုဘင်ဖလိုက်ချာ ရိုက်ကူးဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၂၇**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Sun Anways Sets in the West ဇာတ်ကားကို ဒါရိုက်တာ ရှုဘင်ဖလိုက်ချာက တာဝန်ယူ ရိုက်ကူးဖွယ်ရှိကြောင်း ဇန်နဝါရီ ၂၆ရက်သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် အထက်ပါ ရုပ်ရှင်ဇာတ်ကားသစ်ကို ရိုက်ကူးရေးအတွက် ရှုဘင်ဖလိုက်ချာနှင့် Lionsgate ရုပ်ရှင်ကုမ္ပဏီတို့ ဆွေးနွေးနေကြောင်း သိရသည်။

ဒါရိုက်တာ ရှုဘင်ဖလိုက်ချာသည် Lionsgate ကုမ္ပဏီ၏ Now you See Me-3 ဇာတ်ကားကို ရိုက်ကူးပေးခဲ့သူဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါ ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်အိမ် အသေးစိတ်ကို မသိရသေးပေ။ သို့ရာတွင် အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ စကော့ဘာကန်နှင့် ဂရက်ဇီဟန်နာတို့က ရေးသားပေးထားသည်။

The Sun Anways Sets in the West ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

**Ref : Russia Today**

**Trs : KKO**



# Maubin Township supplies 67,000 baskets of Shwethweyin paddy to Yangon market


A truckload of rice ready to go to Yangon.

**Maubin January 27**

Local merchants from Maubin Township of Ayeyawady Region sent 67,000 baskets of Shwethweyin paddy to Yangon market in December, said Daw Swe Swe, the owner of rice and paddy wholesale centre in Maubin Township.

They sold 52,000 baskets of Shwethweyin paddy to Yangon market in November, compared to 67,000 baskets in December. Such kind of paddy is one of the non-premium types of paddy groups.

Daw Swe Swe said: "Last month, merchants sold more than 60,000 baskets of Shwethweyin paddy to Yangon. Local farmers and merchants emphasize sale of agricultural produce to Yangon market only. Shwethweyin paddy is one of the non-premium paddies. Demand from Yangon market is high to purchase paddy from Maubin Township. Merchants from Maubin Township dispatch paddy to Yangon through road transport and waterway transport." Kyaw Kyaw Lin

# Kyaungkon Township ships 75,000 viss of green chilies to Yangon market in one month

**Kyaungkon January 27**

Kyaungkon Township in Ayeyarwady Region successfully shipped and sold 75,000 viss of green chilies to the Yangon market in the past month, according to Daw Aye Thu, a local commodity trading business owner in Kyaungkon Township.

In November 2023, Kyaungkon Township shipped 55,000 viss of green chilies to the Yangon market. However, from December 1 to 31, shipments increased to 75,000 viss. The green chilies transported from the region were sold at a market price of 79,000 kyats per 10 viss.

"Over the past month, Kyaungkon Township transported 75,000 viss of green chilies to the Yangon market. Agricultural products from this region are primarily sold not only to other towns within Ayeyarwady Region but also to Yangon. The green chilies produced in Kyaungkon Township are of high quality. Due to their excellent quality, demand for these chilies has been increasing. They also have a long shelf life, making them convenient for resale," said Daw Aye Thu.

Farmers in Kyaungkon Township cultivate green chilies alongside rice farming. The chilies produced in this region are known for their high quality. The increase in exports of dried chilies and the improvement in chili quality have created better job opportunities for farmers, laborers, traders, and trading business owners in the area. Kyaw Kyaw Lin


Green chilies being put into bags.

# Wakema Township completes 100% cultivation of 3,021 acres of kitchen crops for winter season

**Wakema January 27**

In Ayeyarwady Region, Myaungmya District, Wakema Township, the winter crop planting season has seen the completion of the cultivation of 3,021 acres of kitchen crops. This was announced by Daw Khin Htay Myint, the head of Myaungmya District Agriculture Department.

During this year's winter crop planting season, the planned 3,021 acres of kitchen crops in Wakema Township began cultivation in the first week of October 2023 and have now been fully planted. In addition to the kitchen crops, efforts are being made to ensure 100% cultivation of all winter crops. The Department of Agriculture, the Department of Industrial Crops, administrative bodies, and related departments are systematically collaborating with local farmers to achieve this goal.

"To achieve 100% cultivation of winter crops, we are working closely with farmers and relevant departments. This year, Wakema Township has cultivated 3,021 acres of kitchen crops. To ensure the success of the crops and protect them from pests, the Department of Agriculture has provided farmers with necessary training and guidance in advance. Farmers are primarily cultivating crop varieties that are suitable for the region. Additionally, to ensure that farmers achieve their expected yields, we have been conducting educational programs on proper seed usage even before the planting season began," said Daw Khin Htay Myint.

In Wakema Township, during this year's winter crop planting season, local farmers and the Department of Agriculture have collaborated to cultivate 3,021 acres of kitchen crops. The main crops being cultivated include chili, mustard, roselle, cabbage, coriander, radish, eggplant, cucumber, Thai basil, bitter gourd, and okra, among others.

Kyaw Kyaw Lin

# Hamas rejects Trump's relocation proposal for Palestinians

**Gaza January 27**

Hamas on Sunday rejected U.S. President Donald Trump's proposal to relocate Palestinians from the Gaza Strip to Egypt and Jordan.

In a press statement, Hamas described the plan as an "aggressive scheme" aimed at displacing Palestinians and undermining their national cause.

Hamas said that the Palestinian people, who have endured "genocide and forced displacement" by the "Israeli occupation, particularly in northern Gaza, remain committed to their land and historical rights."

"The Palestinians will not accept any plans that seek to uproot or displace them," Hamas said.

Hamas also called on the U.S. administration to cease its support for Israeli policies that infringe on Palestinian rights.

Hamas appealed to Arab and Islamic nations, especially Egypt and Jordan, to reaffirm their opposition to the displacement of Palestinians and support their resilience by assisting in rebuilding Gaza and strengthening their presence on their land.

Xinhua

# 22 killed, 124 injuried by Israeli attacks in S. Lebanon

**Beirut January 27**

The death toll from Israeli attacks on crowds of Lebanese trying to return to their homes in southern Lebanon has risen to 22, including six women, with 124 others injured, the Lebanese Health Ministry said Sunday.

The injured included 12 women and a paramedic from the Islamic Scout Association, who was carrying out a humanitarian rescue mission, the ministry said in a statement.

A Lebanese military source told Xinhua that an Israeli force, backed by a Merkava tank and a bulldozer, advanced towards a gathering of civilians in the village of Mays al-Jabal, and "fired heavily to intimidate and disperse the residents."

The Israeli military also blocked the main road at the entrance of the headquarters of the United Nations Interim Force in Lebanon located in Naqoura, southern Lebanon, the source said, adding that the military fired several flares over Mays al-Jabal and the Arqoub Heights in eastern Lebanon, and launched machine-gun fire toward Mount Sadaneh, west of Shebaa, in southeastern Lebanon.

Sunday marks the end of a 60-day deadline for Israel's withdrawal from Lebanese territories. Under a ceasefire agreement reached in late November after months of conflict between Israel and the Lebanese armed group Hezbollah, the Lebanese army would take control of the areas south of the Litani River, ensuring its security and preventing any presence of weapons and militants.

Xinhua


This photo taken on Jan. 25, 2025 shows an Israeli tank cutting a road to the southern Lebanon in Chaqra, Lebanon.

# Sagaing Township harvests about 40,000 acres of winter sesame during winter crop season


Farmers reaping winter sesame.

**Sagaing January 27**

A total of 39,757 acres of sesame planted during the winter crops planting season in Sagaing Township, Sagaing District, Sagaing Region, have been harvested, according to statistics from the Department of Agriculture for Sagaing Township.

In Sagaing Township, during this year's winter crops planting season, 40,240 acres of sesame were planted, and the cultivated winter sesame fields were harvested from December 2024. Till date, 39,757 acres have been harvested and more than 16 baskets per acre have been harvested.

“Sesame cultivation is improving year by year. It is in a successful position as an oilseed crop,” said U Myo Thant Aung, head of Department of Agriculture for Sagaing Township.

In Sagaing Township, the Township Department of Agriculture has given knowledge to the winter sesame farmers to expand sesame cultivation, use GAP methods, plant good varieties, and plant varieties with good yield.

206

# Indaw Township plants over 10,000 acres of winter sunflowers in Sagaing Region

**Indaw January 27**

A total of 10,950 acres of sunflowers have been planted during this year's winter crops planting season in Indaw Township, Katha District, Sagaing Region, according to statistics from the Department of Agriculture for Indaw Township.

During the 2024-2025 winter crops planting season, 10,965 acres of sunflowers are planned to be planted in Indaw Township, and since October 2024, 10,950 acres have been planted.

"In order to reduce the amount of palm oil imported from abroad, we are expanding the cultivation of sunflower, which is an oil-producing crop. Sunflower produces more oil per acre than peanuts and sesame. Sunflower is mainly planted in the winter rather than in rainy season," said U Thein Khaing, head of Department of Agriculture for Indaw Township.


A thriving sunflower plantation.

It is reported that the township Department of Agriculture is speeding up the educational courses for the expansion of sunflower cultivation in Indaw Township and for the staff and the farmers who will grow sunflowers for high performance.

206

# Dabayin Township completes cultivation of black gram on more than 14,000 acres of croplands

**Dabayin January 27**

Local farmers have cultivated 14,597 acres of black gram as cold season crops in Dabayin Township of Sagaing Region, according to the statistics of Dabayin Township Agriculture Department.

In 2024-25 cold season, local authorities earmarked cultivation of 15,147 acres of black gram in Dabayin Township. Hence, farmers started cultivation of crops in October 2024. So far, they have planted 14,597 acres of black gram against the target cultivation.

U Zaw Myint Tun, Head of YeU District Agriculture Department disclosed: “Local authorities earmarked cultivation of 15,147 acres of black gram this cold season. But, farmers could grow 14,597 acres of crops. Our department supports local farmers to meet the target cultivation of crops. Moreover, officials of the department make field trips to the farmlands to disseminate agricultural techniques and preventive measures of pests to local farmers.”

Officials of the Township Agriculture Department provide quality strains of crops, correct agricultural techniques, prevention of pests, systematic use of fertilizers and boosting per-acre yield of crops for local farmers.

This year, officials of Township Agriculture Department cooperate with local farmers to boost per-acre yield of crops. Moreover, officials arrange sale of agricultural inputs to farmers in addition to assistance of post-harvest technology.

206

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Kyaiklat Township sends 72,000 viss of tilapia fish to Yangon market in December

**Kyaiklat January 27**

Local merchants and fishermen from Kyaiklat Township of Ayeyawady Region sold 72,000 viss of tilapia fish to Yangon market in December 2024, said Daw Phyo Phyo, the owner of fishery product trading wholesale centre in Kyaiklat Township.

They sent 50,000 viss of tilapia fish to Yangon in November compared to 72,000 viss in December. These wholesale cent res in Kyaiklat Township purchase fishery products from local fishermen and sell them in systematic processing and packaging to Yangon market.

Daw Phyo Phyo remarked: “Merchants emphasize sale of fishery products to Yangon market. Now, Yangon market raises demand to purchase tilapia from Kyaiklat Township. So, merchants sell a large volume of fish to Yangon. Hence, local fishermen arrange to expand breeding of fish in their farms. Price of fish is stable at the market.”


Fishermen and fish farmers sell tilapia from natural water and farming ponds to the market. The fish fetches K12,000 per viss in Yangon market.

Kyaw Kyaw Lin


Tilapia fish seen at a market.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဆွီဒင်နိုင်ငံက ယူကရိန်း၏ တာဝေးပစ်လက်နက်စနစ်များအဆင့်မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိ



ဆွီဒင်နိုင်ငံသည် ယူကရိန်းနိုင်ငံ၏ တာဝေးပစ်လက်နက်စနစ်များ အဆင့်မြှင့်တင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်ဟု Army Recognition သတင်းဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံသည် ရုရှား-ယူကရိန်း ပဋိပက္ခအတွင်း ၎င်းတို့၏စစ်ရေးစွမ်းရည်များကို ပိုမိုအားကောင်းစေရန် ကြိုးပမ်းလျက်ရှိသောကြောင့် ၎င်းလုပ်ရှားမှုသည် နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသော ခြေလှမ်းတစ်ရပ်ဖြစ်သည်။ အဆိုပါ မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုသည် အဆင့်မြင့်စစ်ဘက်နည်းပညာများအတွက် အရေးတကြီးလိုအပ်မှုကိုဖြေရှင်းနေစဉ် ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးလုပ်ငန်းများကို အားကောင်းစေမည့် ရည်ရွယ်ချက်တစ်စိတ်တစ်ပိုင်းဖြစ်သည်။

၎င်းအစီအစဉ်သစ်တွင် စစ်လက်နက်ပစ္စည်းပံ့ပိုးမှုများအပြင် ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးစက်မှုလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုများလည်း ပါဝင်မည်ဖြစ်ပြီး ယူကရိန်းနိုင်ငံ၏ ကာကွယ်ရေးနှင့်စစ်ရေး မဟာဗျူဟာအတွက် ပြည်တွင်းထုတ်တာဝေးပစ်လက်နက်များ ထုတ်လုပ်ရေးအပေါ် အထူးအာရုံစိုက်ထားမည်ဖြစ်ကြောင်း သိရသည်။

ယူကရိန်း ကာကွယ်ရေးဒုတိယဝန်ကြီး Sergiy Boiev က တာဝေးပစ်လက်နက်များ၊ လေကြောင်းရန်ကာကွယ်ရေးစနစ်များနှင့် လက်နက်ခဲယမ်းများသည် ယူကရိန်းနိုင်ငံအတွက် အဓိကဦးစားပေးအဖြစ် ကျန်ရှိနေသေးကြောင်း၊ နိုင်ငံတကာ တင်ပို့မှုအပေါ် မှီခိုအားထားမှုကို လျှော့ချရန်နှင့်ပဋိပက္ခများကြောင့် စိန်ခေါ်မှုများကြားမှ တည်ငြိမ်သောပံ့ပိုးမှုရရှိစေရန်အတွက် ပြည်တွင်းထုတ်လုပ်မှုစွမ်းရည်ကိုမြှင့်တင်ရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

ဆွီဒင်နိုင်ငံ၏ ကတိကဝတ်သည် ယူကရိန်းနိုင်ငံ၌ ပြည်တွင်းထုတ်စစ်ရေးဆိုင်ရာ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် အရှိန်အဟုန်မြှင့်တင်နိုင်မည်ဟု မျှော်လင့်ထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် CV-90 ခြေလျင်တိုက်ခိုက်ရေးယာဉ်များအပါအဝင် ယူကရိန်းနိုင်ငံ၌ အသုံးပြုလျက်ရှိသည့် ဆွီဒင်ထုတ်စစ်လက်နက်ပစ္စည်းများအတွက် ကြံ့ခိုင်ထိန်းသိမ်းမှုနှင့် ပြုပြင်ရေးဆိုင်ရာများ ပိုမိုကောင်းမွန်အောင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ ဆွီဒင်နိုင်ငံ၏ စစ်ရေးအကူအညီ တစ်စိတ်တစ်ပိုင်းအဖြစ် ပေးအပ်ထားရှိသည့် သံချပ်ကာယာဉ်များသည် ယူကရိန်းနိုင်ငံ၏ မြေပြင်စစ်ဆင်ရေးများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ယူကရိန်းရှေ့တန်းစစ်မြေပြင်၌ အသုံးပြုရန် ယုံကြည်စိတ်ချရသည့် အဆင့်မြင့်နည်းပညာသုံး ကိရိယာများကိုလည်း ပေးအပ်ရန် ဆွီဒင်နိုင်ငံက အဆင်သင့်ရှိကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ဆွီဒင်နိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့သည် တာဝေးပစ်လက်နက်များနယ်ပယ်တွင် အလားအလာကောင်းများ ပိုင်ဆိုင်ထားရှိပြီး ၎င်းတို့၏စွမ်းရည်များကို ပိုမိုအဆင့်မြှင့်တင်ရန် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုအတွက် လမ်းခင်းပေးထားခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုသည် မဟာဗျူဟာမြောက် အားသာချက်များ ပိုင်ဆိုင်ထားနိုင်ကာ ယူကရိန်းနိုင်ငံအတွက် ၎င်း၏ကာကွယ်ရေးလုပ်ငန်းများကို အားကောင်းစေမည်ဖြစ်ပြီး လက်ရှိဖြစ်ပွားနေသောပဋိပက္ခများနှင့် အံဝင်ခွင်ကျရှိသော အရေးကြီးလက်နက်စနစ်များကိုလည်း ရရှိလာနိုင်မည်ဖြစ်သည်။ ထို့ပြင် ဥရောပဒေသတွင် ဆွီဒင်နိုင်ငံ၏ သြဇာလွှမ်းမိုးမှုကိုချဲ့ထွင်ရန် အခွင့်အလမ်းတစ်ရပ်ဖြစ်ပြီး လက်ရှိနှင့်အနာဂတ်လုံခြုံရေးစိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် ဆန်းသစ်ပြီးထိရောက်သော ဖြေရှင်းနည်းများကို ဖော်ဆောင်လာနိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**Sweden and Ukraine Collaborate to Expand Ukraine's Long-Range Strike Capabilities ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးက ထောက်ပံ့ပို့ဆောင်ရေးဒရုန်းများတွင် ခေတ်မီစက်ရုပ်လက်နက်စနစ်များတပ်ဆင်ရန် လုပ်ဆောင်လာ

အစ္စရေးကုမ္ပဏီများဖြစ်သော SMARTSHOOTER နှင့် Heven Drones တို့သည် ထောက်ပံ့ပို့ဆောင်ရေးဒရုန်းများတွင် ခေတ်မီစက်ရုပ်လက်နက်စနစ်များ တပ်ဆင်ရန် လုပ်ဆောင်လာကြောင်း The Defense Post သတင်းဌာနက ဇန်နဝါရီ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပူးပေါင်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ၎င်းကုမ္ပဏီများသည် နောက်ဆုံးပေါ် SMASH Dragon လက်နက်ကို Heven Drones ကုမ္ပဏီက ထုတ်လုပ်သည့် H100 နှင့် Urban ဒရုန်းပလက်ဖောင်းများတွင် ပေါင်းစည်းတပ်ဆင်သွားမည်ဖြစ်သည်။ ဤကဲ့သို့တပ်ဆင်ခြင်းဖြင့် မောင်းသူမဲ့လေကြောင်းစနစ်များသည် မြေပြင်နှင့်ဝေဟင်ပစ်မှတ်များကို ထိရောက်စွာ တိုက်ခိုက်မှုပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ အစ္စရေးနိုင်ငံကို စစ်ဘက်ဆိုင်ရာနည်းပညာ ဆန်းသစ်တီထွင်မှုကဏ္ဍတွင် ရှေ့တန်းမှဆက်လက်ရပ်တည်နေနိုင်ရေးအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်သည်။ ဒရုန်းတိုက်ပွဲများပိုမိုများပြားလာသည်နှင့်အမျှ တန်ပြန်ဒရုန်းနည်းပညာသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ ပြောင်းလဲတိုးတက်နေသော လိုအပ်ချက်များအတွက် အလွန်အရေးကြီးကြောင်း သက်သေပြနိုင်မည်ဖြစ်သည်ဟု Heven-Drones ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Bentzion Levinson က ပြောကြားခဲ့သည်။

ဒရုန်းများတွင် SMARTSHOOTER ကုမ္ပဏီကထုတ်လုပ်သည့် ပစ်ခတ်မှုထိန်းသိမ်းရေးစနစ်များ ပေါင်းစည်းတပ်ဆင်ခြင်းဖြင့် အဝေးထိန်းစနစ်ဖြင့် ထိန်းချုပ်လုပ်ဆောင်ရသော စစ်ဆင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသုံးပြုသူများ၏ အနာဂတ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်ရည်ရွယ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားခဲ့သည်။ H100 နှင့် Urban ဒရုန်းများသည် သယ်ဆောင်နိုင်သောပစ္စည်းအလေးချိန် ကီလိုဂရမ် ၃၀ နှင့် ၁၀ ကီလိုဂရမ် အသီးသီးရှိပြီး အရေးပေါ်ထောက်ပံ့ရေးလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်။ H100 ဒရုန်းသည် လေထဲတွင် ၅၅ မိနစ်ကြာပျံသန်းနေနိုင်ပြီး အမြင့်ဆုံးအလျင်နှုန်း တစ်စက္ကန့်လျှင် ၁၆ မီတာနှင့် Urban ဒရုန်းသည် တစ်စက္ကန့်လျှင် မီတာ ၂၀ အလျင်နှုန်းဖြင့် လေထဲတွင် ၃၇ မိနစ်ကြာပျံသန်းနေနိုင်သည်။



SMARTSHOOTER ကုမ္ပဏီက ထုတ်လုပ်သည့် SMASH Dragon သည် အမျိုးမျိုးသောမောင်းသူမဲ့ဝေဟင်ပလက်ဖောင်းများတွင် တပ်ဆင်ရန် ဒီဇိုင်းထုတ်ထားသည့် ဘက်စုံသုံး လက်နက်တစ်ခုဖြစ်သည်။ ၎င်းသည် အဆင့်မြင့်ပစ်ခတ်မှုထိန်းသိမ်းရေးနှင့် ပစ်မှတ်ရှာဖွေရေးနည်းစနစ်များကိုအသုံးပြု၍ တည်ငြိမ်ပစ်မှတ်နှင့် ရွေ့လျားနေသောပစ်မှတ်များကို ထိရောက်စွာ တိုက်ခိုက်ချေမှုန်းနိုင်ကြောင်း သိရသည်။

ဤလက်နက်သည် ကြိုတင်မှန်းဆ၍မရနိုင်သောအခြေအနေမျိုး၌ပင် အမျိုးအမည်မသိပစ်မှတ်များကို ရှာဖွေထောက်လှမ်းခြင်း၊ ခြေရာခံခြင်းနှင့် ထိတွေ့ချေမှုန်းခြင်းလုပ်ဆောင်နိုင်သည်။ တန်ပြန်ဒရုန်းရန် ကာကွယ်တိုက်ဖျက်ရေးအတွက် NATO အဖွဲ့ဝင် နိုင်ငံအများအပြားတွင် အသုံးပြုလျက်ရှိသော SMASH Dragon လက်နက်ကို H100 နှင့် Urban ဒရုန်းများတွင် ပေါင်းစပ်တပ်ဆင်ခြင်းဖြင့် ကန့်သတ်ချက်များပြားသော မြို့ပြဧရိယာနှင့် အတားအဆီးနည်းပါး၍ ကျယ်ပြန့်သော စစ်မြေပြင်တိုက်ပွဲ နယ်မြေများတွင် ထိရောက်စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Israel Firms to Equip Logistics Drones With Advanced Robotic Weapons ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ချောင်းဦးမြို့နယ်တွင် နေကြာ ၂၈၅၂ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ချောင်းဦး ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၈၅၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၂၇၆၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၈၅၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ နေကြာဧက ၂၇၆၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၂၈၅၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်နေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် နေကြာ တိုးချဲ့ စိုက်ပျိုးနိုင်ရန်၊ နေကြာ စိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည် မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် နေကြာစိုက်တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရန်၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသော ဈေးနှုန်းဖြင့်ရောင်းချပေးနိုင်ရန်၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်း တည်ငြိမ်၍ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျုံပျော်မြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျုံပျော် ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ပဲလွမ်းဖြူများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ် ပဲအမျိုးမျိုး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဇန်နဝါရီလပထမပတ်က စတင်ပြီး ယနေ့ထိ ပဲလွမ်းဖြူများဝယ်ယူမှု အားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲလွမ်းဖြူများ အရောင်းအဝယ်ကောင်းလာခြင်းသည် ဒေသထွက် ပဲလွမ်းဖြူများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

''ဒေသထွက်ကုန် ပဲလွမ်းဖြူတွေကို ဒေသဈေးကွက် အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ အခုလ ပထမပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်လာတာ ဖြစ်ပါတယ်။ ဒေသထွက် ပဲလွမ်းဖြူတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲအထွက်နည်းလာတာနဲ့ အဝယ်လိုက်ပြီး အရောင်းသွက်နေတာ ဖြစ်ပါတယ်။ လက်ရှိဒေသမှာတော့ ပဲလွမ်းဖြူအသစ်တွေသိပ်မထွက်သေးပါဘူး''ဟု ကျုံပျော်မြို့နယ် ပဲအမျိုးမျိုး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။



ကျုံပျော်မြို့နယ်တွင် ပဲလွမ်းဖြူ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၇၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိပြီး ပဲလွမ်းဖြူအပြင် မတ်ပဲ၊ ပဲတီစိမ်း၊ ပြောင်း၊ စပါး၊ ဆန်စသည့် ရာသီထွက်ကုန်များကို တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ခန္တီးမြို့နယ် ကချင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ခန္တီး ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကင်းတော်ကျေးရွာအုပ်စု ကချင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခန္တီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဗိုလ်ဆန်း၊ ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ဥမ္မာခင်နှင့်မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကချင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၇ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာခင်က အတိုးအရင်းများကို သတ်မှတ်ကာလအတွင်း ပေးဆပ်ကြရန်နှင့် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကချင်းစုကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၃၇သန်း၊ အရောင်းအဝယ် လုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦးကို ငွေကျပ် ၁၀ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၈ ဦးကို ရန်ပုံငွေကျပ် ၄၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**






## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၇-၁-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧွှေဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၉၈၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၆၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၁၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# အိန္ဒိယသမ္မတနိုင်ငံ၏ ၇၆ နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်




**ရန်ကုန် ဇန်နဝါရီ ၂၇**

အိန္ဒိယသမ္မတနိုင်ငံ၏ ၇၆ နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Wydham-GrandHotel ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakur နှင့် ဇနီး၊ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဇနီး၊မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့်ဇနီး၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကိုဖွင့်လှစ်ပြီး အိန္ဒိယ-မြန်မာနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို ဗီဒီယိုကလစ်ဖြင့် ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံအမတ်ကြီးH.E.Mr. Abhay Thakur က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr.Abhay Thakurနှင့်ဇနီးတို့သည် အိန္ဒိယသမ္မတနိုင်ငံ၏ ၇၆ နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊သံအမတ်ကြီးနှင့်ဇနီးတို့သည် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး သံအမတ်ကြီးနှင့်ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံကြသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့်ဇနီး၊တိုင်းဒေသကြီးဝန်ကြီးများ၊ တပ်မတော်အရာရှိများနှင့်၎င်းတို့၏ဇနီးများ၊ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာဌာနေ ကိုယ်စားလှယ်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဖျာပုံခရိုင် ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊မြစ်ရေယာဉ်(စကု)တို့နှင့် အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဖျာပုံခရိုင် ဖျာပုံမြို့နယ် ဓမင်းဆိပ်ကျေးရွာ ဆုတောင်းပြည့်အဏ္ဏဝါဦးစေတီတော်မြတ်တွင်အခြေပြု၍ အဆိုပါမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၅၂ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၁ ဦး၊ ခွဲစိတ်ရောဂါ ၁၈ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၁ ဦး၊ ကလေးရောဂါ ဦးရေ ၅၀၊ အရိုးရောဂါ ၁၄၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၂ ဦး၊ မျက်စိရောဂါ ၁၄၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၁ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ မျက်စိခွဲစိတ်လူနာ တစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၇ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာဦးရေ ၄၀ တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

"သမီးဖြစ်တဲ့သူကတော့ အမေဆေးခန်းသွားပြပါ။ ကိုယ်သွားပြလို့ရှိရင် လက်ထဲမှာ ပိုက်ဆံကတစ်ပြားမှ မရှိဘူးလေ။ မရှိတဲ့အတွက်ကြောင့် ကျွန်မလဲသွားမပြဘဲနဲ့ ဝေဒနာကိုပဲခံစားရပါတယ်။ အခုလိုဆရာတို့ သဘော်လာတဲ့အတွက် ကြားရခြင်းပဲ အရမ်းလဲဝမ်းသာပါတယ်။ ကျေးဇူးလဲတင်ပါတယ်။မျက်စိခွဲပြီးသွားတော့ မြင်ရတာလဲ ကြည်လင်သွားပါတယ်။ ဆရာတို့ကိုလဲ မြင်တွေ့ရတယ်ပေါ့နော်၊ အရမ်းပဲဝမ်းသာပါတယ်။ အခုလိုဆရာတို့နဲ့တွေ့တာ ကျွန်မမျက်စိကို ကူညီပြီးတော့ခွဲပေးတာ အရမ်းကျေးဇူးတင်ပါတယ်။ အိပ်ရာဝင်တိုင်းဝင်တိုင်းမှာ ဆရာတွေအကုန်လုံးကို ပေါ့နော် ဆုတောင်းပေးပါတယ်။ ကျန်းမာပါစေချမ်းသာပါစေ"ဟု ပြောပြသည်။



"ကျွန်တော့်ရောဂါက ဂေါက်ရောဂါပါ။ အရိုးအဆစ်တွေမှာ ဘုတွေထွက်တာပါ အဲ့ဒါကိုလာခွဲတာပါ။ မတည့်တာစားလို့ ထွက်တယ်ပေါ့။ ရှောင်ပါတဲ့ မတည့်တာကို ရှောင်ပေးပါတဲ့။ ကျွန်တော်တို့ကျေးရွာမှာလဲ တိုက်နယ်ဆေးရုံရှိတယ် သို့သော်ငြားသော်လည်း ကျွန်တော်ခွဲမလို့ ပါပဲ ဆရာဝန်ကပြောင်းသွားတယ်။ အဲ့ဒီလို ပြောင်းသွားတဲ့ အခါကျတော့ ကျွန်တော်မခွဲရတော့ဘူး။ အခုလိုကျွန်တော်သွားခွဲမယ် ဆိုပြီး ရန်ကုန်ကိုသွားခွဲရမှာဆိုတော့ ကိုယ်သွားချင်တဲ့ အချိန်သွားလို့မရဘူး။ အဖော်တစ်ယောက်ပါမှလေ။ ကျွန်တော့်မှာက နောက်ကလိုက်ပေးမယ့်သူမရှိဘူး။ အခုလို နယ်လှည့် ဆေးလာကုပေးတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ခွဲစိတ်ပေးတဲ့အတွက်လည်း အထူးပဲ ဝမ်းသာပီတိဖြစ်ပါတယ်။ ပါရဂူတွေစုံလင်စွာပါတဲ့အတွက် အများပြည်သူတွေလဲ ကုသခွင့်ရတဲ့အတွက် သူတို့ကိုယ်စား ဝမ်းသာပီတိဖြစ်မိပါတယ်" ဟု ပြောပြသည်။

(၅၀၁)



# နယ်စပ်ဒေသများတွင်ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် လောင်းကစားမှုများအား တားဆီးနှိမ်နင်းရေးဆိုင်ရာ အစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၂၇**

နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် လောင်းကစားမှု (Online Gambling)များအား တားဆီးနှိမ်နင်းရေးဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အမြန်ဆုံးအရေးယူ ပြည်နှင်လွှဲပြောင်းမှုကြီးကြပ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ကရင်ပြည်နယ်ရဲတပ်ဖွဲ့နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တို့မှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင်ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက Online Scams လုပ်ငန်းများသည် ငွေကြေးလိမ်လည်မှုအပြင် လူကုန်ကူးမှု၊ လူမှောင်ခိုမှု၊မူးယစ်ဆေးဝါးမှု၊ အဓမ္မလုပ်အားခိုင်းစေမှု၊ငွေကြေးခဝါချမှုတို့နှင့် ဆက်စပ်လုပ်ဆောင်လာမှု၊အခက်အခဲများကြုံတွေ့နေရသော နိုင်ငံခြားသားများကို ကူညီရှာဖွေကယ်တင်၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းပေးနေမှု၊ အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်းပြီး နယ်စပ်ဒေသမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားများဝင်ရောက်လာမှု၊ နိုင်ငံခြားသားများသည် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသူများဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှု၊ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့အပေါ် အခြေခံ၍ အရေးယူဆောင်ရွက်ခြင်းမပြုမှု၊ မြန်မာ-တရုတ်နှစ်နိုင်ငံပူးပေါင်းပြီးOnline Scamsနှင့်Online Gambling တိုက်ဖျက်ရေးဆောင်ရွက်နေမှု၊ မူရင်းနိုင်ငံ၊ဖြတ်သန်းနိုင်ငံ၊ ဆိုက်ရောက်နိုင်ငံတို့အကြား Shared responsibility ဖြင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှု၊လိမ်လည်မှုလုပ်ငန်းလုပ်ကိုင်နေသူများအနေဖြင့် အဓိကအခြေခံအဆောက်အအုံ၊ လျှပ်စစ်ဓာတ်အား၊ အခြေခံစားသုံးကုန်များနှင့်အင်တာနက်ဆက်သွယ်မှုတို့ကို အိမ်နီးချင်းနိုင်ငံမှတစ်ဆင့် ရယူသုံးစွဲနေမှု၊အခြေခံအဆောက်အအုံနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပြည်ပနိုင်ငံသားများက လုပ်ဆောင်နေမှု၊ မြန်မာ-တရုတ် နှစ်နိုင်ငံရဲတပ်ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်ရေးဗဟိုဌာန (Police Cooperation Center) ထူထောင်၍ပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် ဆောင်ရွက်ရန်လိုအပ်မှု၊ အဆိုပါနိုင်ငံများအကြားTask Force တစ်ရပ်ဖွဲ့စည်း၍Action Planရေးဆွဲပြီး ပူးပေါင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်မှုကြောင့် ဖမ်းဆီးရမိသည့် နိုင်ငံခြားသားများအား လုပ်ထုံးထုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်မှုနှင့်ပြည်နှင်လွှဲပြောင်းမှုနှင့် ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီးဝင်းဇော်မိုးက အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams)နှင့် လောင်းကစားမှု (Online Gambling)များကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နေမှု၊ အဆိုပါမှုခင်းဖြစ်စဉ်များနှင့် စပ်လျဉ်း၍သက်ဆိုင်ရာရဲဆက်သွယ်ရေးလမ်းကြောင်းအသီးသီးမှတစ်ဆင့် နိုင်ငံတကာရဲတပ်ဖွဲ့များသို့ သတင်းဖလှယ်ဆောင်ရွက်နေမှု၊ အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scams) တိုက်ဖျက်ရေးအတွက် နိုင်ငံတကာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံအတွင်း အခက်အခဲများကြုံတွေ့နေသော နိုင်ငံခြားသားများအားရှာဖွေကူညီကယ်တင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်သူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်း မိတ်ဆက်အသိပေးခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၇**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်း မိတ်ဆက်အသိပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄) Meeting Hall ၌ကျင်းပသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ခရိုင်၊မြို့နယ်အဆင့် ကျန်းမာရေးနှင့်ပညာရေးဝန်ထမ်းများ၊ မြန်မာနိုင်ငံအမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ပညာရေးဝန်ကြီးဌာန အခြေခံပညာ သင်ရိုးညွှန်းတမ်းအသစ်များတွင် အာဟာရပညာပေးသင်ခန်းစာများကို ထည့်သွင်းရေးဆွဲသင်ကြားလေ့ကျင့်ပေးလျက်ရှိသကဲ့သို့ မိဘများအနေဖြင့် ကျန်းမာရေး၊ အာဟာရဖွံ့ဖြိုးရေးနှင့် သန့်ရှင်းရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်ပတ်သက်၍ ပိုမိုသိရှိလာစေရန် မိဘ၊ ရပ်ရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကဦးဆောင်၍ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိသားစုများ ကျန်းမာရေးနှင့် ညီညွတ်သောအစားအသောက်ပုံစံများနှင့် အလေ့အကျင့်ကောင်းများကို ပိုမိုသိရှိနားလည်၍ လိုက်နာကျင့်သုံးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သောကျောင်းသား၊ ကျောင်းသူ အနာဂတ်သားကောင်းများကို မွေးထုတ်ပေးနိုင်မည် ဖြစ်သောကြောင့် ဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက နိုင်ငံတော်၏ အရေးကြီးသော လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ အားလုံးကျန်းမာသန်စွမ်းပြီး အာဟာရပြည့်ဝကာ ကျန်းမာရေးနှင့်ညီညွတ်သော အမူအကျင့်များ စွဲမြဲကျင့်သုံးတတ်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန်၊ မူလတန်းကျောင်းသား၊ ကျောင်းသူများ၏ ကြီးထွားဖွံ့ဖြိုးကျန်းမာမှုနှင့် ပညာရေးတိုးတက်မှုများအတွက် ကျောင်းသား၊ ကျောင်းသူများသာမက ၎င်းတို့မိသားစုများ၏ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်ပုံစံများ မြှင့်တင်ပေးရန်ရည်ရွယ်ပြီး ယခုပညာသင်နှစ်တွင်ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းကို ၂၀၂၅ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီတွင် ဆောင်ရွက်ရန်စီစဉ်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇွန်တွင် ဖွင့်လှစ်မည့် ပညာသင်နှစ်တွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေးနှင့် ကျောင်းတွင်းအာဟာရကျွေးမွေးခြင်း မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌ အစားအစာများကို အစာအုပ်စု သုံးအုပ်စုပေါ်မူတည်၍ရွေးချယ်ခြင်း၊ အာဟာရတန်ဖိုးလျော့နည်းမှု အနည်းဆုံးဖြစ်စေရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းစေရန် ချက်ပြုတ်ပြင်ဆင်ပုံကို လက်တွေ့သရုပ်ပြပညာပေးခြင်း၊ KG ကျောင်းသား၊ ကျောင်းသူများအား အစာအုပ်စု (၃) အုပ်စုပါဝင်သော ထမင်း၊ ကြက်ဥ၊ သီးစုံပဲဟင်း၊ ငှက်ပျောသီးတို့ကို နေ့လယ်စာအဖြစ် ကျွေးမွေးခြင်း၊ အဏုအာဟာရမှုန့်ဖြည့်စွက်တိုက်ကျွေးခြင်း၊ နေ့လယ်စာမစားမီ စနစ်တကျလက်ဆေးခြင်း၊ နေ့လယ်စာစားပြီး သွားတိုက်ခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အိမ်ပြင်ပဲ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နိုင်ငံတော်သြဝါဒါစရိယ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ Special Dhamma Talk များ သင်ကြားပို့ချ



**ရန်ကုန် ဇန်နဝါရီ ၂၇**

နိုင်ငံတော်သြဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တည်ထောင်သူနှင့် သြဝါဒါစရိယအဖွဲ့ဝင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရသည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒီပလိုမာတန်းမှ ပါရဂူတန်းအထိ တက်ရောက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပမှ သင်တန်းသား၊ သင်တန်းသူများကို ယနေ့မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall တွင် Special Dhamma Talk ပို့ချသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ၊ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဆရာတော် ဒေါက်တာ ဘဒ္ဒန္တနေမိဉာဏ အမှူးပြုသော တက္ကသိုလ်သင်ကြားဆရာတော်ကြီးများ၊ သင်ကြားသီလရှင်များ၊ ပြည်တွင်း၊ ပြည်ပ နိုင်ငံ ၂၁ နိုင်ငံမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၂၈ ဦးတို့ တက်ရောက်ကြည်ညိုနာယူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရှမ်းပြည်နယ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး တွေ့ဆုံမှာကြား



**တောင်ကြီး ဇန်နဝါရီ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ရှမ်းပြည်နယ်အတွင်းရှိ ပြန်ကြားရေးဝန်ကြီးဌာနအောက်မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရှမ်းပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအောင်မြင်စေရေးအတွက် မီဒီယာလုပ်ငန်းများဖြင့် ပူးပေါင်းကူညီဆောင်ရွက်ကြရန် မှာကြားသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူအပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ရန် လိုအပ်သကဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း မိမိတို့တတ်ကျွမ်းသည့်ပညာရပ်များဖြင့် ပူးပေါင်းကူညီ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် မီဒီယာလုပ်ငန်းများသည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်နေသဖြင့် အကျိုးရှိစွာ အသုံးချတတ်ရန်လိုကြောင်း၊ ယခုအခါ မသမာသူများက သတင်းတု၊ သတင်းမှားများကို ထုတ်လွှင့်၍ ပြည်သူများကို အထင်အမြင်လွဲမှားအောင် ပြုလုပ်နေသည့်အတွက် မိမိတို့ဝန်ထမ်းများက သတင်းမှန်ပြန်ကြားရေးနှင့် သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းမှန်များ မှန်ကန်စွာစီးဆင်းရေးအတွက် ရုပ်မြင်သံကြားနှင့် သတင်းစာ၊ ရေဒီယိုများတွင်သာမက အွန်လိုင်းပလက်ဖောင်းမျိုးစုံမှ ထုတ်လွှင့်ဖော်ပြပေးနေသဖြင့် ပြည်သူများကျယ်ပြန့်စွာသိမြင်စေရန် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာရုံးများတွင် အခက်အခဲများရှိပါက ပြည်နယ်အစိုးရထံ တင်ပြပေးစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဝန်ကြီးချုပ်တို့သည် ဝန်ထမ်းများ၏တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ်ပေးကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့ ဘုရားဖြူရပ်ကွက်ရှိ ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ်သို့ သွားရောက်၍ ပါမောက္ခချုပ်ဆရာတော် ပါမောက္ခ ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိ (အောက်စဖို့ဒ်ဆရာတော်)အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် စာကြည့်တိုက်အတွင်း ကြည့်ရှုလေ့လာ၍ စာအုပ်စာစောင်များ ခင်းကျင်းဆောင်ရွက်ထားမှု၊ ရှေးဟောင်းစာပေကျမ်းဂန်များနှင့် ပေ၊ ပုရပိုက်များ ထိန်းသိမ်းဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုလေ့လာ၍ ကူညီဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းများကို မေးမြန်းလျှောက်ထားသည်။

အဆိုပါ ဗုဒ္ဓတက္ကသိုလ်သည် အေဒီ ၅ ရာစုမှ ၁၂ ရာစုအတွင်း ဗုဒ္ဓဘာသာပညာရှင်ရဟန်းတော်များ တည်ထောင်ထားသည့် ကမ္ဘာ့ရှေးအကျဆုံး အဆင့်မြင့်ပညာရေးဌာနဖြစ်သည့် နာလန္ဒတက္ကသိုလ်နှင့် မြန်မာနိုင်ငံ၏ ပရိယတ္တိအမွေအနှစ်ကို ထင်ရှားကျယ်ပြန့်စွာ ဖော်ဆောင်သော ဓမ္မာစရိယနှင့် သာမဏေကျော် စာသင်နည်းတို့ကို အားကျအတုယူလျက် ရှမ်းပြည်နယ်ဗုဒ္ဓတက္ကသိုလ် (Shan State Buddhist University)အဖြစ် ရှမ်းပြည်နယ်၌ ပထမဆုံးတည်ထောင်သော ဗုဒ္ဓတက္ကသိုလ်ဖြစ်သည်။

တည်ထောင်သူ အောက်စဖို့ဒ်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မသာမိသည် ၂၀၀၇ ခုနှစ်တွင် ကမ္ဘာ့အရပ်ရပ်ရှိ ဗုဒ္ဓတက္ကသိုလ်များစုစည်းပေးပြီး စည်းရုံးတည်ထောင်ထားသော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓတက္ကသိုလ်ကြီးများအသင်း (International Association of Buddhist Universities) နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်အသင်းကြီး (The International Association of Theravada Buddhist Universities) အသင်းနှစ်ခု၏ အတွင်းရေးမှူးချုပ်အနေဖြင့် နိုင်ငံတကာရှိ ဗုဒ္ဓတက္ကသိုလ်များနည်းတူ မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့အဆင့်မီ ဗုဒ္ဓတက္ကသိုလ်ကြီးတစ်ခု တည်ထောင်ရန် ပြင်းပြသောဆန္ဒဖြင့် တည်ထောင်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

**မန္တလေး ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၅)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူး တိုင်းဒေသကြီး မြေစာရင်းဦးစီးမှူး ဦးသိန်းဝင်းက လယ်ယာမြေဥပဒေပုဒ်မ-၃၀(ခ)အရ အခြားနည်းအသုံးပြုခွင့်လျှောက်ထားသည့် လုပ်ငန်းစာတွဲ ၁၃၅ တွဲနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ကစိစစ်တင်ပြရန် လွှဲပြောင်း ပေးပို့လာသည့် စိစစ်ရန်ကိစ္စရပ်များအပေါ် ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများနှင့်စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်



# စိုက်ပျိုးရေးသုတေသနဦးစီးဌာနတည်ထောင်ခြင်း ၂၁ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၇

စိုက်ပျိုးရေးသုတေသန ဦးစီးဌာန တည်ထောင်ခြင်း ၂၁ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဆင်းရှိ အဆိုပါဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အငြိမ်းစားသုတေသနပညာရှင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ဒေသသုတေသနခြံများမှ သုတေသီများနှင့် ပညာရှင်များက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားကာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် လှုပ်ရှားမှုဗီဒီယိုမှတ်တမ်းကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အောင်နိုင်တိုးစပါးမျိုးသစ်ထုတ်လုပ်နိုင်မှုအတွက် ဝန်ထမ်းများအား လက်ဆောင်ပစ္စည်းပေးအပ်ကြပြီး သုတေသနစွမ်းဆောင်ရည်ဆု ရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးတွင် အဓိကသော့ချက်ဖြစ်သည့် စိုက်ပျိုးရေးသုတေသနလုပ်ငန်းကို လွတ်လပ်ရေးမတိုင်မီ ၁၉၀၈ ခုနှစ်ခန့်မှစ၍ စိုက်ပျိုးနည်းစနစ်သုတေသနလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်ကို မှတ်တမ်းများအရသိရှိရပြီး ၁၉၅၄ ခုနှစ် ဇွန် ၂၂ ရက်တွင် အင်းစိန်မြို့နယ် ကြို့ကုန်း၌ စိုက်ပျိုးရေးသုတေသနဗိမာန် (Agricultural Research Institute – ARI) အမည်ဖြင့် တရားဝင်အဖွဲ့အစည်းတစ်ခုအဖြစ် စတင်တည်ထောင်ခဲ့ရာ မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးသုတေသနလုပ်ငန်းဆောင်ရွက်ခဲ့မှုမှာ နှစ်ပေါင်း ၇၁ နှစ် တိုင်ခဲ့ပြီဖြစ်သည်။

နောက်ပိုင်းတွင် နိုင်ငံတော်အကြီးအကဲများက စပါးအပြင် ယာသီးနှံများကိုပါ သုတေသနပြုလုပ်သင့်ကြောင်း လမ်းညွှန်ချက်အရ ၁၉၇၁ ခုနှစ်တွင် ပျဉ်းမနားမြို့နယ် ရေဆင်းနယ်မြေကို ရွေးချယ်ပြောင်းရွှေ့ခဲ့ကာ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၁၉၉၀ ပြည့်နှစ်တွင် ဗဟိုစိုက်ပျိုးရေးသုတေသနဌာန (CARI)အဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR)အဖြစ် ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင်လည်းကောင်း အဆင့်ဆင့်မြှင့်တင်ဖွဲ့စည်းခဲ့ရာ ယနေ့တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနအဖြစ် ရပ်တည်လာခဲ့သည့် နှစ်ပေါင်း ၂၁ နှစ်တိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်













တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဇန်နဝါရီ ၂၇

တနင်္သာရီ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းရှိ ဓမ္မိကာရာမတပ်ဦးကျောင်း ဆလုံဘိုးဘွားရိပ်သာ၌အခြေပြု၍ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ၉၈ ဦးကိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၃ ဦး၊ ခွဲစိတ်ရောဂါ ၁၁ ဦး၊ သားဖွားမီးယပ်ရောဂါ ငါးဦး၊ ကလေးရောဂါ ငါးဦး၊ အရိုးရောဂါ ရှစ်ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ငါးဦး၊ မျက်စိရောဂါ ၁၃ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၁၈ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် ဓာတ်မှန်ရိုက်လူနာ ရှစ်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ကိုးဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ လေးဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာနှစ်ဦးတို့ကို နီးစပ်ရာတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

“ရောဂါတစ်ခုခု ဖြစ်ပြီဆိုလို့ရှိရင် သွားရလာရတာ အဆင်မပြေပါဘူးရှင့်။ လှေဆိုတာလည်းရှိမှ သွားရတယ်။ လှေတောင်မှပဲ အခက်အခဲရှိပါတယ်။ ဒါပေမဲ့ အခုလိုမျိုးလာပြီး ကုသပေးတဲ့အတွက်ကိုလည်း အရမ်းလဲကျေးဇူးတင်ပါတယ်ရှင့်။ သမီးတို့အတွက်ကတော့ အရမ်းကို ပျော်လဲပျော်ပါတယ်၊ ပီတိလဲဖြစ်ပါတယ်။ အခက်အခဲတွေအားလုံးထဲမှာ အခုလိုမျိုးလာပြီး ကုသပေးတဲ့အတွက်ကိုလဲ အရမ်းကျေးဇူးတင်ပါတယ်” ဟု



ပြောသည်။

“ကလေးရဲ့ အနေအထားမှန်တယ်လို့လဲ ပြောပါတယ်။ ဒီမှာပြရတာလဲ အဆင်ပြေပါတယ်။ သမီးတို့အနေနဲ့ ကော့သောင်း တစ်ခါတက်ဖို့အရေးကလဲ မလွယ်ပါဘူး။ အခုလို ဆေးသင်္ဘောလာရောက်ကုသပေးတဲ့အတွက် သမီးတို့အနေနဲ့ အကုန်လုံးအဆင်ပြေသွားပါတယ်။



OG ဆရာမက တော်တော်စိတ်ရှည်ပါတယ်။ ကလေးအနေအထားတွေ အကုန်လုံး ရှင်းပြပါတယ်။ နောင်နှစ်တွေလဲ လာနိုင်ပါစေလို့ ဆုတောင်းပါတယ်” ဟု ပြောသည်။ (၅၀၁)



# နေပြည်တော်၌ ရုရှားဘာသာစကား(အခြေခံ)သင်တန်း ဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရုရှားနိုင်ငံသား ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်စဉ် ကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ရန်ရည်ရွယ်၍ ရုရှားဘာသာစကား(အခြေခံ)သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နေပြည်တော်ရှိ ဟိုတယ်များမှ မန်နေဂျာများ၊ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းမှ နည်းပြဆရာများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ခရီးသွားဈေးကွက်ဝင်နိုင်ငံဖြစ်သည့် ရုရှားနိုင်ငံမှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် ၎င်းတို့နိုင်ငံ၏ ဘာသာစကားများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ရုရှားဘာသာစကားဒီပလိုမာသင်တန်းများ၊ရုရှားဘာသာစကား(အခြေခံ)သင်တန်းများနှင့်မွမ်းမံသင်တန်းများကို ပြည်ထောင်စုနယ်မြေနေပြည်တော်အပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ခရီးသွားကဏ္ဍ၌ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများကိုအကောင်အထည်ဖော်ခြင်းဖြင့် ဒေသခံပြည်သူများနှင့် အခွင့်အရေးကို လက်လှမ်းမမီသည့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်သို့ နိုင်ငံခြားသားခရီးသည်များနှင့်ရုရှားနိုင်ငံသားခရီးသည်များ လာရောက်မှုနှင့် ခရီးစဉ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းပို့ချပေးနေမှုကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါသင်တန်းသို့ ပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်းရှိ ဟိုတယ်နှင့် တည်းခိုရိပ်သာများမှ ဝန်ထမ်းများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportalစာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန(https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန(https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန(https://www.moi.gov.mm)
၄။ Myawady Webportal(https://myawady.net.mm)
၅။ Myanmar National Portal(https://myanmar.gov.mm)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင်FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“ပြည်သူကိုနည်းမျိုးစုံနဲ့ ဒုက္ခပေးလျက် အကြမ်းဖက် PDF”**ခေါင်းစဉ်ဖြင့် ၂၉-၁-၂၀၂၅ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“နိုင်ငံရပ်ခြားတွင် အခြေကျနေကုန်သော တော်လှန်ရေးဗန်းပြသူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

☆ **ကျောဖုံးမှအဆက်**

ပွဲချိန် မိနစ် ၈၀တွင် စောမျိုးဇော်က သစ္စာအားမာန်အသင်းအတွက် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည့်အတွက် သရေရလဒ်ထွက်ပေါ်ရန်နီးစပ်ခဲ့သော်လည်း ပွဲချိန် ၈၂ မိနစ်တွင် ဆွမ်လမန်က ဒဂုံစတားအသင်းအတွက်ဦးဆောင်ဂိုးပြန်လည်သွင်းယူပေးနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ဒဂုံစတားအသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ဒဂုံစတားအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး သွင်းဂိုး တစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည့် လူငယ်တိုက်စစ်ကစားသမား စွမ်းထက်က ဆွတ်ခူးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇) နောက်ဆုံးပွဲစဉ်အဖြစ် ဇန်နဝါရီ ၂၈ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဒဂုံပေ့ါအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# မတူညီသည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို အပြန်အလှန် ချိတ်ဆက်ပေးချေနိုင်သည့် National Level Standard အဖြစ် MMQR နှင့်စပ်လျဉ်း၍ အသုံးပြုသူများနှင့် ကုန်သည်များကို အသိပညာပေး

**နေပြည်တော် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်က အကောင်အထည်ဖော်လျက်ရှိသော National Level Standard ဖြစ်သည့် MMQR (Myanmar Quick Response) အသုံးပြုပြီး မတူညီသည့်ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်သည့် Digital Payment Switch ၏ ဆောင်ရွက်နိုင်ခြင်းဆိုင်ရာအသိပညာပေးခြင်းကို ယနေ့နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ The Eravati Sule Grand Yangon ၌ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊မြန်မာနိုင်ငံလက်လီရောင်းချသူများအသင်း၊ရွှေလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မြန်မာဒစ်ဂျစ်တယ်စီးပွားရေးဆိုင်ရာလုပ်ငန်းရှင်အသင်း၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၊ မြန်မာစီးပွားရေးလုပ်ငန်းရှင် အမျိုးသမီးများကွန်ရက်၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်၊ ဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ရောင်းချသူကိုယ်စားငွေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းများ၊ မိတ်ဖက်ကုန်သည်များ၊ System Operator နှင့် နည်းပညာအကူအညီပေးသည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက MMQR အသုံးပြုခြင်းဖြင့် မည်သည့် Mobile Wallet (မိုဘိုင်းပိုက်ဆံအိတ်)ကို မဆို အပြန်အလှန်ချိတ်ဆက်ပေးချေနိုင်သည့် လုံခြုံ၍စွမ်းရည်ပြည့်ဝသော ငွေပေးချေမှုစနစ်တစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ပြီး ငွေသားကိုင်တွယ်သုံးစွဲမှုကိုလျှော့ချနိုင်မည်ဖြစ်ကြောင်း၊အသုံးပြုသူများအနေဖြင့် မိမိကြိုက်နှစ်သက်ရာ Wallet တစ်ခုတည်းကိုသာ အသုံးပြု၍ ကုန်သည်များကိုပေးချေနိုင်ခြင်း၊ ကုန်သည်များအနေဖြင့်လည်း QR မျိုးစုံထားရှိရန် မလိုအပ်ဘဲ MMQR တစ်ခုတည်းဖြင့် Wallet အမျိုးမျိုးပေးခြင်းကို လက်ခံနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်ပခရီးသွားများအတွက် ငွေသယ်ယူရန်မလိုအပ်ဘဲ MMQR ဖြင့် ပြည်တွင်း၌ သုံးစွဲနိုင်ရေးအတွက် အာဆီယံနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများဖြင့် ချိတ်ဆက်နိုင်ရေး ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း ဖြင့် ပြောကြားသည်။






ထို့နောက် System Operator ဖြစ်သည့် Pay Plus Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက Digital Payment Switch(MMQR)၏လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ဘဏ်များ၏ကိုယ်စားလှယ်များက MMQR အသုံးပြုခြင်းဖြင့် ကုန်သည်လုပ်ငန်းရှင်ကြီးများရရှိနိုင်မည့် အကျိုးကျေးဇူးများ၊သိရှိရမည့်အချက်များနှင့်ဆောင်ရန်၊ ရှောင်ရန်တို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ကုန်သည်လုပ်ငန်းရှင်ကြီးများနှင့် တက်ရောက်လာသူများ၏သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ ကိုယ်စားလှယ်များက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




# တိုက်ကြီးမြို့နယ် အင်းတရာကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ အင်းတရာကျေးရွာရှိ ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အင်းတရာအထက်ဘုန်းတော်ကြီးကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၀၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ကလေးရောဂါ၊မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# "Green Spotted Triangle" လိပ်ပြာပုံ(၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးရောင်းချမည်

**နေပြည်တော် ဇန်နဝါရီ ၂၇**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် "Green Spotted Triangle"လိပ်ပြာပုံ(၂၀၀ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် တပို့တွဲလဆန်း ၄ ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး၊ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ဖေဖော်ဝါရီ ၁ ရက်(စနေနေ့)တွင် ဝယ်ယူသောစာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)




## ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၅၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်ပတ်သက်၍ ငွေကြေးများတောင်းခံခဲ့ကြသည့် ဝန်ထမ်းများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်


ရဲမှူး သန်းဇော်


အကြီးတန်းစာရေး ကျော်ခိုင်လတ်


အငယ်တန်းစာရေး သူရိန်ညွန့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ ငွေကြေးများတောင်းခံခဲ့ကြသူများကို တွေ့ရစဉ်။


မောင်ကျော်မင်းခန့်၏ မိဘများထံသို့ ငွေကျပ်သိန်း ၁၃၀ ကို သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၇**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိကြသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ရည်ရွယ်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ်(၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ်အလိုက် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ စနစ်တကျဖွဲ့စည်းထားရှိ၍ ထုတ်ပြန်ထားသည့် ပြည်သူ့စစ်မှုထမ်း ဥပဒေနှင့်အညီသာ ရွေးချယ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူများ သိရှိနားလည်စေရန် ရုပ်မြင်သံကြားများနှင့် သတင်းစာများတွင် ထုတ်ပြန်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းဥပဒေအရ အကျုံးဝင်သည့် အသက် ၁၈ နှစ်မှ ၃၅ နှစ်ထိ အမျိုးသားများကိုသာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆင့်ခေါ်ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ ဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိသော်လည်း ဇန်နဝါရီ ၂၆ ရက်၌ တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ ရွှေဘိုမြို့နယ်အတွင်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ ငွေကြေးအလွဲသုံးစားမှုဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖြစ်စဉ်ကို မြေပြင်သတင်းစိစစ်ဖော်ထုတ်ခဲ့ရာ ဇန်နဝါရီ ၂၄ ရက် ည ၇ နာရီခန့်တွင် ရွှေဘိုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ မြို့နယ်ရဲမှူး သန်းဇော်တို့ ဦးဆောင်သည့် ဧည့်စာရင်းစစ်ဆေးရေးအဖွဲ့သည် ရွှေဘိုမြို့ အမှတ်(၄)ရပ်ကွက်အတွင်း ဧည့်စာရင်းလိုက်လံစစ်ဆေးခဲ့ကြောင်း၊ စစ်ဆေးစဉ် မောင်ကျော်မင်းခန့်၊ အသက် ၂၄ နှစ် (အဘ) ဦးကိုကိုလေး ကျောက်မြစ်ကျေးရွာ နေထိုင်သူသည် ဧည့်စာရင်း တိုင်ကြားထားခြင်းမရှိဘဲ ရောက်ရှိနေထိုင်လျက်ရှိသဖြင့် ပြည်သူ့စစ်မှုထမ်း စာရင်းသွင်းမည်ဟုဆိုကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ထို့နောက် မောင်ကျော်မင်းခန့်၏မိဘများထံသို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အငယ်တန်းစာရေး သူရိန်ညွန့်က ငွေကျပ်သိန်း ၁၃၀ ပေးပါက မောင်ကျော်မင်းခန့်အစား အခြားသူတစ်ဦးကို လူစားလဲလှယ်ပေးမည်ဟု ဆက်သွယ်ပြောဆိုလာခဲ့သဖြင့် ဇန်နဝါရီ ၂၅ ရက် ညနေ ၃ နာရီခန့်တွင် မောင်ကျော်မင်းခန့်၏ ဖခင်ဖြစ်သူ ဦးကိုကိုလေးက သွားရောက်ပေးဆောင်ခဲ့ရကြောင်း သိရှိရသည်။

ဆက်လက် စိစစ်ဖော်ထုတ်ချက်များအရ အဆိုပါငွေကျပ်သိန်း ၁၃၀ ကို ရွှေဘိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဇော်က ၂၅ သိန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အကြီးတန်းစာရေး ကျော်ခိုင်လတ်က ၂၅ သိန်း၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ အငယ်တန်းစာရေး သူရိန်ညွန့်က သိန်း ၃၀၊ မောင်ကျော်မင်းခန့်အစား လူစားထိုးလဲလှယ်မည့် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်တွင်နေထိုင်သူ သန်းစိုးထိုက်က သိန်း ၅၀ စသည်ဖြင့် အသီးသီးခွဲယူခဲ့ကြကြောင်း ဖော်ထုတ်ရရှိခဲ့သည်။

ဖြစ်စဉ်တွင် ပြည်သူ့စစ်မှုထမ်းဥပဒေကို အလွဲသုံးစားပြုလုပ်၍ ငွေကြေးရယူဆောင်ရွက်ခဲ့ကြသူများကို တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်၎င်းတို့ရယူခဲ့ကြသည့် ငွေကျပ်သိန်း ၁၃၀ ကိုလည်း မောင်ကျော်မင်းခန့်၏ မိသားစုများထံသို့ သက်ဆိုင်ရာတာဝန်ရှိသူများက ဇန်နဝါရီ ၂၆ ရက် ည ၉ နာရီခွဲတွင် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များအနေဖြင့် ပြည်သူ့စစ်မှုထမ်းများကို ဆင့်ခေါ်ရာတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေသတ်မှတ်ချက်များအတိုင်းသာ ဆင့်ခေါ်သွားရန်နှင့် ငွေကြေးများ တောင်းခံခြင်း၊ လူစားထိုးလဲလှယ်ခြင်းများမရှိစေရေး တာဝန်ရှိသူများကအသိပညာပေးမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ပြည်သူများအနေဖြင့်လည်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်မှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီဆင့်ခေါ်မှုမရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်သွယ်သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

# မတ္တရာမြို့နယ် စကျင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရပြီး လူနေအိမ်တချို့ ပျက်စီးခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၇**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် စကျင်ရွာကို ဇန်နဝါရီ ၂၆ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ပြည်သူ သုံးဦး ထိခိုက်ဒဏ်ရာရရှိပြီး လူနေအိမ်တချို့ ပျက်စီးခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများ၏ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းဒေသအတွင်း အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်မှုမရှိစေရေးနှင့် ပြည်သူ့ဘဝလုံခြုံရေးအတွက် လိုအပ်သည့် နယ်မြေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းများကိုဥပဒေနှင့်အညီဆောင်ရွက်လျက်ရှိပြီး ကျေးရွာများအတွင်းသို့ အကြောင်းမဲ့တစ်စုံတစ်ရာပစ်ခတ်ခဲ့မှုမရှိကြောင်း၊အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့်၎င်းတို့အပေါ်အားပေးထောက်ခံမှု မရှိသည့်ကျေးရွာများကို အကြောက်တရားလွှမ်းမိုးစေရန်ကျေးရွာများအတွင်း သို့လက်နက်ကြီးများဖြင့်ပစ်ခတ်ခြင်းများ လုပ်ဆောင်လျက်ရှိရာ လူနေအိမ်များ ပျက်စီးပြီး အပြစ်မဲ့အရပ်သားပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများလည်း ရှိကြောင်း၊ထိုသို့အကြမ်းဖက်သမားများ၏လုပ်ရပ်များကိုဖုံးကွယ်ရန်နှင့်လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားလာစေရန် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)




**ရှေ့ဖုံးမှအဆက်**

နေ့စဉ်(နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ) ဆေးကုမ္ပဏီ ၄၀ က ဆေးဝါးမျိုးစုံတို့ကို ပါဝင်ပြသ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဆေးဝါးဝယ်ယူရာ၌ဝယ်ယူမရခြင်းများနှင့် အခြားသောအခက်အခဲများ ရှိနိုင်ခြင်းတို့အပြင် ဆေးဝါးမှားယွင်းဝယ်ယူမိခြင်း မရှိစေရန်နှင့် အာနိသင်ရှိသောအလားတူဆေးဝါးများကို စိတ်ချစွာဝယ်ယူနိုင်ရန်အတွက် ဆွေးနွေးတိုင်ပင် လမ်းညွှန်မှုပြုပေးနိုင်ရန် ပြပွဲတွင် ဆရာဝန်နှင့် ဆေးဝါးနားလည်ကျွမ်းကျင်သူများကို ထားရှိကာ ဝန်ဆောင်မှုပေး ဆောင်ရွက်သွားမည်ဖြစ်သည်။

“ဆေးဝါးတွေကို အလွယ်တကူရရှိနိုင်ဖို့အတွက် အလှည့်ကျဆရာဝန်တွေလဲရှိပါတယ်။ ဥပမာ ဒီဆေးသောက်ချင်တယ်ဆိုရင် ဆေးကိုလဲရှာပေးမယ် သို့သော် မရှိခဲ့ဘူးဆိုရင်လဲ ဒီဆေးနဲ့အလားတူသောက်လို့ရမယ်ပေါ့။ Brand ကွာမယ် Chemical တူမယ့် ပုံစံမျိုးကိုကူညီရှာဖွေပေးသွားမှာဖြစ်ပါတယ်။ နောက်ပြီး ဆေးဝါးနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကိုလဲ သေသေချာချာရှင်းပြပေးသွားမှာဖြစ်ပါတယ်။ ဆေးဝါးတွေအနေနဲ့ကတော့ ဆီးချို၊သွေးတိုး၊နှလုံး၊ကျောက်ကပ်ဆေး၊အားဆေးအမျိုးမျိုး၊ပိုးသတ်ဆေး၊ အပူကျဆေး၊ ချောင်းဆိုးပျောက်ဆေးစသဖြင့် ဆေးဝါးမျိုးစုံကိုတစ်နေရာတည်းမှာ ရရှိနိုင်မှာဖြစ်ပါတယ်”ဟုမြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ထို့ပြင် လာမည့်ဖေဖော်ဝါရီလအတွင်း ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင်လည်း အရောင်းစင်တာများ ထပ်မံဖွင့်လှစ်၍ ဆေးကုမ္ပဏီများက သုံးစွဲသူပြည်သူများသို့ တိုက်ရိုက်ဆေးဝါးရောင်းချခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ဆေးဝါးသုံးစွဲသူပြည်သူများအနေဖြင့် မိမိတို့ကျန်းမာရေးအတွက် လိုအပ်သောဆေးဝါးများကို အဆိုပါဆေးဝါးအရောင်းစင်တာများတွင် လေ့လာကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းအနေဖြင့် အဆိုပါဆေးဝါးတိုက်ရိုက်ရောင်းချပွဲများကို ပထမအကြိမ်အနေအဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ရန်ကုန်၊ နေပြည်တော်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အရောင်းစင်တာများဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း သတင်းရရှိသည်။ လင်းနေ(သတင်းစဉ်)

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

လျှပ်စစ်မီတာခ သက်သာဖို့
LED ပစ္စည်း သုံးကြစို့။

## တောင်ကိုရီးယားနိုင်ငံတွင် ဆီးနှင်းများကျဆင်းမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုများဖြစ်ပွားနိုင်



ဆိုးလ် ဇန်နဝါရီ ၂၇

တောင်ကိုရီးယားနိုင်ငံတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းလျက်ရှိသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပွားနိုင်ပြီး ခရီးသွားလာရာတွင် အန္တရာယ်မကျရောက်စေရေး သတိထားသွားလာကြရန် ကိုရီးယားမိုးလေဝသဌာနက ဇန်နဝါရီ ၂၆ ရက်တွင် သတင်းထုတ်ပြန်ထားကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် တစ်နာရီလျှင် ၃ စင်တီမီတာမှ ၅ စင်တီမီတာထိ ဆီးနှင်းထူထပ်စွာ ကျဆင်းခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် တရုတ်နှစ်သစ်ကူးအားလပ်ရက်များအတွင်း ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ အထူးသဖြင့် မြို့ပြနယ်နိမိတ်များအတွင်း ယာဉ်ကြောပိတ်ဆို့မှုများ ကြီးမားစွာ ဖြစ်ပေါ်နိုင်ကြောင်း ကိုရီးယား မိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ဆီးနှင်းထူထပ်စွာ ကျဆင်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများကြောင့် မြင်နိုင်စွမ်းကျဆင်းနိုင်သဖြင့် ယာဉ်မောင်းများ အနေဖြင့် မော်တော်ယာဉ်များကို နှင်းထုအတွင်း မောင်းနှင်ရာတွင် လိုအပ်သော ပြင်ဆင်မှုများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသင့်ကြောင်း၊ လေကြောင်းသွားလာမှုများ အခက်အခဲဖြစ်ပေါ်နိုင်သဖြင့် လေကြောင်းဆိုင်ရာအချက်အလက်များကို ကြိုတင်စစ်ဆေးကြရန် အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နှင်းထုထပ်စွာ ကျဆင်းမှုဖြစ်ပေါ်ရခြင်းမှာ ကိုရီးယားကျွန်းဆွယ်ဒေသအတွင်းဖြစ်ပေါ်လျက်ရှိသော လေထုစိုထိုင်းစ အခြေအနေနှင့် ပင်လယ်သမုဒ္ဒရာအပူချိန်ပြောင်းလဲမှုတို့ကြောင့် အဆိုပါအခြေအနေ ဖြစ်ပွားရခြင်းဖြစ်ကြောင်း မိုးလေဝသဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ref : Russia Today

Trs : AZH

## အနောက်ဩစတြေးလျပြည်နယ်တွင် တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် နေအိမ်သုံးလုံး မီးလောင်ပျက်စီးခဲ့

ကင်ဘာရာ ဇန်နဝါရီ ၂၇

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ် အာသာရေးဗားမြို့အနီးတွင်တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဇန်နဝါရီ ၂၅ ရက်က နေအိမ်သုံးလုံး မီးလောင် ပျက်စီးခဲ့ကြောင်း အနောက်ဩစတြေးလျပြည်နယ် အရေးပေါ်စီမံခန့်ခွဲရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ဇန်နဝါရီ ၂၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် နာရစ်ကပ်မြို့သို့လည်း ကူးစက်လောင်ကျွမ်းခဲ့ပြီး နာရစ်ကပ်မြို့တွင် နေအိမ်တစ်လုံး မီးလောင်ပျက်စီးခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် ဇန်နဝါရီ ၂၄ ရက်က စတင်ခဲ့ခြင်းဖြစ်သော်လည်း ဇန်နဝါရီ ၂၅ ရက်မှစ၍ တောမီးအရှိန်ပြင်းထန်လာခဲ့ခြင်းဖြစ်ပြီး နေအိမ်များသို့ကူးစက် လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကြောင့် ဓာတ်တိုင်များ တောမီးကူးစက်လောင်ကျွမ်းခဲ့ပြီး နေအိမ်နှင့် စီးပွားရေးအဆောက်အအုံ စုစုပေါင်း ၃၈၀၀၀ ကျော်ထိ လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း သိရသည်။

"တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဓာတ်တိုင်တချို့ မီးထဲပါသွားခဲ့တယ်။ လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် အန္တရာယ်မဖြစ်စေရေးကိုသာ ဦးစားပေးဆောင်ရွက်နေရတယ်။ တောမီးငြိမ်းသတ်တာ စိတ်ချရတဲ့အခြေအနေရောက်မှပဲ လျှပ်စစ်မီးပြန်လည်ရရှိရေးကို ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု Western Power ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

## ၂၀၂၄ ခုနှစ်အတွင်း နိုင်ဂျီးရီးယားရေကြီးရေလျှံမှုကြောင့် ကျောင်းသား၊ ကျောင်းသူ ၂ ဒသမ ၂ သန်းထိ ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ

အဘူဂျာ ဇန်နဝါရီ ၂၇

နိုင်ဂျီးရီးယားနိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသော နိုင်ငံများအနက် အဆိုးရွားဆုံးသော နိုင်ငံစာရင်းတွင် ပါဝင်ခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် ကျောင်းသား၊ ကျောင်းသူ ၂ ဒသမ ၂ သန်းထိ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရကြောင်း နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) အကြီးအကဲက ယနေ့တွင် ပြောကြားခဲ့သည်။

အဆိုပါပမာဏသည် နိုင်ဂျီးရီးယားနိုင်ငံ၏ အနာဂတ်ပညာရေးလောကအတွက် စိုးရိမ်ဖွယ်ရာဖြစ်နေပြီး ကျောင်းသား၊ ကျောင်းသူများ စာသင်ခန်းများအတွင်း အမြန်ဆုံးပြန်လည်ဝင်ရောက်နိုင်ရေးကို ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (UNICEF) က ကူညီပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ကျောင်းသား၊ ကျောင်းသူများကို ယခုပညာသင်နှစ်အတွင်း ပညာသင်ကြားမှုများ ပြုလုပ်နိုင်ရေးအတွက် ရေဘေးအန္တရာယ်ကြောင့် ပျက်စီးခဲ့ရသည့် စာသင်ကျောင်းများကို အမြန်ဆုံး ပြုပြင် ပေးသွားရန်လိုကြောင်း နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ UNICEF အကြီးအကဲ ရာဟာမာက ပြောကြားခဲ့သည်။



"၂၀၂၄ ခုနှစ်အတွင်း နိုင်ဂျီးရီးယားနိုင်ငံ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပါတယ်။ ရေကြီးရေလျှံမှုကြောင့် ဂျီဂါဝါပြည်နယ်တစ်ခုတည်း၌ပင် စာသင်ကျောင်းပေါင်း ၁၁၅ ကျောင်းထိ ပျက်စီးခဲ့ပါတယ်။ စာသင်ကျောင်းတွေ ပျက်စီးခဲ့သလို ရေဘေးသင့်ပြည်သူတွေလဲ နေရပ်ကို စွန့်ခွာခဲ့ကြရပြီး ဒုက္ခသည်စခန်းမှာ နေကြရတယ်။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့အထဲမှာ ကျောင်းသား၊ ကျောင်းသူပေါင်း ၂ ဒသမ ၂ သန်းလောက်ထိ ရှိနေတယ်"ဟု နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ UNICEF အကြီးအကဲ ရာဟာမာက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

## အင်ဒိုနီးရှားနိုင်ငံ အလယ်ဂျာဗားပြည်နယ် ရေဘေးသင့်ပြည်သူများကို စားနပ်ရိက္ခာပံ့ပိုး

ဂျကာတာ ဇန်နဝါရီ ၂၇

အင်ဒိုနီးရှားနိုင်ငံ အလယ်ဂျာဗားပြည်နယ် ပီကာလောင်ဂန်ခရိုင်တွင် ပြီးခဲ့သောသီတင်းပတ်က မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ရေဘေးသင့်ခဲ့ရသည့် မိသားစုများအတွက် အင်ဒိုနီးရှား အမျိုးသားစားနပ်ရိက္ခာအေဂျင်စီနှင့် ပြည်နယ်အစိုးရတို့ပူးပေါင်း၍ စားနပ်ရိက္ခာများကို ဇန်နဝါရီ ၂၅ တွင် ပံ့ပိုးမှုများဆောင်ရွက်ခဲ့ကြောင်း ပြည်နယ်အစိုးရ၏ ထုတ်ပြန်ချက်များကို ကိုးကား၍ ဇန်နဝါရီ ၂၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

အင်ဒိုနီးရှားနိုင်ငံ အလယ်ဂျာဗားပြည်နယ် ပီကာလောင်ဂန်ခရိုင်နှင့် ပီတောင်ကရီရာနာခရိုင်တို့တွင် ဇန်နဝါရီ ၂၀ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများပါဖြစ်ပွားခဲ့ရာ နေအိမ်များထိခိုက်ပျက်စီးခြင်း၊ ကားများ ရေထဲမျောပါခြင်းနှင့် လူတချို့ အပျက်အစီးများ အောက်တွင် ပိတ်မိပျောက်ဆုံးမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ရေကြီး၊ မြေပြိုမှုကြောင့် ဒုက္ခရောက်နေတဲ့ မိသားစုတွေအတွက် အင်ဒိုနီးရှား အမျိုးသားစားနပ်ရိက္ခာအေဂျင်စီနှင့် ပြည်နယ်အစိုးရတို့ပူးပေါင်းပြီး ဆန် ၁၀ တန်နဲ့ ဟင်းချက်ဆီ၊ သကြားစတဲ့ အခြေခံစားစရာတွေကို ပံ့ပိုးပေးခဲ့ပါတယ်"ဟု ပြည်နယ် စားနပ်ရိက္ခာရေးရာညှိနှိုင်းရေးဝန်ကြီး ဇူကီဖလီဟက်ဆန်က ပြောကြားခဲ့သည်။

ရေကြီး၊ မြေပြိုမှုများကြောင့် ပြည်နယ်အစိုးရက ဇန်နဝါရီ ၂၁ ရက်မှစ၍ ၁၄ ရက်တာ အရေးပေါ် အခြေအနေအဖြစ် ကြေညာထားပြီး ကယ်ဆယ်ရေးဝန်ထမ်းဦးရေ ၄၀၀ ခန့်ဖြင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ဇန်နဝါရီ ၂၅ ရက်ထိ သေဆုံးသူအရေအတွက် ၂၅ ဦးထိ ရှာဖွေတွေ့ရှိခဲ့ပြီး ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင်လျက်ရှိကြောင်း ပြည်နယ်အစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

## အင်္ဂလန်နိုင်ငံ ဒေါ်ဆက်ကောင်တီတွင် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထား

လန်ဒန် ဇန်နဝါရီ ၂၇

အင်္ဂလန်နိုင်ငံ ဒေါ်ဆက်ကောင်တီတွင် မိုးသည်းထန်စွာရွာသွန်းကာ မြစ်ရေလျှံတက်မှုဖြစ်ပေါ်လာနိုင်သည့် အခြေအနေကြောင့် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း အင်္ဂလန် သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EA)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။


မိုးရေချိန်ဆက်လက်မြင့်တက်လာပါက မြစ်ရေလျှံတက်မှုဖြစ်ပေါ်လာမည်ဖြစ်ပြီး ရေနုတ်မြောင်းစနစ်များလည်း ပိတ်ဆို့မှုဖြစ်ပေါ်ကာ ဆိုးရွားသည့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရနိုင်ကြောင်း၊ Met Office ကလည်း မိုးရေချိန်မှာ ၁၀ မီလီမီတာမှ မီလီမီတာ ၂၀ ထိ ရွာသွန်းမှုဖြစ်ပေါ်နေပြီး လာမည့်ရက်ပိုင်းအတွင်း မိုးရေချိန် မီလီမီတာ ၃၀ မှ မီလီမီတာ ၅၀ ထိ မြင့်တက်သွားနိုင်ကြောင်း၊ ရေကြီးရေလျှံမှုဖြစ်ပေါ်လာပါက ဒေါ်ဆက်ကောင်တီ အပါအဝင် အင်္ဂလန်နိုင်ငံနှင့် ဝေလနိုင်ငံ နယ်စပ်ဒေသများတွင် ရေဘေးအန္တရာယ်ဖြင့် အဆိုးရွားဆုံး ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EA)က ထုတ်ပြန်ခဲ့သည်။

"မိုးရေချိန် မြင့်မားစွာရွာသွန်းနေပြီး မိုးရေချိန် ဆက်လက်မြင့်တက်လာနိုင်တဲ့အတွက် လာမဲ့ရက်ပိုင်းအတွင်း ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်တယ်။ ဒေါ်ဆက်ကောင်တီမှာတော့ ရေနုတ်မြောင်းစနစ်တွေ နေရာတချို့မှာ စတင်ပိတ်ဆို့နေပြီဖြစ်တဲ့အတွက် ရေဘေးအန္တရာယ် သတိပေးချက်အဝါရောင်အဆင့် သတ်မှတ်ထားပါတယ်။ မိုးရေချိန်ဒီထက်မြင့်မားလာရင်တော့ အင်္ဂလန်နိုင်ငံနဲ့ ဝေလနိုင်ငံ နယ်စပ်ဒေသတွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု အင်္ဂလန် သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EA) မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ



ဝတ္ထုတိုကဏ္ဍ

# လူရင်းထိုးတဲ့ဓား

မေခြူးသွယ်(တွံတေးမြေ)

(၁)

"မင်း ထွန်းအောင်နဲ့ပေါင်းတာ ကြည့်ပေါင်းနော် မျိုးဝေ"

နံနက်ခင်းအလုပ်သွားရန် စုဝေးထွက်လာကြစဉ် ကိုတောက်ထွန်းက မျိုးဝေကို သတိပေးစကားပြောနေခြင်းဖြစ်သည်။ မျိုးဝေသည် ပြုံးပြုံးကလေး နားထောင်ရင်း-

"ကိုထွန်းအောင်က သဘောကောင်းပါတယ်ဗျာ။ အနေလဲ အေးသလို စကားပြောလဲ ကောင်းပါတယ်"

သူ့စကားကြောင့် ကိုတောက်ထွန်းသည် ခေါင်းတညိတ်ညိတ်လုပ်ရင်း -

"မင်းက မကြုံဖူးသေးလို့ အယုံလွယ်နေတာပါကွာ။ လူတိုင်းကို မယုံကြည့်ရဘူး။ အရင်းဆုံး ပြောရရင် ကိုယ့်ဒူးတောင် ကိုယ်မယုံရဘူး ငါ့ကောင်ရေ"

ကိုတောက်ထွန်း စကားကို မှန်သလား၊ မှားသလား သူမဆုံးဖြတ်မိပေ။ ကိုယ်ကောင်းလျှင် ကိုယ်မမှားဘူးဟု ခံယူထားသည်။ သူ့အတွက် ရိုးသားပွင့်လင်းစွာ စကားဆိုတတ်သည့် ကိုထွန်းအောင်သည် မိတ်ဆွေကောင်းဖြစ်နေခဲ့သည်။

(၂)

မျိုးဝေသည် ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲမှ ပန်းရန်ဆရာတစ်ယောက်ဖြစ်သည်။ ထို့အတွက်ကြောင့် သူသည် အပေါင်းအသင်းများသလို သူနှင့်ပခုံးဖက်ပေါင်းသည့်သူ များသည်။ သူသည် ရွာသားတစ်ယောက်ဖြစ်ပြီး ရိုးလွန်း၊ အလွန်းသည်။ လူအများစုကို အယုံလွယ်သည်။ ထိုလူများထဲတွင် သူအယုံကြည်ဆုံးသည် ထွန်းအောင်ဆိုသော သူငယ်ချင်းဖြစ်သည်။ ထွန်းအောင်သည် အပြောကောင်းသည်။ လူတိုင်းနှင့် တည့်အောင်ပေါင်းတတ်သည်။ ပေါင်းသင်းဆက်ဆံရေးတွင် လွန်စွာလိမ္မာပါးနပ်သူဖြစ်သည်။ စကားအလှများ ပြောပြီး လူတစ်ယောက်ကို သူ့လူဖြစ်အောင် သိမ်းသွင်းတတ်သည်။ ထိုလူများထဲတွင် မျိုးဝေသည်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။

"မျိုးဝေရေ အလုပ်သိမ်းရင် ပိုက်ဆံအတူတူသွားရှင်းရအောင်ကွာ"

"အေး အေး ထွန်းအောင်။ ငါ ဒီဘိလပ်မြေလေး ကုန်အောင်ပေါက်ပြီးရင် သွားကြမယ်လေ။ ဦးဘသော်အိမ်ကို သွားကြတာပေါ့"

မျိုးဝေတစ်ယောက် ဘိလပ်မြေပေါက်နေရင်း လှမ်းအော်ပြောလိုက်၏။ ကိုတောက်ထွန်းမှာ မျိုးဝေကိုကြည့်ပြီး ခေါင်းသာ ယမ်းလိုက်မိသည်။ မျိုးဝေကို ထွန်းအောင်နှင့် ပတ်သက်၍ ကိုတောက်ထွန်းကိုယ်တိုင် သတိပေး သည်ကို မျိုးဝေ နားမထောင်ခဲ့ပေ။ ထို့ကြောင့် ကိုတောက်ထွန်း စိတ်ကို လျှော့ချလိုက်ရသည်။

(၃)

"မျိုးဝေ ပိုက်ဆံရှိသေးလား။ ပိုက်ဆံရှိသေးရင် ငါ့ကို ချေးစမ်းပါအုံးကွာ"

ထွန်းအောင်၏ စကားကြောင့် မျိုးဝေထမင်းစားနေရာမှ လှမ်းကြည့်လိုက်ပြီး-

"အသုံးလို နေလို့လား ထွန်းအောင်"

"အေးကွာ။ ရွာက အမေ ကျန်းမာရေးမကောင်းတော့ ငါ ငွေလိုနေတယ်ကွာ"

ထွန်းအောင်သည် စိတ်ပျက်အားငယ်စွာ စကားဆိုသည်။ ထိုအခါ လူတိုင်းအပေါ်တွင် သနားကြင်နာတတ်သည့် မျိုးဝေသည် ထွန်းအောင်ကို အားပေးနှစ်သိမ့်ခဲ့သည်။

"တအားကြီး စိတ်ဓာတ်မကျနဲ့။ မင်းလိုနေတဲ့ ငွေ ငါ ပေးပါ့မယ်ကွာ"

"ကျေးဇူး ကျေးဇူးပါကွာ"

ပျော်ရွှင်ဝမ်းသာရိပ် သန်းသွားသည့် ထွန်းအောင်၏ မျက်နှာကို မြင်ရသည့်အခါ မျိုးဝေမှာလည်း ကြည်နူးစိတ်ကလေးဖြစ်ရသည်။ ထို့ကြောင့် ထွန်းအောင်၏ ပခုံးကို အသာပုတ်လိုက်ပြီး-

"စိတ်ညစ်စရာတွေ မတွေးနဲ့ကွာ။ ညနေ အလုပ်ဆင်းရင် မင်းလိုနေတဲ့ငွေ ဦးဘသော်ဆီက ငါထုတ်ပေးမယ်"

"မင်းက တကယ့် သူငယ်ချင်းကောင်းပါကွာ"

ထွန်းအောင်၏ စကားကြောင့် မျိုးဝေ ပြုံးမိသွားသည်။ သူ ခံယူထားသည့် သူငယ်ချင်းစိတ်ဓာတ်သည် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီကြခြင်းသာ ဖြစ်သည်။ နေ့အလုပ်ဆင်းချိန်သို့ ရောက်သည့်အခါ မျိုးဝေသည် ထွန်းအောင်နှင့်အတူ အလုပ်သမားခေါင်းဆောင် ဦးဘသော် အိမ်သို့ရောက်လာခဲ့သည်။

"ဦးဘသော်၊ ဦးဘသော်"

"နင်တို့ ဦးလေး ဘုရားရှိခိုးနေတယ်။ ခဏထိုင်စောင့်အုံး မျိုးဝေရေ"

"ဟုတ်ကဲ့ ဒေါ်လေး"

ဦးဘသော်ကို ခေါ်သော်လည်း ဦးဘသော်၏ ဇနီးဖြစ်သူ ဒေါ်လှလေးစိန်က အသံလှမ်းပြုလာ၏။ ထို့ကြောင့် ထွန်းအောင်နှင့်မျိုးဝေသည် အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် ထိုင်၍ ဦးဘသော်ကို စောင့်နေကြသည်။ ခဏအကြာတွင် ဦးဘသော်၏ ဘုရားရှိခိုးသံ တိတ်ဆိတ်သွားခဲ့သည်။

"ဦးဘသော် ဘုရားရှိခိုးလို့ ပြီးပြီထင်တယ်"

မျိုးဝေ၏ အနားသို့ကပ်ကာ တီးတိုးစကားဆိုလိုက်သူက ထွန်းအောင်ဖြစ်နေခဲ့သည်။ မျိုးဝေလည်း အသာခေါင်းညိတ်ပြလိုက်မိသည်။

"ဟေ့ မျိုးဝေ မင်းတို့ ဘာလာလုပ်တာလဲ"

ဘုရားရှိခိုးပြီးသည့် ဦးဘသော်သည် မျိုးဝေနှင့် ထွန်းအောင် ရှိရာသို့ ရောက်လာ၍ မေးလိုက်၏။

"ကျွန်တော် ပိုက်ဆံနည်းနည်းထုတ်ချင်လို့ပါ ဦးလေး"

"ဟေး"

ဦးဘသော်၏ မျက်ခုံးများပင့်တက်သွားရသည်။ အကြောင်းမှာ မျိုးဝေသည် ၁၅ရက် တစ်ပတ်ငွေရှင်းချိန်မဟုတ်လျှင် ငွေထုတ်တတ်သည့် အကျင့်မရှိသောကြောင့် ဖြစ်သည်။

"တယ်လဲ ထူးဆန်းပါလား မျိုးဝေရဲ့။ မင်း ငါ့ဆီက တစ်ခါမှ ကြိုတင်ငွေ မထုတ်ခဲ့ဘဲ အခုမှ ကြားသားမိုးကြိုး ကြိုငွေတွေ ဘာတွေ ထုတ်လို့ပါလား"

ဦးဘသော်သည် စကားဆိုရင်း သူတို့နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"ဒါက ဒီလိုပါ ဦးလေးရယ်။ ကျွန်တော့်သူငယ်ချင်း ထွန်းအောင်က သူ့အမေ နေမကောင်းလို့ ရွာကို ငွေပို့ချင်တယ်ပြောလို့ကျွန်တော့်ဆီလဲငွေမပြည့်တာနဲ့ ဦးလေးဆီ ကြိုငွေလာထုတ်ရတာပါဗျာ"

ဦးဘသော်မှာ မျိုးဝေ၏ အဖြေစကားကို ကြားမှ ခေါင်းညိတ်ပြ၏။

"ဪ... အေး အေး။ ဘယ်လောက် ယူမှာလဲ"

"ငါးသောင်းလောက်ပါ ဦးလေး"

"ဒါဆိုလဲ ယူသွားပေါ့ကွာ"

ဦးဘသော်မှာ ပင်ကိုဗီဇက သဘောကောင်းသူဖြစ်သဖြင့် မျိုးဝေနှင့် ထွန်းအောင် လိုအပ်သည့်ငွေကို ထုတ်ပေးလိုက်သည်။ ပြန်ခါနီးတွင် မျိုးဝေပြောလိုက်သည်က -

"ထွန်းအောင် ကျွန်တော့် လုပ်အားခထဲက ငွေလာယူရင် ကျွန်တော် မပါလဲ ထုတ်ပေးလိုက်ပါ ဦးလေး။ သူနဲ့ ကျွန်တော်က ညီအစ်ကိုတွေလို ဖြစ်နေတော့ သူလိုအပ်ရင် ကျွန်တော့်ငွေက သူ့ငွေပါပဲ"

"အေးပါကွာ"

ထိုစကားကို ဦးဘသော်သည် သက်ပြင်းချ၍ ဖြေကြားခဲ့သည်။ မျိုးဝေနှင့်ထွန်းအောင်သည်လည်း ဦးဘသော်ဆီမှ ငွေကိုယူ၍ ပြန်ထွက်သွားကြသည်။ ဦးဘသော်မှာ မျိုးဝေနှင့် ထွန်းအောင်ကို ကြည့်၍ သက်ပြင်းအကြိမ်ကြိမ်ချနေမိသည်။ အကြောင်းမှာ ဦးဘသော်သည် ထွန်းအောင်၏ အကျင့်စရိုက်ကို အလုံးစုံသိမနေခဲ့သော်လည်း အနည်းငယ်သိနေခြင်းကြောင့် ဖြစ်သည်။

(၄)

လက်ဖက်ရည်ဆိုင်အတွင်းသို့ ဝင်လာသော မျိုးဝေကို တွေ့သည်နှင့် ကိုတောက်ထွန်း လှမ်းခေါ်လိုက်သည်။

"မျိုးဝေ"

"အလုပ်နားရက်တောင် စောစောစီးစီး လက်ဖက်ရည်ဆိုင်ထိုင်လို့ပါလား"

မျိုးဝေ စကားဆိုရင်း ကိုတောက်ထွန်းနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။

"အေးကွာ။ အလုပ်နားရက်ဆိုပေမဲ့ သတင်းစာလေးဖတ်ရင်း လက်ဖက်ရည်လေးသောက်ရင်း ဆိုပါတော့ကွာ"

ရှေ့မှာချထားသော လက်ဖက်ရည်ကို မော့သောက်ကာ စကားဆိုလာသည်။

"သူများကိုတော့ အထူးအဆန်းလုပ်ပြီး မေးနေတယ်။ မင်းကကော ဘာလာလုပ်တာလဲ"

"မုန့်ဟင်းခါး လာစားတာလေဗျာ။ အဆာပြေပေါ့။ ဟိတ် ညီလေး ဘူးသီးကြော်နဲ့ မုန့်ဟင်းခါးတစ်ပွဲ ချပေးအုံး"

မျိုးဝေသည် ကိုတောက်ထွန်းကို စကားဆိုရင်း စားပွဲထိုးကလေးကို မုန့်ဟင်းခါး လှမ်းမှာလိုက်သည်။ ထို့နောက် ရေနွေးကြမ်းကို ငှဲ့၍ သောက်လိုက်စဉ် မျိုးဝေကို ကိုတောက်ထွန်းမေးလိုက်သည်မှာ-

"မင်း ထွန်းအောင်ကို ဦးဘသော်ဆီမှာ မင်းလုပ်အားခထဲက အချိန်မရွေးငွေ ထုတ်ခွင့်ပေးထားတယ်ဆို"

ကိုတောက်ထွန်း စကားကြောင့် ရေနွေးကြမ်းသောက်နေသည့် သူ့လက်များ ရပ်တန့်သွားခဲ့သည်။ ထို့နောက် ရေနွေးကြမ်း ပန်းကန်ကို ခုံပေါ်ပြန်ချရင်း-

"ဟုတ်တယ်ဗျာ။ သူ ငွေအခက်အခဲဖြစ်ချိန် ကျွန်တော် မရှိရင် အခက်တွေ့မှာစိုးလို့ဗျ"

သူ့စကားကို ကြားသည့်အခါ ကိုတောက်ထွန်းမှာ ခေါင်းကိုခါယမ်းလိုက်ပြီး-

"မင်းနဲ့တော့ ခက်တယ် မျိုးဝေရယ်။ ဒီမှာ ငါ့ကောင် လူရင်းထိုးတဲ့ ဓားက ပိုနက်တယ်နော်"

ကိုတောက်ထွန်းသည် ထိုစကားကို သတိပေးပြောခဲ့ခြင်း ဖြစ်သည်။ ကိုတောက်ထွန်း၏ စကားအဓိပ္ပာယ်ကို မျိုးဝေတစ်ယောက် သတိမထားမိချေ။ ကိုတောက်ထွန်းတစ်ယောက်မှာလည်း မျိုးဝေကို ကြည့်၍ ရင်လေးနေမိသည်မှာ အမှန်ဖြစ်သည်။

(၅)

"ထွန်းအောင် မနေ့က ပြန်သွားပြီဆို မျိုးဝေ"

"ဟင်"

ကိုဘိုသောင်းဆီမှ ကြားလိုက်ရသည့် စကားကြောင့် မျိုးဝေ ဟင်ခနဲ ဖြစ်သွားရသည်။ ထွန်းအောင်ပြန်သွားသည်ကို သူ မသိခဲ့ပေ။ ထို့ကြောင့် သူ့မှာ ဘာစကားမျှ မပြောနိုင်ဘဲ နှုတ်ဆိတ်သွားရသည်။

"မင်းကို မပြောခဲ့ဘူးလား မျိုးဝေ"

မျိုးဝေသည် ဘာမှ မသိသည့် လူတစ်ယောက်လို ခေါင်းယမ်းပြမိသည်။ ထိုအခါ ကိုဘိုသောင်းမှာ အံ့သြဟန်ဖြင့်-

"ဟင် မင်းကို မပြောခဲ့ဘူးလား။ မပြန်ခင် တစ်ရက်က မင်းလုပ်အားခ ပိုက်ဆံတွေ အကုန်လုံး ဦးဘသော်ဆီမှာ မင်းလာထုတ်ခိုင်းလို့ ဆိုပြီး လာထုတ်သွားသေးတယ်"

စာမျက်နှာ ၂၅ သို့ ➤

# ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း မနောသုခစပါးတင်းရေ ၆၅၀၀၀ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဟင်္သာတ ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း မေနောသုခ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဟင်္သာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် နိုဝင်ဘာလ တစ်လအတွင်းက မေနောသုစပါးတင်းရေ ၄၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၄ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း မနောသုခ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ တစ်လအတွင်း မေနောသုခ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြည်တွင်းဈေးကွက်ဖြစ်တဲ့ ရန်ကုန်ဈေးကွက်ကို စပါးအပါအဝင် ဒေသထွက်ကုန်သီးနှံအများစုကို တင်ပို့ရောင်းချနေတာပါ။ မနောသုခစပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ တင်ပို့မှုတက်ခဲ့တာဖြစ်ပါတယ်။ လက်ရှိလဲ မနောသုခစပါးကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုတက်နေဆဲဖြစ်ပါတယ်။ မနောသုခစပါး အမျိုးအစားကို ဆက်လက်ပြီး အများအပြား ဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်''ဟု ဟင်္သာတမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ဟင်္သာတမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလ တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် မနောသုစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၇၇၀၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ စပါးများ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း ဆန်စပါးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

---

➢ စာမျက်နှာ ၂၄ မှအဆက်

"ဘယ်လို။ ကျွန်တော့် လုပ်အားခ အကုန်ထုတ်သွားတယ် ဟုတ်လား"

ပါးစပ်အဟောင်းသားဖြင့် အံ့ဩစွာ စကားဆိုမိသူက မျိုးဝေဖြစ်သွားရသည်။ ထွန်းအောင်ကို သူထုတ်ခိုင်းခဲ့သည်မှာ ငွေကြေး အနည်းငယ်သာ ဖြစ်ပြီး သူ့လုပ်အားခ အားလုံးကို ထုတ်ယူခိုင်းခြင်း မဟုတ်ပေ။

"ဟုတ်တယ်။ မင်းမယုံရင် ဦးဘသော်ကို သွားမေးကြည့်"

ကိုဘိုသောင်း စကားကြောင့် သူ့မှာ လုပ်လက်စ အလုပ်ကို ပစ်ချ၍ ဦးဘသော်ရှိရာထွက်လာခဲ့သည်။ ဦးဘသော်သည် လုပ်ငန်းခွင်၏ နားနေခန်းတွင် အနားယူနေချိန်ဖြစ်သည်။

"ဦးလေး ကျွန်တော် စကားပြောလို့ ရမလား"

"ဩော်... မျိုးဝေ လာထိုင်လေကွာ"

ဦးဘသော်မှာ သောက်လက်စ ရေနွေးခွက်ကို ခုံပေါ်ပြန်ချ၍ သူ့ကို လှမ်းခေါ်လိုက်သည်။ မျိုးဝေလည်း ဦးဘသော်ရှေ့တွင် အမောမပြေဝင်ထိုင်လိုက်ပြီး–

"ထွန်းအောင်ကို ကျွန်တော့်လုပ်အားခတွေ အကုန်လုံးထုတ်ပေးလိုက်တယ်ဆို"

"အေး ဟုတ်တယ်လေ။ မင်းပဲ မင်းလုပ်အားခထဲက ထွန်းအောင်ပိုက်ဆံလာယူရင် ပေးလိုက်ဆိုလို့ ပေးလိုက်တယ်လေ"

ဦးဘသော်မှာ သူ့ကို သေချာစိုက်ကြည့်၍ စကားဆိုလာ၏။ သူသည်လည်း ယခုမှ ကူကယ်ရာမဲ့ ဘဝရောက်ရသည့် လူတစ်ယောက်လို လမ်းပျောက်သွားရသည်။

"ကျွန်တော် ပြောတာ နည်းနည်းပါးပါးလောက်ကိုပဲ ပြောတာဗျ။ အများကြီး မဟုတ်ဘူး"

မျိုးဝေမှာ စိတ်ညစ်စွာ စကားဆိုလိုက်လျှင် ဦးဘသော်လည်း သက်ပြင်းကိုချလိုက်ပြီး–

"မင်း ပြောခဲ့တယ်နော်။ မင်းလုပ်အားခထဲက ထွန်းအောင် ငွေလာထုတ်ရင် ထုတ်ပေးလိုက်ပါဆိုတဲ့စကား။ အေး ထွန်းအောင်ကလဲ အဲဒီစကားနဲ့ လုပ်စားသွားတာပဲ။ မင်းပိုက်ဆံ အကုန်လုံးလာထုတ်လို့ ငါ နည်းနည်းပါးပါး စစ်မေးတာတောင် ငါ့ကို ရန်ရှာသွားတယ်"

သူ စိတ်ဓာတ်များစွာ ကျသွားရသည်။ သူ့လုပ်အားငွေသည် တစ်လလုံးစာဆိုလျှင် ငါးသိန်းခန့်ရှိသည်။ ပန်းရန်သမားတစ်ယောက် သန်လျက်ကိုင်တစ်ယောက်ဆိုလျှင် တစ်ရက်ဝင်ငွေ ၁၈၀၀၀ ခန့်ရသဖြင့် ထိုငွေများကို စုထား၍ ၁၅ ရက်တစ်ခါ တစ်လတစ်ခါမှသာ ထုတ်ယူလေ့ရှိခဲ့သည်။ ထိုသို့ ထုတ်ယူပြီးသည့်အခါတွင်လည်း နေစရိတ် စားစရိတ်အနည်းငယ်သာယူ၍ ရွာမှာကျန်ခဲ့သည့် မိသားစုထံ ပို့ပေးတတ်ပါသည်။

ယခုလတွင် ထွန်းအောင်က သူ့လုပ်အားခများကို အားလုံးထုတ်ယူသွားပြီဆိုသောအခါ သူ့မှာ စိတ်ဓာတ်အကြီးအကျယ်ကျရပါသည်။ ထွန်းအောင်ကိုလည်း သူ့ယုံကြည်မှုကို အလွဲသုံးစားလုပ်သည်ဟု တွေးကာ စိတ်ဆိုးမိပါသည်။ စိတ်ဓာတ်ကျခြင်းများစွာဖြင့် ဦးဘသော်ထံမှ ပြန်ထွက်လာခဲ့သည်။ သူ အပြင်ပြန်ရောက်လာသည့်အခါ သူ့ကိုရပ်စောင့်နေသည့် ကိုဘိုသောင်းနှင့် ကိုတောက်ထွန်းကို တွေ့လိုက်ရသည်။ သူသည် ကိုတောက်ထွန်းနှင့် ကိုဘိုသောင်းကို မချိပြုံး ပြုံးပြရင်း –

"ကျွန်တော့်ကို စောင့်နေကြတာလား"

သူ့မေးခွန်းနှင့်အတူ ကိုတောက်ထွန်း၏ စိတ်မကောင်းစွာ ကြည့်လာသည့် မျက်ဝန်းအကြည့်များဖြင့် ဆုံလိုက်ရသည်။

"မင်းကို ဒီလူငယ်က တွေ့ချင်လို့တဲ့"

အသက် ၂၀ အရွယ်သာ ရှိဦးမည့် လူငယ်ကို တွေ့သည့်အခါ သူ့မျက်ခုံးများ တွန့်ကြုတ်သွားရသည်။

"ညီလေးက အစ်ကို့ကို ဘာလို့ တွေ့ချင်ရတာလဲ"

လူငယ်သည် သူကို သေချာကြည့်ပြီး–

"အစ်ကိုက ကိုမျိုးဝေဆိုရင် ကိုထွန်းအောင် ဆပ်ရမဲ့ ဖဲကြွေးကို အစ်ကို့ဆီ လာတောင်းတာပါ"

"ဘယ်လို။ သူ့ အကြွေး သူ့ဆီ လိုက်တောင်းလေ။ ဘာလို့ အစ်ကို့ဆီ လာတောင်းနေရတာလဲ"

မျိုးဝေမှာ စိတ်ဆိုးသည့် လေသံဖြင့် ပြောလိုက်လျှင် လူငယ်ပြန်ပြောလိုက်သည်က"သူက အစ်ကို့ဆီမှာ တောင်းယူလိုက်လို့ ပြောပါတယ်။ အစ်ကိုက သူ့သူငယ်ချင်းတဲ့။ သူ့အကြွေးတွေ အစ်ကို ဆပ်ပေးလိမ့်မယ်ပြောပါတယ်။ အဲဒါကြောင့် သူဖဲဝိုင်းမှာ အကြွေးတင်ခဲ့တဲ့ နှစ်သိန်းကို အစ်ကို့ဆီ လာတောင်းတာပါ"

"ဟာ..."

မျိုးဝေမှာ ပြောစရာစကားတို့ပင် ပျောက်ရှသွားရသည်။ နောက်ကျောကို ဓားနှင့်ထိုးခံလိုက်ရသည့် ဖြစ်ရပ်သည် သူ ချစ်ခင်ခဲ့သည့် သူယုံကြည်ထားခဲ့သည့် သူငယ်ချင်းက လုပ်ခဲ့သည့်အတွက်ကြောင့် ရင်နာ၍ မဆုံးခဲ့ပေ။ ထို့ကြောင့် လူရင်းထိုးတဲ့ဓားက ပိုနက်သည်ဟု အချို့လူများက ဆိုခဲ့ခြင်း ဖြစ်သည်။ မျိုးဝေ၏ သူငယ်ချင်းကို ယုံကြည်မိရာမှ လှည့်စားခံလိုက်ရသည့်ဖြစ်ရပ်ကို ကြည့်ပြီး ကိုဘိုသောင်းမှာ သူ့ကို သနားကရုဏာဖြစ်စွာ ကြည့်နေခဲ့သည်။ ကိုတောက်ထွန်း၏–

"မင်းကို အစကတည်းက ငါပြောခဲ့တယ် မဟုတ်လား" ဆိုသည့် မျက်လုံးအကြည့်တို့ဖြင့် ဆုံမိသည့်အခါ သူ့ရင်ထဲ ဆို့နင့်လာခဲ့ရပါတော့သည်။

---

## မီးဘေးရှောင် မလောင်ခင်တား

– နွေရာသီ ပူပြင်းလှ
မီးသတိပြုကြ ကာကွယ်ပါ၊
အိမ်အနီး ဝန်းကျင်အနှံ့
သန့်ရှင်းဖို့ရာ၊
ရွက်ခြောက်တို့ စုပုံတာ
မီးဖိုမှာ မီးမကျန်ရေး၊
ကလေးငယ် မီးမကစားရအောင်
တားမြစ်စို့လေး။

– လူသားတို့ စုဆောင်းအပ်
ရှာဖွေလျက် ပစ္စည်းတွေ၊
မီးလောင်လျှင် ကုန်ဆုံးရှုံး
လွတ်ရုန်းရပေ၊
လူခိုးလျှင် အစုတ်ကျန်ပေ
မီးခိုးရင်လေ ဘာမှမရှိ၊
ပေါ့ဆမီး မလောင်ကျွမ်းအောင်
ကြိုးပမ်းသတိ။

– မီးလောင်လျှင် ကျိတ်မငြိမ်းသတ်
အကြောင်းကြားအပ် သက်ဆိုင်ရာ၊
ရပ်ရွာအတွင်း ဝိုင်းစုပေါင်း
ရေလောင်းငြိမ်းပါ၊
မီးချိတ် မီးကပ် သဲအိတ်စုံစွာ
ကြိုတင်ကာ ပြင်ဆင်ထား၊
ဘုံရန်သူ မီးအန္တရာယ်ကို
ကာကွယ်စို့လား။ ။

**ဇင်မင်းစိုး(ဗိုလ်ကလေး)**

---

# ဘားအံမြို့နယ် သာလွန်ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဘားအံ ဇန်နဝါရီ ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် သာလွန်ကွင်းကျေးရွာ၌ ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၂၆ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာ၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများက ကုမ္ပဏီမှတာဝန်ရှိသူများ၊ ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ သာလွန်ကွင်းကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ပေ၊ အမြင့် သုံးပေကိုးလက်မရှိ ကုန်ထုတ် လမ်းဂဝံမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ (နည်းပညာ) ဒေါ်နန်းအဲဖောင်အွာက ဆောင်ရွက်ဆဲလုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကုန်ထုတ်လမ်းဂဝံမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၁၁၆ ဒသမ ၃၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် Perfect Mother ကုမ္ပဏီမှ၂၀၂၄ ခုနှစ်ဇွန်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာယခုအခါလုပ်ငန်းများ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာ ထံမှ သိရသည်။

**ဆက်လူ**

ဗညားကျန်းထော

# ကျောင်းတုန်းက သူငယ်ချင်းတွေ

**❖အဖေ၊ အမေနှင့် ဆရာဦးလှကျော်အပါအဝင် လက်ဦးဆရာများက မိမိကိုဉာဏ်ကောင်းသူဖြစ်သည်၊ စာပေလေ့လာဆည်းပူးချင်အောင်အလေ့အထပျိုးထောင်ပေးရမည်ဟုလေးနက်သော စေတနာဖြင့်ပြုစုခဲ့ကြသည့် ငယ်စဉ်ကကျေးဇူးကြီးမားပုံကိုလည်း ကြီးလာလေလေ သဘောပေါက်နားလည် တန်ဖိုးသိလေလေ ခံစားကြည်နူးမိပေသည်။ လူဆိုသည်မှာ သူသိမြင်သော၊ သူခံယူသောအရာဖြင့်သာ ဖြစ်ထွန်းတည်ဆောက်ထားခြင်း မဟုတ်ပါလား။ ငယ်စဉ်အခါကပင် စာဖတ်ကျင့်ရနေစေပြီး စာကောင်းပေကောင်း သုတ ရသစာအုပ်များနှင့် ထိတွေ့ရင်းနှီးအောင်ပေါင်းသင်းစေခြင်းက မင်္ဂလာပေတကား။❖**

(၁)

ငယ်စဉ်က မူလတန်းကျောင်းသားဘဝမှာ မိန်းကလေးသူငယ်ချင်းတွေနှင့် ကစားသည်ကများခဲ့သည်။ ယောကျ်ားလေးအတန်းဖော်များနှင့် ဘောလုံးကန်ခြင်း၊ ဘော်လီဘောပုတ်ခြင်းတို့ ရှိသော်လည်း မိန်းကလေးများလောက်မရင်းနှီးခဲ့ပေ။ မိမိမှာ တစ်ဦးတည်းသောသားလို ကလေးဘဝကိုဖြတ်သန်းရသည်။ အသက်ခုနစ်နှစ်ရှိမှ အမေက ညီလေးတစ်ယောက် မွေးပေးသည်။ နောက်ထပ်ခြောက်နှစ်ခန့်ကြာမှ ညီလေးတစ်ယောက်နောက်ဆုံးမွေးခဲ့သည်။

ကိုယ့်အောက်အငယ်တွေ မွေးမလာခင်မှာ မိမိ ပတ်ဝန်းကျင်က အိမ်နီးနားချင်းနှင့် ဆွေမျိုးတစ်သိုက်က မိန်းမသားတွေသာများသဖြင့် သူတို့နှင့်ရောနှောကာ မိန်းကလေးသူငယ်ချင်းတွေနှင့် အပေါင်းအသင်းဖြစ်နေတော့သည်။ ရွယ်တူချင်း စိတ်ရင်းစိတ်ထား တူတတ်ကြသည့်အလျောက် ကိုယ့်ထက်အသက်ကြီးသူ၊ ပိုငယ်ရွယ်သူတွေနှင့် မကစားဖြစ်ပေ။

အချစ်ဆုံးသူငယ်ချင်းအဖြစ် တွဲမိသူများကတော့ ရဲမြင့်၊ မြအောင်၊ ရွှေရ၊ ရဲနိုင်၊ ပေါ်အေး၊ မှတ်ခင်၊ ဉာဏ်ထိန်တို့လောက်ပဲရှိလေသည်။ တောသဘာဝ ဖားကောက်၊ဖွတ်ရှာ၊ပုတတ်လိုက်၊ငှက်ပစ်၊ ယုန်ထောင်၊ ပုစွန်(ကဏန်း)ဖမ်းခြင်းစသော စားကောင်းသောက်ဖွယ်အတွက် တောလည်ခြင်းအလုပ်မျိုးကိုလည်းမလုပ်ဖူးပေ။ ဖား၊ ပုစွန်၊ ဖွတ်၊ ပုတတ်တို့ကိုလည်းမစားဖူးဘဲရှောင်သည်။ သူများတွေက မက်မက်မောမောကောင်းလှသည်၊ စားကြည့်ပါ ပေးသော်လည်း မစားဖြစ်ချေ။ လျှာအရသာကို အလိုမလိုက်ခဲ့ပေ။

မိန်းကလေးသူငယ်ချင်းတွေနှင့် ဇယ်ခုပ်တမ်း၊ ဖန်ခုန်တမ်း၊ စကားထာဝှက်တမ်းကစားလေ့ရှိခဲ့သည်။ ရင်းနှီးသောသူငယ်ချင်းများမှာ အေးရီ၊ ကြင်ဥ၊ အငွေ၊ သန်းသန်းမြင့်၊ ငွေမြိုင်၊ ငြိမ်းဝစသည့်တို့ဖြစ်သည်။ သူတို့နှင့် တစ်တန်းတည်းကျောင်းနေဖက်တွေ။ ရွာမှာပဲနေကြ၍ ဇာတိရွာမှာပဲ အတော်များများက သေလွန်သွားခဲ့ကြလေပြီ။ ယောကျ်ားလေးသူငယ်ချင်းတွေကလည်း တောင်သူယာသမားသာများပါသည်။ စိုက်ပျိုးရေးတက္ကသိုလ် (B.Ag) ဘွဲ့ရသူငယ်ချင်းတစ်ယောက် ပျဉ်းမနားမှာ ကြီးပွားအောင်မြင်ဖြစ်ထွန်းသည်။ စိုက်ပျိုးရေးသိပ္ပံ (ရေဆင်း)မှ ဒီပလိုမာဘွဲ့ရ သူငယ်ချင်းက စိုက်ပျိုးရေး(ဝါ) ညွှန်ကြားရေးမှူးဖြစ်ခဲ့လေသည်။ ရေနံမြေအလုပ်သမားလည်းရှိပါသည်။ မိန်းကလေးကျောင်းနေဖက်တွေကား ကျောင်းဆရာမတွေသာများသည်။ ကန်တော့ခံ ဆရာမကြီးများဖြစ်နေကြလေပြီ။ ဆံပင်တွေလည်း တစ်ခေါင်းလုံးဖြူဖွေးနေကြပြီ။ ဆုံမိ၍ ငယ်ငယ်တုန်းကရယ်စရာအကြောင်းတွေ ပြန်ပြောပြသောအခါ သူတို့အားပါးတရ လှိုက်လှိုက်လှဲလှဲရယ်မောကြသည်။ သူအို၊ သူနာဘဝရောက်နေကြ၍ သူတို့မှာရယ်စရာရှားပါးခဲ့သည်မှာ ကြာပေပြီ။

(၂)

မူလတန်းကျောင်းသားဘဝမှာ အဖေကကျောင်းဆရာဖြစ်သဖြင့် စာဖတ်ကျင့်ရအောင် နှစ်တန်းကျောင်းသားအရွယ်ကပင် ပေါ်ပြူလာကာတွန်း၊ မော်ဒန်ကာတွန်း၊ ကာတွန်းပဒေသာ၊ ကာတွန်းညွှန့်ပေါင်းစသော ပြား ၆၀ တန် ရုပ်ပြစာအုပ်မျိုးကို လစဉ်တစ်အုပ်၊ နှစ်အုပ် ဝယ်လာပေးခဲ့သည်။ အဖေက ညစဉ်ညတိုင်းပုံပြောသည်။ ငါးရာ့ငါးဆယ်နိပတ်တော်ထဲမှ ဇာတ်ကြောင်းများ၊ ဓမ္မပဒဝတ္ထုများ၊ မြန်မာ့ရိုးရာပုံပြင်များ၊ မြန်မာသူရဲကောင်းပုံပြင်များ။

အတန်းတူကျောင်းနေဖက်များအနက် စတုတ္ထတန်းအတန်းပိုင်ဆရာ ဦးလှကျော်က မိမိကို သူ့အိမ်ခေါ်သွားပြီး သူ့စာကြည့်စားပွဲ၊ စာအုပ်စင်မှာရှိသော သူအမြတ်တနိုးစုဆောင်းထားသည့် စာအုပ်များကို "ငါ့တပည့် ကြိုက်တဲ့စာအုပ်ယူဖတ်" ဟု ခွင့်ပြုပေးခြင်းသည် မိမိအတွက် ရတနာပုံဆိုက်သော ကံထူးခြင်းပင်။ မဟာဆွေ၊ ရွှေဥဒေါင်း၊ ပီမိုးနင်း၊ အမျိုးသားပညာဝန်ဦးဖိုးကျား စသည့် နှစ်ကျပ်တန်ဝတ္ထုစာအုပ်များ ဆရာ့ကိုယ်ပိုင်စာကြည့်တိုက်ဖြစ်၏။ ၁၉၀၄ ခုနှစ် က ထုတ်ဝေခဲ့ပြီး မန္တလေးကြီးပွားရေးပုံနှိပ်တိုက်က ပြန်လည်ထုတ်ဝေသောစာရေးဆရာဂျိမ်းစ်လှကျော်၏ မောင်ရင်မောင်မမယ်မဝတ္ထုကို မိမိလေးတန်းကျောင်းသားအရွယ်က ဖတ်ဖူးခြင်း။ ရွှေဥဒေါင်းဘာသာပြန်ခဲ့သော ရတနာသိုက်ဝတ္ထု (Court of Montecristo) ကိုလည်း အထက်တန်းကျောင်းသားဘဝတွင် ဖတ်ခွင့်ကြုံသည်။ မွန်တီခရစ်စတိုနယ်စားကြီး။

ထိုအချိန်က မိမိတို့ရွာတွင် စာကြည့်တိုက် မရှိသေးပေ။ ရွာမှာရှိသော သူကြီး၊ ရွာလူကြီး၊ ကျောင်းဆရာ စသည်တို့ကတော့ ဟံသာဝတီ၊ ဗမာ့ခေတ်၊ အိုးဝေ၊ ဗိုလ်တထောင်၊ ရန်ကုန်၊ မီးဒုတ် စသော သတင်းစာတချို့ကို သူတို့ကြိုက်ရာသူတို့ယူကြသည်။ သတင်းစာရှိသော အိမ်တိုင်းသို့သွား၍ ဖတ်ဖြစ်သည်။ ကာတွန်းစိန်ကြီး၏ အခန်းဆက် ရုပ်ပြပါသော အိုးဝေသတင်းစာ၊ ခူဝံ၏ဝတ္ထုရှည် အခန်းဆက်ပါသော ဟံသာဝတီသတင်းစာ စသည်ဖြင့် နေ့စဉ်စာဖတ်ဖြစ်ခဲ့သည်။ သတင်းစာယူသူ၏ အိမ်ကတစ်စောင်ပဲဖတ်သော်လည်း မိမိကမူရွာသို့ ရောက်လာသမျှ သတင်းစာအားလုံးကိုဖတ်ခဲ့ရ၏။ အိမ်ကယူသော ရန်ကုန်သတင်းစာဆိုလျှင် ရန်ကုန်အမည်၏ဘေးတွင် ဦးအောင်မြင်ရေးသော စာတိုလေးမှအစ စပ်စု၊ စပ်ဖြဲ စသည်တို့၏ ဆောင်းပါးများကို နေ့လယ်နေ့ခင်းအိမ်မှာဆုံကြသော ဘကြီး၊ ဦးကြီးဆွေမျိုးတစ်သိုက် ရေနွေးကြမ်းဝိုင်းတွင် မိမိက အသံထွက်၍ဖတ်ပြရသော "စာတော်ဖတ်" လည်းလုပ်ရသေး၏။ အဖေ၊ အမေနှင့် ဆရာဦးလှကျော်အပါအဝင် လက်ဦးဆရာများက မိမိကို ဉာဏ်ကောင်းသူဖြစ်သည်၊ စာပေလေ့လာဆည်းပူးချင်အောင် အလေ့အထပျိုးထောင်ပေးရမည်ဟု လေးနက်သောစေတနာဖြင့် ပြုစုခဲ့ကြသည့် ငယ်စဉ်က ကျေးဇူးကြီးမားပုံကိုလည်း ကြီးလာလေလေ သဘောပေါက်နားလည် တန်ဖိုးသိလေလေ ခံစားကြည်နူးမိပေသည်။ လူဆိုသည်မှာ သူသိမြင်သော၊ သူခံယူသောအရာဖြင့်သာ ဖြစ်ထွန်းတည်ဆောက်ထားခြင်းမဟုတ်ပါလား။ ငယ်စဉ်အခါကပင် စာဖတ်ကျင့်ရနေစေပြီး စာကောင်းပေကောင်း သုတ ရသစာအုပ်များနှင့် ထိတွေ့ရင်းနှီးအောင် ပေါင်းသင်းစေခြင်းက မင်္ဂလာပေတကား။ မည်သူမဆို အားလုံးအတွက် သက်ဆိုင်သည်။

(၃)

အထက်တန်းကျောင်းသားဘဝ လေးနှစ်တာကာလသည် မိမိကိုကလေးမှ လူငယ်ဘဝသို့ပြောင်းလဲစေခဲ့သည်။ သတ္တမတန်းအောင်သောအခါ မိမိမွေးရာဇာတိကြီးနီရွာမှ ချောက်မြို့သို့ပြောင်းရွှေ့ထွက်ခွာခဲ့လေပြီ။ ပတ်ဝန်းကျင်သည် တောမှ မြို့သို့ ပြောင်းလဲသွားသည်။ ရွာတွင်ကျောင်းနေဖက်သူငယ်ချင်းများ ခုနစ်တန်းအောင်သော်လည်း မြို့ပေါ်တွင်ရှိသော အထက်တန်းကျောင်း ရှစ်တန်းဆက်တက်ဖို့ရာ အင်အားမတတ်နိုင်ရှာကြပါ။ မိဘတောင်သူကို အလုပ်ကူကြရသည်။ သတ္တမတန်းတုန်းက အပေါင်းအသင်းများထဲမှ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ချောက်မြို့ ရှစ်တန်း(အေ) အခန်းတွင် မိမိတစ်ယောက်သာပါ၏။ အထက်တန်းကျောင်းသားဘဝမှ သူစိမ်းသူငယ်ချင်း ယောကျ်ားလေးဦးရေ ၄၀ ကို မိတ်ဆွေသစ် အဖြစ် စတင်တွေ့ရှိရတော့၏။ စကားနည်းသော၊ အပေါင်းအသင်းမများတတ်သော စာဖတ်ရတာလောက်ကိုပျော်ပိုက်နေတတ်သော၊ အတွင်းစွဲ ကိုယ်ရည်ကိုယ်သွေး(Introvert Personality Type) ရှိသူမိမိမှာ ရှစ်တန်းအပေါင်းအသင်းထဲက ရင်းနှီးသူ သန်းနိုင်ဦးနှင့် အောင်သန်းမြင့်ဟူသော သူငယ်ချင်း နှစ်ဦးသာ စာကျက်ဖော်ကျောင်းနေဖက်ဖြစ်ခဲ့လေသည်။ မိမိဘဝတစ်သက်တာအတွက် အစစအရာရာ အနစ်နာခံ၍ကူညီတတ်သော၊ မိမိကိုအလွန်ချစ်ခင်၍ မိတ်ဆွေကောင်းပီသသော ကျောင်းနေဖက် သူငယ်ချင်းနှစ်ယောက်ပင်။ နှစ်ယောက်စလုံးက ဇရာဝတီမြစ်အနောက်ဘက်ကမ်းက ဇီးကပ်ရွာသားနှင့် အောက်ဆိပ်ရွာသား၊ ဆိပ်ဖြူမြို့နယ်ဘက်မှ ချောက်မြို့သို့ ရောက်လာသူများဖြစ်၏။

အထက်တန်းကျောင်းသားဘဝတွင် မိမိအသက် အပိုင်းအခြားတစ်လျှောက် ဖွံ့ဖြိုးရှင်သန်မှုအရှိန်အကောင်းဆုံးဟု ပြန်လည်သုံးသပ်မိပေသည်။ ဆယ်တန်းတစ်နှစ်ကျသဖြင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ချောက်မြို့တွင် လေးနှစ်ကြာပညာသင်ယူခဲ့ရသည်။ ထိုလေးနှစ်သည် ကြီးနီရွာသားလေးမောင်ချစ်နိုင်ကို ချောက်မြို့သားကိုချစ်နိုင်ဘဝသို့ရောက်အောင် ပျိုးထောင်ပေးလိုက်လေသည်။

ချောက်ရေနံမြေ၏ ဘူမိနက်သန်မှုန်ကန်ခြင်းမှာ မြို့သူမြို့သားများက ချောက်မှာမွေးဖွားသူထက် ပုဂံညောင်ဦး၊ ဆိပ်ဖြူ၊ စလေ၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ ပခုက္ကူစသည့် ပတ်ဝန်းကျင်မြို့ရွာများမှ ရေလည်းပေါ၊ လျှပ်စစ်မီးလဲ ကောင်း၊ ရောင်းရေးဝယ်တာသပွာယမျှတသော ချောက်မြို့ကို အခြေလာချနေကြသူတွေသာ ဖြစ်ကြပါသော်လည်း ရေနံမြေကိုအမှီပြု၍ ရှင်သန်ကြသဖြင့် **"မြို့ချစ်စိတ်"** ထက်သန်ပြင်းထန်ကြလေသည်။ ချောက်ရေနံမြေကို ဂုဏ်ယူတတ်ကြသည်။

မိမိလည်း မျိုးချစ်စိတ်ပြင်းပြကြသော ချောက်မြို့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲမှာ ချောက်မြို့နယ်သားအဖြစ် မွေးဖွားလာခဲ့ခြင်းကို ကျေနပ်ဂုဏ်ယူတတ်လေသည်။ အခြားမြို့နယ်များကို မနှိမ်ပါ၊ အထင်မသေးပါ။ သို့တစေ ချောက်မြို့သားများသည် မည့်ကြပါ။ မဖျင်းကြပါ။ မညစ်ပတ်မကောက်ကျစ်ကြပါ။ ရိုးဂုဏ်ကိုတန်ဖိုးထားတတ်သော လူကြီးလူကောင်းကများကြသည်။ မြို့ကိုချစ်ကြ၏။

အသက် ၁၄ နှစ်မှ ၁၇ နှစ်အတွင်း မိမိဘဝနှင့် ခံယူချက်ကို ရင့်ကျက်စေခဲ့သည်မှာ နေ့စဉ်မပျက် စာအုပ်များနှင့် အဖော်လုပ်လျက် စာဖတ်၊ စာကူး၊ စာကြမ်းများရေး၊ မှတ်စုများရေး၊ အတွေးများကို ရေးချကာ လေ့ကျင့်။ နှစ်သက်သောစာပိုဒ်များကို အကြိမ်ကြိမ်အခါခါဖတ်၍ ကျက်မှတ်။ တက္ကသိုလ်ဘုန်းနိုင်၏ စာသားများဆို တော်တော်များများ အလွတ်ရနေသည်။ ရုပ်ရှင်ဇာတ်ကားတွေလည်း အများကြီးကြည့်ဖြစ်ခဲ့သည်။ ပန်းပန်လျက်ပါ၊ ချွေးနှင့်သွေးနှင့်ရင်းသည့်မြေ၊ ဝမ်းနည်းဝမ်းသာ၊ ငို၍ရယ်၍မရသောမျက်နှာ စသောရုပ်ရှင်များထဲက မြတ်လေး၊ ကောလိပ်ဂျင်နေဝင်းတို့ပြောသော ဒိုင်ယာလော့တွေကို လေသံပါအတုယူ၍သူငယ်ချင်းများကအံ့သြရအောင် ဟန်ပါပါ အလွတ်ရွတ်ဆိုပြောပြနိုင်ခဲ့၏။ စာပေနှင့် အနုပညာပိုးစီးဝင်ခဲ့လေသည်။ ထို့ကြောင့် စာရေးသူတစ်ယောက်ဖြစ်လာရပေသည်။

(၄)

၁၉၈၀ ပြည့်နှစ်ဆီက ဗိုလ်ကြီးဘဝ ဗထူးမြို့ရှိ တိုက်ခိုက်ရေးကျောင်းတွင် တပ်ခွဲမှူးသင်တန်းတက်ရ၏။ ခြေလျင်တပ်ရင်းမှာ ခုနစ်နှစ်ကျော် စစ်မြေပြင်တာဝန်များ၊ တပ်စုမှူး၊ တပ်ခွဲမှူးတာဝန်များ လက်တွေ့လုပ်ခဲ့ပြီးသားဖြစ်သော်လည်း ၁၉၇၁-၁၉၇၂ ခုနှစ် ဗိုလ်သင်တန်းဆင်းပြီးကတည်းက ကွဲကွာသွားခဲ့ကြသော ဗသက(၄၃)သူငယ်ချင်းတချို့ကို ပြန်ဆုံရသဖြင့် ဝမ်းသာမိ၏။ လေ့ကျင့်ပေးသော ထိုအချိန်က သင်ခန်းစာများမှာ ကိုယ်တိုင်ကျင်လည်လှုပ်ရှားခဲ့သည့်ခံစစ်၊ ချီစစ်၊ တိုက်စစ်၊ ပြောက်ကျားစစ်၊ ချုံခိုတိုက်ပွဲ၊ ကွန်မန်ဒိုတိုက်ပွဲ၊ ဦးစီးတာဝန် စသည်တို့ပင်ဖြစ်ကြပါသည်။ယခင်က မတွေ့ဖူးသော သင်တန်းသား (အားလုံးဗိုလ်ကြီးအဆင့်တူ) မိတ်ဆွေသစ်များတိုးပွားပါသည်။ အတူသွား၊ အတူတက်၊ အတူစား၊ အတူလေ့ကျင့်ရသဖြင့် အချိန်သုံး၊ လေးလသည် ခဏနှင့်ကုန်လွန်သွားပါ၏။ ပျော်စရာကောင်း၏။

တောတွင်းလေ့ကျင့်ခန်းတစ်ခုမှာတော့ မိမိတို့တပ်စိတ်သည် တောမှောက်သည်ဆိုရမည်။ မျက်စိလည်လမ်းပျောက်က (အင်တောကျောက်ဂူသစ်တောကြိုးဝိုင်း အကျယ်ကြီးထဲမှာလမ်းမရှိပါ) ရည်မှန်းချက်စုရပ်သို့ တစ်နေကုန်ချီတက်နေရသော်လည်း မရောက်နိုင်တော့ပါ။ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေသွားနေမိကာ ညနေမိုးချုပ်သွားပါသည်။

နေမမြင်၊ လမမြင်တောကြီးမျက်မည်းထဲတွင် အရပ်မျက်နှာထိန်းသိမ်းနိုင်ခြင်းမရှိဘဲ ဒုက္ခရောက်ခဲ့ရဖူးပါ၏။ မိမိတို့တပ်စိတ်မှူးခေါင်းဆောင်သည် အင်္ဂလိပ်စာမတတ်ကျွမ်းပါ။ အခြေခံပညာအလယ်တန်းလောက်သာသင်ယူခဲ့ဖူးပြီး ခြေလျင်တပ်ကြပ်ဘဝမှ အရာရှိအဆင့်

စာမျက်နှာ ၂၇ သို့ ➤

# အရာတော်မြို့နယ်တွင် နှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၈ တင်း ထွက်ရှိ

မုံရွာ ဇန်နဝါရီ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် နှမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၂၄၇၄၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ တင်း ထွက်ရှိကြောင်း သိရသည်။

" ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်း ၂၄၇၄၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိမှာတော့ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းစိုက်ခင်းတွေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ



ဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်လာပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာ ရှိပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်း ကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးစသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းများကို အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်သည့်အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သောကြောင့် နှမ်းများ အထွက်နှုန်း တိုးတက်စေရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးကြင်းပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

ဝါးခယ်မ ဒီဇင်ဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးကြင်း ပိဿာချိန် အများအပြား



တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးထံမှ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက ငါးကြင်းပိဿာချိန် ၅၃၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှ ၃၁ ရက်ထိ ငါးကြင်း ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးကြင်းများကို ရန်ကုန်ဈေးကွက်မှ မှာယူမှုများပြားလာခြင်းကြောင့် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ငါးကြင်းတွေကို ရန်ကုန်ဈေးကွက်ကနေ ပြီးခဲ့တဲ့ ဒီဇင်ဘာလ ပထမပတ်က စတင်ဝယ်ယူမှု များပြားခဲ့ပါတယ်။ အခြားငါးတွေလဲ ဝယ်လိုအား တက်လာတယ်လို့ သိရပါတယ်"ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းငွေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်တွင် ဒေသရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကိုဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဝါးခယ်မမြို့နယ်မှ ထွက်ရှိသည့် ငါးကြင်းများ အရောင်းအဝယ်ကောင်းမွန်လာခြင်းကြောင့် မွေးမြူရေး လုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ကုန်သည်များ အလုပ်အကိုင် အခွင့်အလမ်းများ အဆင်ပြေလျက်ရှိကြောင်းသိရသည်။

ကျော်ကျော်လင်း

➤ စာမျက်နှာ ၂၆ မှအဆက်

ရောက်ရှိသူဖြစ်၏။ မြေပုံမြေပြင် မသုံးသပ်မဖတ်တတ်ဘဲ ကွန်တိုအနိမ့်အမြင့်၊ ချောင်းမြောင်းရေစီးရေလာကြည့်၍ ချီတက်ရမှာကိုမည်သူ့ကိုမှမတိုင်ပင်ဘဲ သူစိတ်ထင်ရာကိုပဲ ရှေ့ကဦးဆောင်သွားနေခဲ့၍ လွဲရတော့သည်။

မြေပုံဖတ်သင်ခန်းစာကိုကောင်းစွာသင်ပြခဲ့သည့် မော်ဘီဗိုလ်သင်တန်းကျောင်းကိုလည်းကောင်း၊ အထက်တန်းကျောင်းသားဘဝ ပထဝီဝင်ဘာသာအသင်အပြထူးချွန်လှသော ကွန်တိုသင်ခန်းစာကို ပိုင်နိုင်စွာသင်ကြားပေးခဲ့သူ ဆရာဦးအုန်းကြည်အားလည်းကောင်း၊ မိခင်တပ်ရင်းမှာ မိမိကိုထောက်လှမ်းရေးအရာရှိတာဝန် သုံးနှစ်ထားပြီး နေ့စဉ်နေ့စဉ်မြေပုံနှင့်ဆွေးနွေးသင်ပြခဲ့သော တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးဒေးဗစ်အိုအေဘယ် (နောင်အခါစီမံဘဏ္ဍာ၊ စီးပွားကူးသန်း၊ ဟိုတယ်ခရီးဝန်ကြီးတာဝန်ထမ်းဆောင်သူ) ကျေးဇူးရှင်များကို ကန်တော့မိပါ၏။ "သူငယ်ချင်းတို့ မြေပုံလေးကြည့်ပြီး အကြံပေးပါဦး" ဟု ခေါင်းဆောင်တာဝန်ကျတပ်စိတ်မှူးက အကူညီတောင်းမှ မိမိက "ဒါကဒီကုန်း၊ ဒါကဒီချောင်း၊ ကျွန်တော်တို့ဟာ ဒီဘက်ကိုသွားမှ စုရပ်ဆုံရပ်ကိုရောက်ပါမယ်။ မဝေးပါဘူး" ဟု ပြောပြလမ်းညွှန်ခဲ့ရပါသည်။ မသိလျှင်ခက်၏။

မတိုင်ပင်မဆွေးနွေးဘဲ မမေးဘဲ ကိုယ့်စိတ်ကူးနှင့်ချည်း ချီတက်လျှင် လွဲချော်တတ်သည်။ ဘာမှပြောဆိုခွင့်မရလျှင် ချွေးသံရွှဲရွှဲနှင့် ဤသို့သာ တစ်နေကုန်ပဲ နောက်ကလိုက်နေရပေသည်။ ဆရာဇော်ဂျီ၏ကဗျာ **"ဝိဓူရ၏ဒုက္ခ"** ကိုဖတ်ခဲ့ရဖူးသဖြင့် နားလည်ခွင့်လွှတ်နိုင်ပါသည်။ မျက်စိလည်တောမှောက်၊ လမ်းပျောက်ခဲ့သောအခြေအနေမှ လမ်းမှန်တွေ့အောင် ရှေ့ဆောင်ဆွေးနွေးတိုင်ပင်ပေးခဲ့ဖူးပါ၏။ ကျောင်းတုန်းက ထိုသူငယ်ချင်းတွေကွဲကွာပြီးနောက် ပြန်မဆုံတွေ့ကြရတော့ပေ။ မြေပုံဖတ်ပညာတတ်ကျွမ်းလျှင်တော့ မိမိရောက်ရှိနေသောနေရာ(Own Position)သိမည်။ ရောက်ရမည့်နေရာ (Destination) ကြည့်ရမည်။ ပတ်ဝန်းကျင်ရေမြေ (Environment) ကိုလေ့လာလိုက်လျှင် ချီတက်ရာလမ်းကြောင်းကို မိမိက ကောင်းစွာ ရွေးချယ်တတ်ပေမည်။ ဒါလေးပါပဲ။

သင်ခန်းစာဆိုသည်မှာ အလွဲအမှားများ၊ အတိမ်းအစောင်း၊ အချွတ်အချော်များထဲက ပဲဖော်ထုတ်ရသည်သာ။ ဘယ်သူ့မှ အတိုက်အခံလုပ်မနေခဲ့ပါ။ အငြင်းအခုံလည်းမပြုခဲ့ကြပါ။ စည်းလုံးခြင်းသည် အင်အားဟူသော အမှန်တရားကိုနားလည်ထားပါသည်။ လူဆိုသည်ကား မှားတတ်စမြဲသာ။ (To error is human) တဲ့ ဆိုရိုးစကားရှိပြီးသားပါ။

# စလင်းမြို့နယ် ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စလင်း ဇန်နဝါရီ ၂၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဖောင်းလင်းကျေးရွာအုပ်စု ဖောင်းလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ဖောင်းလင်းကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ ချေးငွေအရင်းအတိုးပေးဆပ်ရမည့် ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့က တာဝန်ရှိသူများ၏ ကြီးကြပ်မှုနှင့်အတူ ဖောင်းလင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၄၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

သန်းသန်းစိုး

# ဖာပွန်မြို့နယ် ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကွင်းဆင်းစစ်ဆေး

ဖာပွန် ဇန်နဝါရီ ၂၇

ကရင်ပြည်နယ် ဖာပွန်ခရိုင် ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ ဖာပွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်းလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကမမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁၇ သိန်း ထုတ်ချေးပေးထားကြောင်း ဖာပွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုသက်

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့

ခရီးသွားဆောင်းပါး

# ခင်နှင်းယု၏ မွေးဝတ္ထုထဲက မြို့ဝါးခယ်မ

သက်နိုင်(ပြင်ဦးလွင်)

ငွေဆောင်ကမ်းခြေခရီးစဉ်မှာ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းမြို့တွေကနေတစ်ဆင့် ဝါးခယ်မမြို့ကို သွားရောက်နေကြပါပြီ။ ဒါပေမဲ့ ပုံမှန်လမ်းကြောင်းဖြစ်တဲ့ ကျုံမငေးမြို့ကို ဖြတ်သွားရမဲ့အစား ခရီးတိုဖြတ်လမ်းကနေ မမေးမမြန်းမိဘဲ မောင်းနှင်လာမိတဲ့အတွက် လမ်းဆိုး၊ လမ်းကြမ်းတွေနဲ့ ကြုံတွေ့နေရတော့တယ်။ လမ်းရဲ့အခြေအနေက သာမန်ဆိုး၊ ကြမ်းတာမျိုးမဟုတ်ဘဲ အလွန်ဆိုးရွားနေလို့ ကားကိုတဖြည်းဖြည်းနဲ့ တစ်လှမ့်ချင်းမောင်းနေရတယ်။ ဒါကြောင့် ဝါးခယ်မမြို့အဝင်ကို အချိန်တွေကြန့်ကြာပြီးမှ ရောက်လာခဲ့ရတယ်။

ဝါးခယ်မမြို့အဝင်ကို ရောက်ရောက်ချင်း ညာဘက်လမ်းဘေးမှာ ဦးနုစာကြည့်တိုက်ဆိုတဲ့ အဆောက်အအုံကြီးတစ်ခုကို တွေ့လိုက်ရတာကြောင့် ကားကိုခဏရပ်လိုက်ပြီး စာကြည့်တိုက်ကို မှတ်တမ်းဓာတ်ပုံရိုက်ယူရင်း မြို့ခံစာရေးဆရာမဖြစ်တဲ့ ယဉ်ယဉ်(ရွှေခယ်မြေ)ကို ဖုန်းနဲ့ဆက်သွယ်လိုက်ရတယ်။ ဆရာမက သူ့အိမ်ရှိရာကိုရောက်အောင်လာခဲ့ပါ။ သူအိမ်မှာရှိနေပါတယ်ဆိုပြီး အိမ်ရှိရာကို ဖုန်းထဲကနေ လမ်းညွှန်ပြသနေတဲ့အတွက် ပြောပြတဲ့အတိုင်း သူ့အိမ်ရှိရာကို မောင်းနှင်သွားခဲ့ရတယ်။ ဒါပေမဲ့ လမ်းမှားမောင်းနှင်သွားခဲ့မိပြီး ဝါးခယ်မမြစ်နဲ့ မြစ်ကူးတံတားကြီးကိုကျော်ကာ ဝါးခယ်မမြို့က နှုတ်ခွန်းဆက်သပါ၏ဆိုတဲ့ အထွက်ဆိုင်းဘုတ်ကိုရောက်မှ လမ်းမှားနေတာကို သိရှိသွားလို့ နောက်ကြောင်းပြန်လှည့် မောင်းနှင်လာခဲ့ရတယ်။

ဒီလိုလမ်းမှား မောင်းနှင်မိတာက မိမိတို့အတွက် အကျိုးရှိသွားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဝါးခယ်မမြစ်ကူးတံတားကြီးပေါ်ကနေ ဒုတိယအကြိမ် မောင်းလာတဲ့အခါ ဝါးခယ်မမြစ်တစ်လျှောက်မှာ တည်ရှိနေတဲ့ ဝါးခယ်မမြို့ကြီးကို အပေါ်စီးကနေ ထင်ထင်ရှားရှား မြင်တွေ့ခွင့်ရလိုက်တာကြောင့် ဖြစ်ပါတယ်။ ပုံမှန်လမ်းကြောင်းမှန်အတိုင်း မြို့ခံဆရာမရှိတဲ့အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသွားမယ်ဆိုရင် ဒီအသိအမြင်ကို ရရှိကြမှာမဟုတ်ပါဘူး။ နောက်ပြန်လှည့် မောင်းနှင်လာရင်းနဲ့ လမ်းညွှန်ပြသထားတဲ့အတိုင်း အထက်တန်းကျောင်းတွေကို ကျော်ကာ စိုက်ပျိုးရေးရုံးတွေကိုဖြတ်ပြီး မြို့ခံစာရေးဆရာမရဲ့အိမ်ကို ရောက်လာခဲ့ရတယ်။ မြို့တွင်းလမ်းတွေကနေ မောင်းလာတဲ့အချိန်မှာ ဝါးခယ်မမြို့က အတော်အတန်ကြီးမားကျယ်ဝန်းစည်ကားတဲ့မြို့ကြီးတစ်မြို့ဆိုတာကို ထပ်မံသိရှိတွေ့မြင်လိုက်ရတယ်။

မြို့ခံစာရေးဆရာမ ယဉ်ယဉ်(ရွှေခယ်မြေ)ဆိုတာက မိမိနဲ့တစ်ကြိမ်တစ်ခါမှ တွေ့မြင်ကြုံဆုံရဖူးခြင်း မရှိသေးပါဘူး။ ဒါပေမဲ့ ဆရာမရေးသားထုတ်ဝေခဲ့တဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ်တစ်အုပ်မှာ မိမိက အမှာစာရေးသားပေးခဲ့ဖူးပါတယ်။ လူချင်းမတွေ့မမြင်ဖူးကြသေးပေမဲ့ ရင်းနှီးနေကြပြီးဖြစ်ပါတယ်။ ဒါကြောင့်လဲ ဆရာမက သူ့အိမ်ရှိရာကို မိမိတို့ခရီးဖော်အဖွဲ့တွေ ရောက်ရောက်ချင်း တစ်ခဏတာ စကားပြောနှုတ်ဆက်ကြအပြီး နေ့လယ်စာ ထမင်းစားကြရအောင် သူကိုယ်တိုင် ထမင်းဆိုင်မှာ လိုက်လံညှော်ခံကျွေးမွေးပါ့မယ်ဆိုပြီး ဖိတ်မန္တကပြုတောင်းဆိုလာပါတယ်။ ဒါပေမဲ့ မိမိက ဗိုက်မဆာကြသေးကြောင်း ငြင်းဆန်ပြောဆိုတဲ့အခါ "ဒါဆိုရင်လဲ ဝါးခယ်မမြို့ကိုရောက်တုန်းရောက်ခိုက် ဘုရားဖူးလိုက်ပို့ပေးမယ်" ဆိုပြီးဘုရားဖူးကြမဲ့အစီအစဉ်ကို သူကိုယ်တိုင်စီစဉ်ပါတော့တယ်။

ဝါးခယ်မမြို့မှာ ဘုရားဖူးကြရမယ်ဆိုတော့ မိမိရဲ့အထင်က မြို့တွင်းမြို့ပြင် တစ်နေရာရာကိုကားနဲ့ သွားကြရလိမ့်မယ်လို့ ထင်လိုက်မိတာပါ။ ဒါပေမဲ့ မိမိထင်မှတ်ထားသလိုမဟုတ်ဘဲ ဆရာမက မိမိတို့ခရီးဖော်အဖွဲ့တွေကို သူ့ရဲ့အိမ်နောက်ကို ဦးဆောင်ခေါ်သွားခဲ့တယ်။ ဆရာမနေထိုင်တဲ့အိမ်က ရှေးဟောင်းနှစ်ထပ်အိမ်ကြီးဖြစ်နေသလို ဗိုလ်တဲအိမ်ကြီးတစ်ခုလိုလို၊ ရှေးခေတ်အခါက အရေးပိုင်မင်းတွေ၊ မြို့အုပ်တွေ၊ ဝန်ထောက်တွေနေထိုင်ခဲ့တဲ့ အိမ်ကြီးအိမ်ကောင်းအဖြစ် တွေ့မြင်နေရတဲ့အပြင် အိမ်ခြံဝင်းကလဲ အလွန်ကျယ်ဝန်းနေတယ်။ အိမ်ကြီးရဲ့အနောက်ဘက်မှာရှိနေတဲ့ သစ်ပင်၊ ချုံနွယ်အုပ်အုပ်တွေကို ဖြတ်သန်းလျှောက်ခဲ့ကြပြီး မကြာခင်မှာ မြစ်ပြင်ကျယ်ကြီးတစ်ခုကို ဘွားခနဲမြင်တွေ့လိုက်ရသလို အိမ်ခြံဝင်းကြီးရဲ့ မလွယ်ပေါက်တံခါးတစ်ခုနဲ့



ခင်နှင်းယု၏ မွေးဝတ္ထုထဲက အိမ်ကြီးကို တွေ့ရစဉ်။

မြစ်ပြင်ရှိရာကို ထိုးထားတဲ့ သစ်သားတံတားငယ်လေးတစ်ခုကိုလဲ တွေ့မြင်လိုက်ရတယ်။ မြစ်ပြင်ကျယ်ကြီးရဲ့တစ်ဖက်ကမ်းမှာတော့ မီးခိုးခေါင်းတိုင်ရှည်ရှည်တွေ၊ ခေါင်းတိုင်ကထွက်နေတဲ့ မီးခိုးငွေ့တလူလူတွေ၊ စက်ရုံပုံသဏ္ဍာန် အဆောက်အအုံကြီးကြီးမားမားတွေကို တွေ့မြင်လိုက်ရပြန်တယ်။ ဆရာမရဲ့ပြောပြချက်အရ မြစ်ပြင်ကျယ်ကြီးက ဝါးခယ်မမြစ်ဖြစ်ပြီး တွေ့မြင်နေရတဲ့အဆောက်အအုံတွေက ဆန်စက်ကြီးတွေ၊ ပြုတ်ဆန်စက်တွေဖြစ်ကြောင်း သိလိုက်ရတယ်။

ဒီနေရာမှာ ပြုတ်ဆန်စက်ဆိုတာက နိုင်ငံတော်က အရန်အဖြစ်နဲ့ထားရှိတဲ့ ဆန်တွေကို တာရှည်အထားခံအောင်စက်နဲ့ပြုတ်ပြီး အခြောက်ခံကာ သိမ်းဆည်းထားတဲ့ဆန်တစ်မျိုးကို ပြောတာဖြစ်ပါတယ်။ ဝေးလံခေါင်ခက်တဲ့ မီးပြတိုက်နေရာတွေ၊ ကျွန်းတွေမှာအသုံးပြုခဲ့သလို နိုင်ငံအတွင်းမှာ အကြောင်းတစ်စုံတစ်ရာကြောင့် ဆန်ရေစပါးရှားပါးခဲ့ရင် ပြည်သူ၊ ပြည်သားတွေအတွက် အရန်သင့်ထားရှိထားတဲ့ဆန်ဖြစ်ပါတယ်။ ငယ်ရွယ်စဉ်တုန်းက ကျောင်းသင်ခန်းစာတွေထဲမှာ သင်ကြားခဲ့ရတဲ့ပြုတ်ဆန်စက်ကြီးတွေကို အခုခရီးမှာ မျက်ဝါးထင်ထင်တွေ့မြင်နေကြရပါပြီ။

မြို့ခံဆရာမရဲ့ အိမ်ခြံဝင်းအနောက် ဝါးခယ်မမြစ်ဘေးကိုရောက်ပြီး မကြာခင်မှာ သစ်သားတံတားထိပ်ကို စက်လှေတစ်စီး လာရောက်ဆိုက်ကပ်ပါတယ်။ ဆရာမက ဖုန်းဆက်အကြောင်းကြားခေါ်ယူလိုက်တာပါ။ ဆရာမရဲ့ ပြောကြားချက်အရ မြစ်တစ်ဖက်ကမ်းမှာရှိနေတဲ့ ရှေးဟောင်းသမိုင်းဝင် သော်ကပြည်လုံးချမ်းသာစေတီတော်မြတ်ကြီးရှိရာကို သွားရောက်ဖူးမြော်ကြမဲ့အကြောင်း သိလိုက်ရတယ်။ ဒီဘုရားကြီးကို မြို့ခံတွေက သော်ကဘုရားလို့သာ ခေါ်ဆိုနေကြတယ်။ စက်လှေရောက်လာတာနဲ့ တစ်ဖက်ကမ်းမှာရှိနေတဲ့ သော်ကဘုရားရှိရာကို စတင်ထွက်ခွာလာခဲ့ကြတယ်။ တောင်ပေါ်မြေကနေ ပင်လယ်ကမ်းခြေခရီးကို ကားနဲ့ထွက်ခွာလာခဲ့ကြပေမဲ့ ဝါးခယ်မမြို့ကိုရောက်တဲ့အခါ မထင်မှတ်ဘဲ ရေလမ်းခရီးမှာစက်လှေစီးနေကြရပါပြီ။ သော်ကဘုရားက ဝါးခယ်မမြို့အနီး မြစ်ရဲ့အောက်ဘက်မှာရှိနေတာကြောင့် စက်လှေကမြစ်ကြောင်းအတိုင်း စုန်ဆင်းခုတ်မောင်းနေရတယ်။ အစုန်ခရီးအတိုင်း ၂၅ မိနစ်လောက်အကြာမှာ သော်ကဘုရားဆိပ်ခံတံတားငယ်လေးမှာ စက်လှေက ဆိုက်ကပ်လိုက်ပါတယ်။ စက်လှေစီးရင်း မြစ်ကမ်းဘေးတစ်လျှောက် မြင်တွေ့နေရတဲ့မြင်ကွင်းတွေက ဝါးခယ်မမြို့ဘက်မှာ နေအိမ်တိုက်တာ အဆောက်အအုံတချို့တွေ၊ ထိုးထိုးထောင်ထောင်အုန်းပင်တွေ၊ အုပ်အုပ်ဆိုင်းဆိုင်း စိမ်းစိမ်းစိုစိုသစ်ပင်တွေပါ။ မျက်နှာချင်းဆိုင် တစ်ဖက်ကမ်းမှာတော့ စောစောက မြင်တွေ့ရပြီးဖြစ်တဲ့ ဆန်စက်ကြီးတွေ၊ ပြုတ်ဆန်စက်ကြီးတွေရှိနေကြတယ်။

စက်လှေက ဆိပ်ခံတံတားမှာဆိုက်ကပ်ပြီးတာနဲ့ ကွန်ကရစ်ခင်းလမ်းကလေးအတိုင်း သော်ကဘုရားရှိရာကို လမ်းလျှောက်သွားကြရတယ်။ လမ်းဘေးတစ်လျှောက် အုန်းပင်တွေ၊ ထန်းပင်တွေနဲ့ လယ်ကွင်းကြီးတွေရှိကြတာကို သတိပြုမိလိုက်တယ်။ သုံးဖာလုံလောက် ရှည်လျားမယ်လို့ထင်မှတ်ရတဲ့ ကွန်ကရစ်လမ်းအဆုံးမှာ သော်ကဘုရား၊ သော်ကစေတီတော်ကြီးကိုတွေ့မြင်ဖူးမြော်နေရတယ်။ လမ်းက ရှည်ရှည်လျားလျား တစ်ဖြောင့်တည်းဖြစ်နေတာကြောင့် စေတီတော်ကြီးကိုလဲ ထင်ထင်ရှားရှား တွေ့မြင်နေရတာပါ။

သော်ကဘုရားဝင်းထဲကိုရောက်တာနဲ့ အမိုးပါစောင်းတန်းကလေးအတိုင်း စေတီတော်ကြီးရှိရာကို ဆက်လက်သွားရောက်ကြရတယ်။ တကယ်တော့ သော်ကဘုရားဆိုတာ ရှေးဟောင်းစေတီကြီးတစ်ဆူပါ။ ဒေသခံတွေက စေတီတော်ကြီးလို့မခေါ်ဆိုကြဘဲ သော်ကဘုရားလို့သာ အလွယ်တကူခေါ်ဆိုနေကြတာဖြစ်ပါတယ်။ သော်ကဘုရားက ဝါးခယ်မမြို့နဲ့ မြစ်ကြီးတစ်ခုလုံး ခြားနေပေမဲ့ ဝါးခယ်မမြို့နယ်အတွင်းမှာရှိနေတယ်ဆိုတာကို သိလိုက်ရတယ်။ စေတီတော်ကို ဖူးမြော်အပြီး စေတီတော်ဝန်းကျင်မှာ ရှိနေသေးတဲ့ ရှေးဟောင်းသမိုင်းဝင် သိမ်တော်ကြီးတွေ၊ ရေတွင်းရေကန်ကြီးတွေကို လှေ့လာကြည့်ရှုကြရတယ်။ ဒီလိုလှေ့လာကြည့်ရှုနေကြရင်းနဲ့ စေတီတော်ရင်ပြင်တစ်နေရာအရောက်မှာ "မွေး၊ ယခုလို အချိန်သို့ရောက်ပြီဆိုလျှင် အတွတ်နှင့်မွေးတို့ အတူတကွမွေးဖွားခဲ့သော ဝါးခယ်မမြို့ပြင်ရှိ လယ်ကွက်များထဲတွင် စပါးစေ့လေးတို့သည် အိပ်ပျော်ရာမှ နိုးကြပေတော့မည်"ဆိုတဲ့ စာသားလေးနဲ့အတူ စာရေးဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ ဓာတ်ပုံ၊ ဓာတ်ပုံအောက်မှာလဲ စာရေးဆရာမကြီး ဒေါ်ခင်နှင်းယု (၁၉၂၅-၂၀၀၃)ဆိုပြီး ရေးသားဖော်ပြထားတဲ့ ကျောက်စာတိုင်တစ်ခုကို တွေ့မြင်နေရတယ်။ ကျောက်စာတိုင်ရဲ့ အခြားတစ်ဖက်မှာ ဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းကို ကြေးပြားချပ်ကြီးနဲ့ ရေးသားဖော်ပြထားတယ်။

ဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ မွေးဝတ္ထုကို မိမိတို့ငယ်ရွယ်စဉ်ကလေးဘဝကတည်းက ဖတ်ရှုထားခဲ့ရပြီး ဇာတ်ကောင်တွေဖြစ်တဲ့ အတွတ်နဲ့မွေးတို့ကိုလဲ ရင်းနှီးခဲ့ရတယ်။ ဒါပေမဲ့ ပြင်ဦးလွင်ဆိုတဲ့ တောင်ပေါ်မြေနဲ့ ဧရာဝတီမြစ်ဝကျွန်းပေါ်က ဝါးခယ်မမြို့တို့ ဝေးကွာနေခဲ့ရတယ်။ အခုအချိန်မှာတော့ အတွတ်နဲ့မွေးတို့ရဲ့ ဇာတိမြေကို ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့ရပါပြီ။ ဒ့ါပြင် ဆရာမယဉ်ယဉ်(ရွှေခယ်မြေ)က မွေးဝတ္ထုထဲမှာပါတဲ့ အိမ်ကြီးက မိမိတို့ခရီးဖော်အဖွဲ့တွေ စောစောကရောက်ခဲ့ကြတဲ့ သူတို့ရဲ့အိမ်ကြီးပဲဆိုတာကို သိလိုက်ရလို့ အံ့သြသွားခဲ့ရတယ်။ ဒါကြောင့် ဒီအိမ်ဝင်းကြီးကို ဝင်ရောက်လိုက်ပြီးကတည်းက ရောက်ဖူးသလိုလို၊ မြင်ဖူးသလိုလိုနဲ့ ရင်းနှီးနေတယ်ဆိုပြီး ထင်မှတ်နေမိခဲ့တာ အခုမှ မွေးဝတ္ထုထဲက အိမ်ကြီးဖြစ်နေမှန်းသိရတော့တယ်။

သော်ကဘုရားကနေအပြန်ခရီးမှာ အလာတုန်းက စက်လှေကပဲ ပြန်လည်ပို့ဆောင်ပေးပါတယ်။ အပြန်ခရီးက အဆန်ဖြစ်နေတာကြောင့် ၄၅ မိနစ်ကျော် ကြာမြင့်ခဲ့ပါတယ်။ ဘုရားအတွင်းမှာ ဖူးမြော်လည်ပတ်ခဲ့ကြတဲ့အချိန်နဲ့ မြစ်အတွင်းမှာ အသွား၊ အပြန် စက်လှေစီးရတဲ့အချိန် နှိုင်းယှဉ်ကြည့်လိုက်ရင် စက်လှေစီးရတဲ့အချိန်က ပိုမိုကြာမြင့်နေတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ခရီးစဉ်အတွင်းမှာ ထင်မှတ်မထားခဲ့ကြတဲ့ မြစ်ကြောင်းတွင်းစက်လှေခရီးပါဝင်လာခဲ့တာကြောင့် ခရီးဖော်တွေအားလုံးက ဝမ်းသာပျော်ရွှင်ကြရတယ်။ ဒ့ါပြင် နိုင်ငံကျော်စာရေးဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ ကျော်ကြားထင်ရှားခဲ့တဲ့ မွေးဝတ္ထုထဲက ဇာတ်ဝင်ခန်းနေရာတွေ၊ ဇာတ်ကောင်တွေရဲ့အိမ်၊ အတွတ်နဲ့မွေးတို့ အတူဖူးမြော်ခဲ့ကြတဲ့ သော်ကဘုရား စတဲ့နေရာတွေကို ရောက်ရှိတွေ့မြင်ခဲ့ကြရတာကြောင့် ပိုမိုဝမ်းသာဂုဏ်ယူကြရတယ်။

ဘုရားကနေပြန်လာအပြီး ဆရာမယဉ်ယဉ်(ရွှေခယ်မြေ)ရဲ့အိမ်ကိုရောက်တာနဲ့ ခြံဝင်းကြီးအတွင်း လှည့်လည်ကြည့်ရှုကြတာတွေ၊ မွေးဝတ္ထုထဲက အိမ်ကြီးနဲ့ အမှတ်တရဓာတ်ပုံရိုက်ကြတာတွေကို လုပ်ကြရတော့တယ်။ အိမ်ကြီးအတွင်းကို လှေ့လာကြည့်ရှုကြတဲ့အခါမှာလဲ နှစ်ပေါင်းများစွာ ကြာမြင့်နေပြီဖြစ်တဲ့တိုင်အောင် မပျက်မစီး မယိုမယွင်းသေးဘဲ အကောင်းအတိုင်း ကျန်ရှိနေတာကို မြင်တွေ့နေရတယ်။ ဆရာမက အိမ်အတွင်းမှာ ဧည့်ခံကျွေးမွေးရင်း အသင့်ချက်ဝါးခယ်မ မုန့်ဟင်းခါးထုပ်တွေနဲ့ မိမိအမှာစာရေးပေးထားတဲ့ ဝတ္ထုတိုပေါင်းချုပ်စာအုပ်တွေကို လက်ဆောင်အဖြစ် ပေးလိုက်ပြန်ပါတယ်။ ဒ့ါပြင် နေ့လယ်စာထမင်းစားကြဖို့ကိုလဲ ထပ်မံဖိတ်ခေါ်ပြောဆိုတယ်။ ဒါပေမဲ့ မိမိက အားနာတာနဲ့ ထပ်မံငြင်းဆန်လိုက်ရပြန်ပါတယ်။ ဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ မွေးဝတ္ထုထဲက ဝါးခယ်မမြို့ကို ရောက်ရှိလာကြရတာကိုပဲ ဝမ်းသာကြည်နူးနေကြရပါပြီ။ ဆရာမကြီးကို နှုတ်ဆက်ကြပြီး မြောင်းမြမြို့ဆက်ကြပါမယ်။

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံမတ်ပဲ ဧက ၁၉၄၄၀ စိုက်ပျိုးပြီးစီး



**ရေဦး ဇန်နဝါရီ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံမတ်ပဲ ဧက ၁၉၄၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၀၇၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၉၄၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ မတ်ပဲ ၂၀၇၅၅ ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၄၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ဖို့ နည်းလမ်းတွေကိုလဲ မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မတ်ပဲစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး စသည့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မတ်ပဲသီးနှံများကို အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံနိုင်သည့်အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်သောကြောင့် မတ်ပဲသီးနှံများ အထွက်နှုန်း တိုးတက်စေရေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# သာပေါင်းမြို့နယ် ဒလယ်အက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သာပေါင်း ဇန်နဝါရီ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒလယ်အက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၂၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ သာပေါင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်နွယ်က ဒလယ်အက်ကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်း၏အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒလယ်အက်ကျေးရွာရှိမြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၉၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဒလယ်အက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၇၁ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် သိန်း ၉၀၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ် ၂၄ သိန်း၊ ရေလုပ်ငန်း လုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် ငါးသိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၉၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နွဲ့ယဉ်**












## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာနေ ဒေါ်ဆန်းဆန်းဝင်း (ဘ) ဦးညွန့်မောင်(၉/ပသက(နိုင်)၀၀၂၉၈၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံကျေးရွာအတွင်းရှိ ရွှေစာရံရွာမြေ (၄၉ x ၃၀)ပေ အကျယ်အဝန်းရှိ အိမ်မြေကွက်နှင့် (၄၅ x ၄၆) ပေ၊ (၅၅ x ၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်(၂)ဝိုင်းဆက် အရှေ့အနောက် (၆၀)ပေနှင့် တောင်မြောက် (၈၀)ပေ အကျယ်အဝန်းရှိ ရွာမြေနှင့် မြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် ပေါက်ရောက်သစ်ပင်ဝင်းခြံအကာအရံတို့နှင့်တကွ ပိုင်ဆိုင်အသုံးချ အကျိုးခံစားခွင့် အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သူ ဒေါ်ဆန်းဆန်းဝင်း (ဘ) ဦးညွန့်မောင် (၉/ပသက(နိုင်)၀၀၂၉၈၅)မှ ယနေ့အချိန်ထိ ဒေါ်ဆန်းဆန်းဝင်း တစ်ဦးတည်း လက်ရှိထားနေထိုင်ပိုင်ဆိုင်လျက်ရှိသော မြေကွက်များဖြစ်ပါကြောင်းနှင့် ဒေါ်ဆန်းဆန်းဝင်းနှင့် ခင်ပွန်းဖြစ်သူ ဦးအေးဝင်းတို့မှ မွေးဖွားသော သားသမီး (၄)ဦး ဖြစ်ကြသည့် မမြမြဦး၊ မပပမယ်၊ ကိုအောင်ဆန်းဦး၊ ကိုလှခိုင်တို့အား ၎င်းမြေကွက်နှင့် ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်းများ လုံးဝမရှိပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အဆိုပါမြေကွက်များနှင့်ပတ်သက်၍ ကျွန်ုပ်၏အမှုသည် ဒေါ်ဆန်းဆန်းဝင်း၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မြေကွက်များအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လွှဲပြောင်းခြင်း၊ အာမခံအဖြစ်ထားရှိခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ တရားမကြောင်းအရလည်းကောင်း၊ ရာဇဝတ်ကြောင်းအရလည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| ဒေါ်ဆန်းဆန်းဝင်း (ဘ) ဦးညွန့်မောင် | ဒေါ်ညိုဇင်ထွန်း(LL.B) |
| (၉/ပသက(နိုင်)၀၀၂၉၈၅) | တရားလွှတ်တော်ရှေ့နေ |
| | လမ်း (၇၀)၊ ၃၀x၃၁ လမ်းကြား၊ |
| | ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ |
| | ၀၉-၇၉၆၂၉၉၁၄၅၊ ၀၉-၉၇၄၈၂၆၂၆၈ |




## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၈ လမ်း၊ ၇၂ x ၇၃ ကြား၊ ဦးသာရင်(ဖုန်း 02-2844475)နှင့် ဦးမိုးကျော်အောင်(02-2844458)တို့၏ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် မြန်မာ့ဆက်သွယ်ရေးရုံးတွင် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးဝင်းမြင့်
(၁၂/လမတ(နိုင်)၀၁၀၉၉၂)
ကိုင်းတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။









## ပျောက်ဆုံးကြောင်း

အောင်မြေသာစံမြို့နယ်၊ အကွက်(၈၅) မင်းတဲအီကင်းရပ်ကွက်နေ မဇင်မာအောင် (ဘ) ဦးဌေးအောင်(၉/အမဇ(နိုင်)၀၂၇၆၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-772535)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၉၆၄၆၃၅၀

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**အဖိုးတန်ရေချိုကို ချွေတာပါ**

❖ လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလို...

❖ နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကိုလေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံသားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်း လက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ဒဂုံစတားအသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ



ဒဂုံစတားအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**ရန်ကုန် ဇန်နဝါရီ ၂၇**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ဒဂုံစတားအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဒဂုံစတားအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံး ဂိုးသွင်းခွင့် အခွင့်အရေးအချို့ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ပထမပိုင်းတွင် ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် နှစ်သင်းစလုံး တိုက်စစ်မြှင့်တင်ဖိအားပေးကစားလာမှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၅၅ မိနစ်တွင် စွမ်းထက်က ဒဂုံစတားအသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း

စာမျက်နှာ ၂၀ ကော်လံ ၄ ☆

## တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကော့သောင်းမြို့ ဇာဒက်ကြီးကျွန်းနှင့် အနီးဝန်းကျင်မှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

စာမျက်နှာ- ၁၉

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၁) MICC-1 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားကျင်းပမည့် နေရာကန့်သတ်ချက်အရ သတင်းမီဒီယာသမားဦးရေကို A Zone၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် သတင်းမီဒီယာများအနေဖြင့် သတင်းမီဒီယာတစ်ခုလျှင် နှစ်ဦးနှုန်းဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါ၍ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနအမည် စသည့် သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကို ဖြည့်စွက်ကာ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှုပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ(နေပြည်တော်)၊၀၆၇-၃၄၁၂၁၄၃ iprd.crd.npt@gmail.com၊ (ရန်ကုန်) ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ဇန်နဝါရီ ၃၁ ရက်အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

စာမျက်နှာ- ၂၀

SIN MINN
ဆင်မင်းဘိလပ်မြေစက်ရုံအုပ်စု
SINMINN CEMENT FACTORY GROUP
အရည်အသွေးမှာထိပ်ဆင်မင်းတံဆိပ်ဘိလပ်မြေ
ISO 9001 : 2015
CERTIFICATE NO.TH011875
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၅၅၀၅၄၄၃၊ ၀၉ ၆၆၇၅၄၄၄၀၉၊ ၀၉ ၆၆၁၃၆၆၁၄၀
E-Mail : scfg.kyaukse@gmail.com

